Dynasty Books



# နှစ်ဆယ့်တစ်ရာစု နှင့် ဗုဒ္ဓတရားတော်

ဦးသန်းထွန်း(ရွှေဘို)

ဓမ္မအလင်းသစ်-ဓမ္မရသစာစု က စီစဉ်သည်။

စာဖတ်သူများအတွက်
ကျွန်တော်တို့ အကောင်းဆုံးကြိုးစားနေပါတယ်။

*We are trying our best for our readers.*

Dynasty
**Books**

No. 188, 38th Street, Kyauktada Township,
Yangon, Myanmar. phone 951 - 384219

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၂၀၇၃၈၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၂၀၆၆၂၁၁၀၇ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၇၊ |
| အုပ်ရေ | ၁၀၀၀ |
| စာတည်းဖြတ်သူ | ဦးသိန်းမြင့် (မောင်နွယ်နှောင်း) |
| မျက်နှာဖုံးနှင့် အတွင်းဖွဲ့စည်းမှု | Dynasty Media House |
| ထုတ်ဝေသူ | ဦးကျော်ဆန်း၊ ရဲအောင်စာပေတိုက်၊ ၂ / ၅၂၂၈ ၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးမျိုးမြင့်၊ ပွင့်သစ်အော့ဖ်ဆက်၊ ၁၀၉၊ ၄၉ လမ်း၊ ၁-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ဝင်းပပ စာအုပ်ချုပ်လုပ်ငန်း။ အမှတ် ၁၉၅၊ ဗိုလ်တစ်ထောင်ဈေးလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | မိုးကျော်သူစာပေ အမှတ် ၁၈၈၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၄၂၁၉။ |
| အထက်မြန်မာပြည် ဖြန့်ချိရေး | ထွန်းဦးစာပေ နှင့် နဂါးစာပေ |
| တန်ဖိုး | ၁၅၀၀-ကျပ် |



# နှစ်ဆယ်တစ်ရာစု နှင့် ဗုဒ္ဓတရားတော်

ဦးသန်းထွန်း(ရွှေဘို)



## စာရေးသူ၏ အကြောင်း

# ဦးသန်းထွန်း(ရွှေဘို)

ရွှေဘိုမြို့၊ မင်းရပ်နေ
ဦးစိန်+ဒေါ်နှင်းရီတို့မှ
၁၉၃၉-ခုနှစ်တွင် ဖွားမြင်သည်။
ရွှေဘိုမြို့ ဒေါ်ညီမ မူလတန်းကျောင်း၊
ချမ်းသာကြီးအလွတ်ပညာသင်ကျောင်း၊
အမှတ် ၂-အခြေခံပညာ အထက်တန်းကျောင်း၊
အမှတ် ၁-အခြေခံပညာအထက်တန်းကျောင်းတို့တွင်
ပညာသင်ယူခဲ့သည်။ ၁၉၅၇-ခုနှစ်တွင် ၁၀-တန်းအောင်မြင်သည်။
မန္တလေးတက္ကသိုလ် ဥပစာတန်းတွင် ဗုဒ္ဓကျမ်းစာဘာသာရပ်ဖြင့်
ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၆၁-ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိသည်။
၁၉၆၃-ခုနှစ်တွင် ရွှေဘိုမြို့ လူငယ်ဖွံ့ဖြိုးရေးစခန်းကို စတင်
တည်ထောင်ပြီး၊ ယခုအထိ ကျောင်းအုပ်ကြီးအဖြစ်
ဆောင်ရွက်လျှက်ရှိသည်။ ၁၉၆၀-ခုနှစ်မှ စတင်၍
စာပေများ ရေးသားခဲ့ရာ ယနေ့အထိ
လုံးချင်းစာအုပ်ပေါင်း ၄၆-အုပ်နှင့်
ဆောင်းပါးပုဒ်ရေ ၅၀၀-ကျော်
ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။
၎င်းတို့အနက် 'ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ'၊
'ဘုရားရှိဝါဒ၊ ဘုရားမဲ့ဝါဒနှင့် ဗုဒ္ဓဝါဒ'၊
'အသောကနှင့် သူ၏ ဓမ္မဝါဒ'၊ 'ဒိဋ္ဌလူသား'၊
'ပုဂံအကြိုသမိုင်းခြေရာများ'၊ 'ကမ္ဘာကြီးမောဟိုက်ခြင်း'

ကျောင်းကန်ဘုရားများ ခံညားထည်ဝါစွာ တည်ဆောက်ထားသော်လည်း
လူတွေက မြတ်စွာဘုရား၏ အဆုံးအမကို မလိုက်နာမကျင့်ကြံဘဲ
တောင်တောင်အီအီတွေကို ဗုဒ္ဓတရားအမည်ခံပြီး လုပ်နေကြလျှင်၊
ရဟန်းသံဃာများကလည်း ပရိယတ္တိ၊ ပဋိပတ္တိကို အားထုတ်ခြင်း မပြုဘဲ
လာဘ်လာဘပေါ်များရေးနှင့် ပေါ်ပင်လုပ်ငန်းတွေကိုသာလုပ်နေကြလျှင်၊
သာသနာ၏ အနာဂတ်မျိုးဆက်ဖြစ်သော လူငယ်နှင့် ကလေးသူငယ်များအား
ဗုဒ္ဓအဆုံးအမကို ခြေခြေမြစ်မြစ် သင်ကြားလေ့ကျင့်ပေးခြင်း မရှိလျှင်၊
ထိုဒေသတွင် ဗုဒ္ဓသာသနာ ကွယ်လေတော့သည်။
ကွယ်ခဲ့တာတွေလည်းများပြီ။

---

စသော စာအုပ်များ ထင်ရှားသည်။ သီတဂူ ဆရာတော်၏
'ငြိမ်းချမ်းရေး မြစ်နဒီ'စာအုပ်၊ မြိုင်ကြီးငူဆရာတော်၏
'ဓမ္မစကြာအမေးအဖြေ'၊ 'မင်္ဂလသုတ်အမေးအဖြေ'
စာအုပ်များကို အင်္ဂလိပ်ဘာသာပြန်ဆို ထုတ်ဝေပြီးဖြစ်သည်။
မန္တလေးရတနာပုံတက္ကသိုလ်မှ 'မလေးလေးမြင့်' ဝိဇ္ဇာဘွဲ့(ပထဝီဝင်) က
၂၀၀၅-ခုနှစ်၊ နိုဝင်ဘာလတွင် 'ဦးသန်းထွန်း (ရွှေဘို)' စာစုစာရင်း
(၁၉၆၁-ခုနှစ်မှ ၂၀၀၄-ခုနှစ်အထိ) ကျမ်းဖြင့် စာကြည့်တိုက်လုပ်ငန်း
ကျွမ်းကျင်မှု ဘွဲ့လွန်ဒီပလိုမာ (P.G.D.L.T.S) ကို ရယူခဲ့သည်။ ယနေ့အထိ
နှစ်ပေါင်း ၅၀-ခန့်တွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊
ဘွဲ့ရဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့ယူကျမ်းပြုသူများအား
အင်္ဂလိပ်စာနှင့် သမိုင်းဘာသာရပ်များ သင်ကြားပေးခဲ့သည်။
ရွှေဘိုမြို့ ရွှေပုံရတနာနန်းတော်တည်ဆောက်ရေး သမိုင်းအကြံပေးပုဂ္ဂိုလ်၊
ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) ပညာရေးအဖွဲ့ဝင်အဖြစ်
ဆောင်ရွက်လျက်ရှိသည်။ ဦးသန်းထွန်း(ရွှေဘို)အား နိုင်ငံတော်မှ
၁၉၉၈-ခုနှစ် တွင် တစ်ကြိမ်၊ ၂၀၀၁-ခုနှစ်တွင် တစ်ကြိမ်
လူမှုထူးချွန်ဆုတံဆိပ်များ ချီးမြှင့်ခဲ့သည်။ ဦးသန်းထွန်း(ရွှေဘို)၏
စာပေများနှင့် တွေ့ဆုံမေးမြန်းချက်များကို မြန်မာ့ရုပ်မြင်သံကြား၊
မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံတို့မှ အကြိမ်ကြိမ်
ထုတ်လွှင့်ပြသပေးခဲ့ပါသည်။ ဦးသန်းထွန်း(ရွှေဘို)သည်
ရွှေဘိုမြို့၊ လူငယ်ဖွံ့ဖြိုးရေးစခန်းတွင် နေထိုင်ပြီး စာပေများ
ဆက်လက် ရေးသားလျက်ရှိသည်။◈



A *17th–18th*-century representation of the *bodhi tree* under which the Buddha gained enlightenment, from Ayutthaya, Myanmar.
**[Source: The vision of the Buddha by Tom Lowenstein]**



A *7th–8th*-century *wheel* from Thailand represents *the turning wheel of dhamma*.
**[Source: The vision of the Buddha by Tom Lowenstein]**

# အလင်းခေတ်

ယနေ့ခေတ်သည် သိပ္ပံနှင့် နည်းပညာ ထွန်းကားသော ခေတ်ဖြစ်သည်။ သတင်းနည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာများကြောင့် ကမ္ဘာသည်လည်း ကျုံ့လာလေပြီ။ ပညာရှင်တို့က ဤအခြင်းအရာကို **'ကမ္ဘာ့ရွာ'** ဟု ခေါ်ကြ၏။ ရွာတစ်ရွာထဲမှာ ဖြစ်ပျက်တာကို တစ်ရွာလုံး ချက်ချင်းသိကြသကဲ့သို့ ကမ္ဘာ့ဒေသအသီးသီးတွင် ယနေ့ဖြစ်တာကို နေ့မကူးဘဲ ယနေ့ပင် သိနိုင်ကြပြီ။

ကမ္ဘာတွင် နေ့စဉ်နှင့်အမျှ နာရီမိနစ်မလပ်ပင် ရုပ်မြင်သံကြားတွေ၊ ရေဒီယိုတွေ ထုတ်လွှင့်နေကြသည်။ နေ့စဉ်ထုတ်၊ အပတ်စဉ်ထုတ်၊ လစဉ်ထုတ်၊ တစ်နှစ်တစ်ကြိမ်ထုတ်နှင့် အခါအားလျော်စွာ ထုတ်ဝေကြသော စာနယ်ဇင်းများမှာ ဖတ်လို့မှတ်လို့ မနိုင်နိုင်အောင်ရှိကြ၏။ (မြန်မာနိုင်ငံမှာပင် ဂျာနယ်ပေါင်း ၁၀၀-ကျော်ရှိသည်ဟု သိရ၏။)

ထိုကဲ့သို့ သတင်းဆက်သွယ်ရေးနည်းပညာ (ICT) တိုးတက်မှုများကြောင့် ကမ္ဘာ့လူသားတို့သည် အသိအမြင် ဗဟုသုတတွေ တိုးလာသည်မှာ သေချာပေသည်။ လွန်ခဲ့သော နှစ် ၅၀-က လူတွေနှင့် ယနေ့ခေတ် လူတွေသည် အတွေ့အကြုံချင်း၊ အသိအမြင်ချင်း မတူကြတော့ပေ။

**ယနေ့ခေတ် လူသည် အရာရာကို စူးစမ်းလေ့လာစိတ် ထက်သန်နေသည်။ စူးစမ်းလေ့လာပြီး ဆင်ခြင်တွေးတောပြီးမှ ယုံသင့်တာကို ယုံမည်၊ ပယ်သင့်တာကို ပယ်မည်၊ လက်ခံသင့်တာကို လက်ခံမည်။**

တစ်နည်းဆိုရလျှင် သူပြောလူပြောတွေ မဟုတ်ဘဲ ကိုယ်တိုင်ထိတွေ့မှု၊ လေ့လာစူးစမ်းမှု၊ ဆင်ခြင်တွေးတောမှုအားဖြင့်သာလျှင် အမှန်ကို ရှာဖွေလာကြခြင်းဖြစ်၏။ ရှေးယခင်ခေတ်တွေတုန်းကတော့ လူကြီးသူမ ပြောတာတွေ၊ ဆရာသမားပြောတာတွေ၊ ကျမ်းလာပေထွက်တွေကို မျက်စိမှိတ်ပြီး ယုံလိုက်ကြ၏။ ကိုယ်တိုင် စဉ်းစားဉာဏ် ကိုယ်ပိုင်ဉာဏ်ကို မသုံးကြပေ။

ဤနေရာတွင် ဗုဒ္ဓမြတ်စွာဘုရားက ကာလာမရွာသားများအား ဟောကြားချက်ကို သတိရဖွယ်ဖြစ်ပေ၏။ မြတ်စွာဘုရားက **"သူပြောလူပြောမို့လည်း မယုံနှင့်၊ ဆရာသမားစကားဖြစ်၍လည်း မယုံနှင့်၊ သက်ကြီးစကားဖြစ်၍လည်း မယုံနှင့်၊ ကျမ်းစာထဲပါလို့လည်း မယုံနှင့်။ တရားတစ်ခုကို ကိုယ်တိုင် လေ့လာစမ်းသပ်ပြီး မှန်ကြောင်းကိုတွေ့ရမှ ယုံကြရန် လမ်းညွှန်ခဲ့သည်။ ထိုကဲ့သို့ လေ့လာစူးစမ်းရာတွင် မြတ်စွာဘုရားသည် မိမိ၏ တရားကိုလည်း ခြွင်းချက် မထားခဲ့ပေ။ ရွှေကို မီးဖြင့် စစ်ဆေးသကဲ့သို့ ငါ၏တရားကိုလည်း စမ်းသပ်စစ်ဆေးကြည့်ရမည်"**ဟု ဟောကြားခဲ့သည်။

ဗုဒ္ဓ၏တရားသည် **'ဝိဘဇ္ဇဝါဒ' (=ပိုင်းခြားဝေဖန်ကြည့်ရသော ဝါဒ)** ဖြစ်၏။ တစ်နည်းဆိုလျှင် ဉာဏ်ဖြင့်ယှဉ်၍ ပြုရခြင်းဖြစ်၏။ ဉာဏ်မပါဘဲ ပြုရသော အလုပ်ဟူ၍ ဗုဒ္ဓတရားတွင် တစ်ခုမျှမရှိပေ။ ဗုဒ္ဓတရားသည် ဉာဏ်ဖြင့်စပြီး ဉာဏ်ဖြင့်ဆုံးလေသည်။ ဉာဏ် (=ဗုဒ္ဓိ) အလင်းထွန်းပေါက်သွားသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် 'ဗုဒ္ဓ' ဟု ဘွဲ့တပ်ရခြင်းဖြစ်လေသည်။ **ဗုဒ္ဓမြတ်စွာဘုရားသည် လူတို့၏ အသိဉာဏ်ရှာဖွေမှုကို မပိတ်ပင်သည့်အပြင် အားပေးလေသည်။ မဂ်လသုတ်တွင် အကြားအမြင် ဗဟုသုတများခြင်းကို မင်္ဂလာတစ်ပါးဟု ဟောတော်မူသည်။** ဗုဒ္ဓတရားသည် လူတို့၏ ဉာဏ်ပွင့်ထွန်းရေးကို အဓိကထားသည်။ အဝိဇ္ဇာမှိုင်းတိုက်သော ဝါဒမဟုတ်ပေ။

ယနေ့ခေတ်သည် ဗုဒ္ဓ၏ ဉာဏ်အဓိကသဘောတရားကို ထောက်ခံနေ၏။ ဉာဏ်(ဝိဇ္ဇာ)သည် အလင်းရောင်နှင့်တူသည်။ ဉာဏ်ကင်းမဲ့ခြင်း(အဝိဇ္ဇာ)သည် အမှောင်နှင့်တူသည်။ အလင်းနှင့်အမှောင်သည် အတူယှဉ်တွဲ၍ မရပေ။ တစ်ခုရောက်လျှင် တစ်ခုပျောက်ရသည်။ တစ်ခုကို တစ်ခုချေဖျက်သည်။

စဉ်စားဆင်ခြင်မှုမပါဘဲ ထိုပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့ ပြောတာကို ယုံကြည်ခြင်း၊ ကြောက်လို့ယုံရခြင်း၊ မျက်ကန်းယုံခြင်း စသည်တို့သည် အမှောင်ထုပင်ဖြစ်၏။

ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူစဉ်က ဗြာဟ္မဏတို့သည် ဝေဒကျမ်းတတ်များဖြစ်ကြ၏။ သူတို့က ဝေဒကျမ်းကို သူတစ်ပါးတွေ မသင်ရဟု ပိတ်ပင်ထားသည်။ သူတို့ပြောတာကိုသာ လူတွေအား ယုံစေသည်၊ လူတွေကို အဝိဇ္ဇာမှိုင်းတိုက်ထားသည်။ လောကသည် မှောင်မည်းလျက်ရှိ၏။

ထိုအခြေအနေတွင် ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းလာ၏။ မြတ်စွာဘုရားက အမှန်တရားဆိုသည်မှာ သူပြောလူပြောနှင့် ယုံကြည်ရမည် မဟုတ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ပြီး၊ လေ့လာစမ်းသပ်ပြီး မှန်ကန်ကြောင်း တွေ့ရမှ လက်ခံရမည်ဖြစ်ကြောင်း၊ မိမိ၏ လွတ်မြောက်ကြောင်းကို မိမိကိုယ်တိုင် အားထုတ်ရမည်ဖြစ်ကြောင်း၊ အခြား မည်သည့်တန်ခိုးရှင်ကမျှ (ဗုဒ္ဓအပါအဝင်) လူတို့အား လွတ်မြောက်အောင် လုပ်မပေးနိုင်ကြောင်း၊ ဗုဒ္ဓသည် နည်းမှန်လမ်းမှန်ကို ညွှန်ပြပေးသူသာဖြစ်ကြောင်း၊ ထိုနည်းလမ်းအတိုင်း မိမိတို့ကိုယ်တိုင် ကျင်ကြံအားထုတ်မှ လွတ်မြောက်ခြင်း အရသာကို ခံစားကြရမည်ဖြစ်ကြောင်းဖြင့် 'ဉာဏ်အလင်းခေတ်'ကို ဖွင့်လှစ်ပေးလိုက်လေသည်။

## အမှောင်ခေတ်

လူတို့သည် အသိဉာဏ် မပွင့်ထွန်းသေးသော အမှောင်ခေတ်ကြီးကို ဖြတ်သန်းခဲ့ရ၏။ ထိုခေတ်ကမူ လူနှင့် လောက၏ အခြင်းအရာမှန်သမျှသည် လောက၏ အပြင်ဘက်ရှိ တန်ခိုးရှင် (သို့မဟုတ် တန်ခိုးရှင်များ)က ဖန်တီးခြင်းအဖြစ် ယူဆယုံကြည်ခဲ့ကြ၏။ သို့အတွက် အဆိုပါတန်ခိုးရှင်(များ)အား ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် ကိုးကွယ်ခဲ့ကြ၏။

လူ့လောကတွင် သဘာဝဘေးအန္တရာယ်များဖြစ်သော မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ တော်လဲခြင်း၊ ဥက္ကာပျံခြင်း၊ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ရောဂါဖြစ်ပွားခြင်း၊ စသည်တို့အပြင် လူ၏ ပယောဂကြောင့်ဖြစ်ရသော စစ်ဖြစ်ခြင်း၊ မင်းပြောင်းမင်းလွဲဖြစ်ခြင်း၊ တိုင်းပြည်ပျက်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း စသည်တို့သည်လည်း ပြင်ပမှ မမြင်ရသော တန်ခိုးရှင်တို့ကြောင့် ဖြစ်ရသည်ဟုလည်းကောင်း၊ သာယာဝပြောခြင်း၊ ငြိမ်းချမ်းခြင်း၊ ရောဂါဘယကင်းခြင်း၊ မိုးလေဝသမှန်ခြင်း၊ သီးနှံအထွက်ကောင်းခြင်း စသည်တို့သည် တန်ခိုးရှင်တို့က မ,စ၍ဖြစ်ရသည်ဟုလည်းကောင်း ယုံကြည်ကြလေသည်။

**ပညာရှိ သုခမိန်ဆိုသူများ၊ နတ်ဆရာများ၊ ယစ်ဘုန်းကြီးများ၊ မှော်ဆရာများသည် မသိနားမလည်သော လူတွေကို ခြောက်လှန့်ပြီး ခေါင်းပုံဖြတ်စားကြ၏။ သူတို့မစွမ်းနိုင်သော ကိစ္စကြုံလာလျှင် တန်ခိုးရှင်နှင့် လှည့်ခြောက်ကြ၏။ ကပ်ရောဂါတစ်ခုကျရောက်လျှင် စုန်းကဝေတွေလုပ်လို့ဟု လွှဲချကြ၏။ သူတို့ မဖြေရှင်းနိုင်လျှင် နတ်တွေကို လက်ညှိုးထိုးပြကြ၏။ ထိုနတ်တွေ၊ ကဝေတွေ၊ စုန်းတွေကို မည်သူကသွားပြီး မေးမြန်းအတည်ပြုနိုင်ပါမည်နည်း။**

ဤနည်းအားဖြင့် ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် နတ်ကိုးကွယ်မှုနှင့် အထူးထူးသော ပူဇော်ပသမှုတွေ ပေါ်ထွန်းလာ၏။ အီဂျစ်၊ ဘေဘီလုံ၊ အဆီးရီးယား၊ ကောလ်ဒီယား၊ ဟစ်တိုက်၊ ကနန်း၊ ဖိနိရှန်း၊ အမော်ရိုက်၊ ဆူမားရီးယန်း၊ အယ်လာမိုက်၊ ကာသေ့၊ ရောမ၊ ဂရိ၊ မီးဒီး၊ ပါရှန်၊ အာရိယာန် စသော သမိုင်းခေတ်ဦးလူမျိုးများတွင် အသီးသီးသော ကိုးကွယ်ရာနတ်များရှိကြသည်။ ခရစ်ယာန်ဘာသာပေါ်ပြီး အလယ်ခေတ်ဥရောပတွင်လည်း မကောင်းဆိုးဝါးများကို ယုံကြည်ကြသည်၊ **အိန္ဒိယနိုင်ငံတစ်ခုတည်းမှာပင် နတ်ပေါင်း ၃၃–ကုဋေ ရှိသည်ဟု အဆိုရှိလေသည်။**

အဆိုပါ နတ်ဘုရားများ ကျေနပ်စေရန် လူကိုပင် သတ်၍ ပူဇော်ကြ၏၊ တိရစ္ဆာန်များကား ပြောဖို့မလိုတော့ပေ။ မရေတွက်နိုင်သော တိရစ္ဆာန်များ၏ သွေးဖြင့် ယစ်ပူဇော်ကြ၏။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ကောသလမင်းကြီးသည် ကြောက်လန့်ဖွယ်ကောင်းသော အိမ်မက်များ မြင်မက်သဖြင့် ဗြာဟ္မဏပုဏ္ဏားများအား မေးမြန်းရာ များပြားလှသော တိရစ္ဆာန်များအား သတ်၍ ပူဇော်ရန် တိုက်တွန်းကြသည်။ သတ်ရန်လှောင်ထားသော တိရစ္ဆာန်များ၏ အော်ဟစ်ညည်းညူသံကိုကြားရသော မိဖုရားကြီးက မြတ်စွာဘုရားထံ လျှောက်ထားမှ တရားဟောပြသောကြောင့် တိရစ္ဆာန်များ အသက်ချမ်းသာရာ ရကြလေသည်။

မြန်မာနိုင်ငံတွင်လည်း ပုဂံခေတ်မှစ၍ ကြက်ဝက်သတ်ပြီး နတ်ပူဇော်သော အလေ့အထထွန်းကားခဲ့သဖြင့် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းမင်းတရားတို့လက်ထက်တွင် ပိတ်ပင်ခဲ့ရလေသည်။

ရှေးဖားရိုးခေတ် အီဂျစ်ပြည်တွင် ဖားရိုးဘုရင်သေလွန်လျှင် သူ၏ အခြွေအရံ မိဖုရားမောင်းမများ၊ ကျွန်နွားမြင်း စသည့် သက်ရှိများနှင့် သက်မဲ့အသုံးအဆောင်များကို တမလွန်ဘဝတွင် အသုံးပြုရန်အတွက် ဘုရင့်အလောင်းနှင့်အတူ ပိရမစ်ကျောက်ဂူကြီးအတွင်းထည့်၍ မြှုပ်ကြလေသည်။ ဤသည်တို့ကား မသိမှုမှု အဝိဇ္ဇာဖုံးလွှမ်းသော အမှောင်ခေတ်၏ ပြယုဂ်များပင်။

# သဲသရာ

ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့၏ တူညီသော အခြေခံယုံကြည်မှုမှာ—

၁ လူတွင်သာမက တိရစ္ဆာန်များတွင်လည်း အသိစိတ်ရှိကြသည်။

၁ လူနှင့် တိရစ္ဆာန်တို့သည် အတိတ်ကံကြောင့် ယခုဘဝသို့ ရောက်လာကြရသည်။ သေလွန်သောအခါတွင်လည်း ဘဝများစွာ ဆက်လက်၍ ဖြစ်ရဦးမည်။

၃ လူသည် တိရစ္ဆာန်ဘဝသို့ ရောက်သွားနိုင်သလိုပင်၊ တိရစ္ဆာန်များလည်း သံသရာတွင် လူပြန်ဖြစ်နိုင်သည်။

၄ သို့အတွက်ကြောင့် တိရစ္ဆာန်များသည် လူနှင့် သံသရာခရီးဖော်များ ဖြစ်ကြသည်။

၅ ထို့ကြောင့် တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း မပြုသင့်ပေ။

ဗုဒ္ဓတရားအရ သက်ရှိဖြစ်သော လူနှင့် တိရစ္ဆာန်များအားသာမက သစ်ပင်၊ ရေ၊မြေ၊တောတောင်များကိုပင် 'အရိပ်နေနေ၊ အခက်ချိုးချိုး' မလုပ်ရပေ။ တိရစ္ဆာန်နှင့် သက်မဲ့ရေ၊မြေ၊တောတောင်များသည် လူအား ကြီးမားစွာ ကျေးဇူးပြုနေကြသည်။ လူတို့၏ အာဟာရအတွက်သာမက လူတို့၏ ပတ်ဝန်းကျင် သာယာစိုပြည်မှု၊ မိုးလေဝသမှန်ကန်မှုတို့အပြင် လူတို့၏ ကျန်းမာရေးအတွက် ဖော်စပ်သော ဆေးဝါးများမှာလည်း—

၁ သတ္တမူလ (=သက်ရှိတိရစ္ဆာန်များ)၊

၂ ရုက္ခမူလ (=သစ်ပင်ပန်းပင်များ)၊

၃ ဓာတုမူလ (=ရေ၊မြေ၊တော၊တောင် ဓာတ်သတ္တုများ) မှ ထုတ်ယူရရှိခြင်းဖြစ်သည်။

လူတွေ နေထိုင်ရန် အဆောက်အအုံများဆောက်ဖို့ သစ်၊ဝါး၊ကြိမ်၊ထုံး၊သဲ၊ အုတ်၊သံ၊ဘိလပ်မြေ စသည်တို့သည်လည်း သဘာဝက ပေးလေသည်။ သို့ဖြစ်ခြင်းကြောင့် သက်ရှိသက်မဲ့ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထား ထိန်းသိမ်းကြရမည်ဖြစ်လေသည်။

## ခေတ်ရေစီးပြေး

လွန်ခဲ့သော နှစ် ၂၅၀၀-ကျော်က ဟောကြားခဲ့သော ဗုဒ္ဓတရားသည် 'ကြာလေကောင်းလေ၊ ဟောင်းလေသစ်လေ' ဖြစ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးအယူအဆသည်လည်း သာဓကတစ်ရပ်ပင်ဖြစ်သည်။ ယနေ့ ခေတ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Ecology) ဘာသာရပ်များကို အထူး အလေးထား လေ့လာပြောဆိုနေကြသည်။

လူတို့က ပတ်ဝန်းကျင်ကို အဆင်ခြင်မဲ့ ဖျက်ဆီးခဲ့ကြခြင်း၏ ဒဏ်ကို ယနေ့ လူတွေခံကြရပြီ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ သဲကန္တာရဖြစ်ခြင်း စသော သဘာဝ ဖောက်ပြန်မှုတွေသည် ကမ္ဘာ့သစ်တောများ ပြုန်းတီးသွားခြင်း၏ ရလဒ်များ ဖြစ်၏။ လွန်ခဲ့သည့် နှစ်ရှစ်ထောင်က ပေါက်ခဲ့သော သစ်တောကြီးများသည် ယနေ့ ငါးပုံတစ်ပုံသာ ကျန်တော့သည်။ မိုးသစ်တောခေါ် တောကြီးများကား တစ်ဝက်သာ ကျန်တော့သည်။

ဤစာမူကို ရေးနေချိန်(၄-၁-၂၀၀၆)နှင့် (၅-၁-၂၀၀၆)တွင်ပင် သတင်း နှစ်ပုဒ်ကို ကြားရ၏။

ပထမသတင်းမှာ အင်ဒိုးနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် တောင်ပြိုပြီး တောင်အောက်ရှိ ရွာကိုပိသွားသဖြင့် လူနှစ်ရာကျော် သေရကြောင်းဖြစ်၏။ ဤကဲ့သို့ဖြစ်ရသည်မှာ လူတွေက သစ်တောတွေကို အရမ်း ခုတ်လှဲကြသော ကြောင့်ဖြစ်သည်ဟု သစ်တောစောင့်ကြည့်အဖွဲ့ကဆိုသည်။ ဂျာဗားတွင် ယခင် ရှိသော သစ်တော၏ ၁၁-ရာခိုင်နှုန်းသာ ကျန်တော့သည်ဟု သိရသည်။

ဒုတိယသတင်းကတော့ တရုတ်နိုင်ငံတွင် စက်ရုံနှင့် ဓာတုစက်ရုံများမှ ထွက်သော စွန့်ပစ္စည်းများကြောင့် မြစ်ရေတွေ ညစ်ညမ်းနေသော သတင်းပင် ဖြစ်သည်။

အလားတူ လူတို့၏ ရသတဏှာကြောင့် အခြားအစားအစာများရှိပါလျက် ရှားပါးတိရစ္ဆာန်များအား သတ်ဖြတ်စားသောက်ခြင်း၊ အလှအပနှင့် အကြွားအဝါ အတွက် အခြားသော အဝတ်အထည်တွေရှိပါလျက် တိရစ္ဆာန်ကလေးများ၏ သားရေ၊ သားမွေးတို့ဖြင့် ချုပ်လုပ်ဝတ်ဆင်ကြခြင်း၊ မိမိ၏ ပျော်ရွှင်မှုအတွက် တောလိုက်ခြင်း၊ တောပစ်ထွက်ခြင်း စသည်တို့ကြောင့် တိရစ္ဆာန်တွေ နေ့စဉ်နှင့် အမျှ မျိုးတုံးနေကြသည်။ မျိုးတုံးမည့် အန္တရာယ်ရှိနေသော (endangered species) ဖြစ်နေကြသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် တိရစ္ဆာန် ချစ်တတ်သူများက မျိုးမတုံးအောင် လှုံ့ဆော်ထိန်းသိမ်းနေကြရသည်။

အလားတူပင် ပင်လယ်,သမုဒ္ဒရာ,မြစ်,ချောင်း,အင်းအိုင်များလည်း လူတွေ စွန့်ပစ်လိုက်သော အညစ်အကြေး,အမှိုက်သရိုက်,လောင်စာဆီ စသည်ကြောင့် ညစ်ထေးနေပြီ။ စက်မှုလုပ်ငန်းများနှင့် ယာဉ်များမှ ထုတ်လွှတ်လိုက်သော မီးခိုးငွေ့၊ ဓာတ်ငွေ့များကြောင့် လေထုလည်း မသန့်ရှင်းတော့ပေ။

ယခုလို ကမ္ဘာ့ရေ,မြေ,တောတောင်နှင့် ရေထု,လေထုညစ်ညမ်းလာခြင်း (pollution) သည် ကမ္ဘာအား ခြိမ်းခြောက်လာနေပြီဖြစ်သဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးကပင် ကမ္ဘာ့ညီလာခံများ ကျင်းပပြီး ဆောင်ရွက်နေရသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း အမေရိကန်ပြည်ထောင်စု စသော စက်မှုထွန်းကားသည့်နိုင်ငံများက သူတို့၏ အကျိုးကို ရှေ့တန်းတင် စဉ်းစားနေကြသဖြင့် မီးခိုးငွေ့၊ ဓာတ်ငွေ့လျှော့ချရေးတွင် သဘောညီညွတ်မှု သိပ်မရဘဲဖြစ်နေရသည်။

ယနေ့ခေတ် လူသားသည် မြို့ကြီးပြကြီးများတွင်နေလာကြသဖြင့် သဘာဝတရားနှင့် အဆက်ပြတ်လာနေလေပြီ။ ပြည့်သိပ်၊ မွန်းကြပ်သော မြို့ပြများတွင် ကျဉ်းမြောင်းသော တိုက်အိမ်များအတွင်း နေထိုင်ရပြီး၊ နေထွက်မှနေဝင်အထိ စားဝတ်နေရေးနှင့် အပျော်အပါးတို့ဖြင့် အချိန်ကုန်ရသော မြို့ပြလူသားသည် သဘာဝ၏ အလှအပများကို ငေးကြည့် ခံစားရန် အချိန်မရှိတော့ပေ။ တိရစ္ဆာန်များကိုချစ်တတ်သော စိတ်လည်း ခေါင်းပါးလာသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်မှာ သဘာဝနှင့် လူတို့ သဟဇာတမျှဖို့ဖြစ်၏။ လူသည် သဘာဝ (သက်ရှိသက်မဲ့) ကို ချစ်မှသာ သဘာဝကို ထိန်းသိမ်းပေမည်။ ထိုသို့ ချစ်တတ်ရန်လည်း သဘာဝကိုကြည့်ဖို့၊ သဘာဝနှင့် အဆက်အသွယ်ရှိဖို့လိုပေသည်။ သဘာဝအကြောင်း မသိဘဲ၊ သဘာဝကို မချစ်ဘဲ သဘာဝကို ထိန်းသိမ်းရန် မဖြစ်နိုင်ပေ။

ဤနေရာတွင် ဗုဒ္ဓတရားသည် ခေတ်ကို ကြိုတင်သိမြင်ထားသော ခေတ်ရှေ့ပြေးတရားဖြစ်သည်။ ဗုဒ္ဓတရားက သဘာဝရေ,မြေ,တောတောင် သက်ရှိ,သက်မဲ့များအား ချစ်ရန် တန်ဖိုးထားရန် သွန်သင်ဆုံးမလေသည်။ တောအုပ်အတွင်း တစ်ကိုယ်တည်း တရားရှုမှတ်ပြီး ဉာဏ်အလင်းရခဲ့သော သူတော်ကောင်းတို့ ပေါ်ထွန်းခဲ့ပြီ။ တောအုပ်၏ ငြိမ်သက်အေးချမ်းမှုသည် လူ၏စိတ်ကို တည်ငြိမ်စေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် တရားရှာရန်အတွက် ထီးနန်းစည်းစိမ်ကို စွန့်ပယ်ပြီးလျှင် တောခရီးကို သွားခဲ့လေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်အစ၊ အလယ်၊ အဆုံး သုံးပါးစလုံးသည် တောအုပ်အတွင်းမှာ ဖြစ်ခဲ့၏။ ဗုဒ္ဓမြတ်စွာဘုရား ဖွားတော်မူခြင်း၊ ဘုရားအဖြစ်သို့ ရောက်ခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းတို့သည် တောအုပ်အတွင်းမှာဖြစ်လေသည်။

## ခေတ်ရေစီး‌ပြေး

လွန်ခဲ့သော နှစ် ၂၅၀၀-ကျော်က ဟောကြားခဲ့သော ဗုဒ္ဓတရားသည် 'ကြာလေကောင်းလေ၊ ဟောင်းလေသစ်လေ' ဖြစ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးအယူအဆသည်လည်း သာဓကတစ်ရပ်ပင်ဖြစ်သည်။ ယနေ့ ခေတ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Ecology) ဘာသာရပ်များကို အထူး အလေးထား လေ့လာပြောဆိုနေကြသည်။

လူတို့က ပတ်ဝန်းကျင်ကို အဆင်ခြင်မဲ့ ဖျက်ဆီးခဲ့ကြခြင်း၏ ဒဏ်ကို ယနေ့ လူတွေခံကြရပြီ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ သဲကန္တာရဖြစ်ခြင်း စသော သဘာဝ ဖောက်ပြန်မှုတွေသည် ကမ္ဘာ့သစ်တောများ ပြုန်းတီးသွားခြင်း၏ ရလဒ်များ ဖြစ်၏။ လွန်ခဲ့သည့် နှစ်ရှစ်ထောင်က ပေါက်ခဲ့သော သစ်တောကြီးများသည် ယနေ့ ငါးပုံတစ်ပုံသာ ကျန်တော့သည်။ မိုးသစ်တောခေါ် တောကြီးများကား တစ်ဝက်သာ ကျန်တော့သည်။

ဤစာမူကို ရေးနေချိန်(၄-၁-၂၀၀၆)နှင့် (၅-၁-၂၀၀၆)တွင်ပင် သတင်း နှစ်ပုဒ်ကို ကြားရ၏။

ပထမသတင်းမှာ အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် တောင်ပြိုပြီး တောင်အောက်ရှိ ရွာကိုပိသွားသဖြင့် လူနှစ်ရာကျော် သေရကြောင်းဖြစ်၏။ ဤကဲ့သို့ဖြစ်ရသည်မှာ လူတွေက သစ်တောတွေကို အရမ်း ခုတ်လှဲကြသော ကြောင့်ဖြစ်သည်ဟု သစ်တောစောင့်ကြည့်အဖွဲ့ကဆိုသည်။ ဂျာဗားတွင် ယခင် ရှိသော သစ်တော၏ ၁၁-ရာခိုင်နှုန်းသာ ကျန်တော့သည်ဟု သိရသည်။

ဒုတိယသတင်းကတော့ တရုတ်နိုင်ငံတွင် စက္ကူနှင့် ဓာတုစက်ရုံများမှ ထွက်သော စွန့်ပစ္စည်းများကြောင့် မြစ်ရေတွေ ညစ်ညမ်းနေသော သတင်းပင် ဖြစ်သည်။

အလားတူ လူတို့၏ ရသတဏှာကြောင့် အခြားအစားအစာများရှိပါလျက် ရှားပါးတိရစ္ဆာန်များအား သတ်ဖြတ်စားသောက်ခြင်း၊ အလှအပနှင့် အကြွားအဝါ အတွက် အခြားသော အဝတ်အထည်တွေရှိပါလျက် တိရစ္ဆာန်ကလေးများ၏ သားရေ၊ သားမွေးတို့ဖြင့် ချုပ်လုပ်ဝတ်ဆင်ကြခြင်း၊ မိမိ၏ ပျော်ရွှင်မှုအတွက် တောလိုက်ခြင်း၊ တောပစ်ထွက်ခြင်း စသည်တို့ကြောင့် တိရစ္ဆာန်တွေ နေ့စဉ်နှင့် အမျှ မျိုးတုံးနေကြသည်။ မျိုးတုံးမည့် အန္တရာယ်ရှိနေသော (endangered species) ဖြစ်နေကြသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် တိရစ္ဆာန် ချစ်တတ်သူများက မျိုးမတုံးအောင် လှုံ့ဆော်ထိန်းသိမ်းနေကြရသည်။

အလားတူပင် ပင်လယ်,သမုဒ္ဒရာ,မြစ်,ချောင်း,အင်းအိုင်များလည်း လူတွေစွန့်ပစ်လိုက်သော အညစ်အကြေး,အမှိုက်သရိုက်,လောင်စာဆီ စသည်ကြောင့် ညစ်ထေးနေပြီ။ စက်မှုလုပ်ငန်းများနှင့် ယာဉ်များမှ ထုတ်လွှတ်လိုက်သော မီးခိုးငွေ့၊ ဓာတ်ငွေ့များကြောင့် လေထုလည်း မသန့်ရှင်းတော့ပေ။

ယခုလို ကမ္ဘာ့ရေ,မြေ,တောတောင်နှင့် ရေထု,လေထုညစ်ညမ်းလာခြင်း (pollution) သည် ကမ္ဘာအား ခြိမ်းခြောက်လာနေပြီဖြစ်သဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးကပင် ကမ္ဘာ့ညီလာခံများ ကျင်းပပြီး ဆောင်ရွက်နေရသည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း အမေရိကန်ပြည်ထောင်စု စသော စက်မှုထွန်းကားသည့်နိုင်ငံများက သူတို့၏ အကျိုးကို ရှေ့တန်းတင် စဉ်းစားနေကြသဖြင့် မီးခိုးငွေ့၊ ဓာတ်ငွေ့လျှော့ချရေးတွင် သဘောညီညွတ်မှု သိပ်မရဘဲဖြစ်နေရသည်။

ယနေ့ခေတ် လူသားသည် မြို့ကြီးပြကြီးများတွင်နေလာကြသဖြင့် သဘာဝတရားနှင့် အဆက်ပြတ်လာနေလေပြီ။ ပြည့်သိပ်၊ မွန်းကြပ်သော မြို့ပြများတွင် ကျဉ်းမြောင်းသော တိုက်အိမ်များအတွင်း နေထိုင်ရပြီး၊ နေထွက်မှနေဝင်အထိ စားဝတ်နေရေးနှင့် အပျော်အပါးတို့ဖြင့် အချိန်ကုန်ရသော မြို့ပြလူသားသည် သဘာဝ၏ အလှအပများကို ငေးကြည့် ခံစားရန် အချိန်မရှိတော့ပေ။ တိရစ္ဆာန်များကိုချစ်တတ်သော စိတ်လည်း ခေါင်းပါးလာသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်မှာ သဘာဝနှင့် လူတို့ သဟဇာတမျှဖို့ဖြစ်၏။ လူသည် သဘာဝ (သက်ရှိသက်မဲ့) ကို ချစ်မှသာ သဘာဝကို ထိန်းသိမ်းပေမည်။ ထိုသို့ ချစ်တတ်ရန်လည်း သဘာဝကိုကြည့်ဖို့၊ သဘာဝနှင့် အဆက်အသွယ်ရှိဖို့လိုပေသည်။ သဘာဝအကြောင်း မသိဘဲ၊ သဘာဝကို မချစ်ဘဲ သဘာဝကို ထိန်းသိမ်းရန် မဖြစ်နိုင်ပေ။

ဤနေရာတွင် ဗုဒ္ဓတရားသည် ခေတ်ကို ကြိုတင်သိမြင်ထားသော ခေတ်ရှေ့ပြေးတရားဖြစ်သည်။ ဗုဒ္ဓတရားက သဘာဝရေ,မြေ,တောတောင် သက်ရှိ, သက်မဲ့များအား ချစ်ရန် တန်ဖိုးထားရန် သွန်သင်ဆုံးမလေသည်။ တောအုပ်အတွင်း တစ်ကိုယ်တည်း တရားရှုမှတ်ပြီး ဉာဏ်အလင်းရခဲ့သော သူတော်ကောင်းတို့ ပေါ်ထွန်းခဲ့ပြီ။ တောအုပ်၏ ငြိမ်သက်အေးချမ်းမှုသည် လူ၏စိတ်ကို တည်ငြိမ်စေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် တရားရှာရန်အတွက် ထီးနန်းစည်းစိမ်ကို စွန့်ပယ်ပြီးလျှင် တောခရီးကို သွားခဲ့လေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်အစ၊ အလယ်၊ အဆုံး သုံးပါးစလုံးသည် တောအုပ်အတွင်းမှာဖြစ်ခဲ့၏။ ဗုဒ္ဓမြတ်စွာဘုရား ဖွားတော်မူခြင်း၊ ဘုရားအဖြစ်သို့ ရောက်ခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းတို့သည် တောအုပ်အတွင်းမှာဖြစ်လေသည်။

ယနေ့ကမ္ဘာ၏ အချင်းအရာများဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Ecology)၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းရေး (pollution control)၊ မျိုးဗီဇကွဲပြားရေး (biodiversity) စသည်တို့၏ ရှေ့ပြေးမှာ ဗုဒ္ဓတရားပင် ဖြစ်လေသည်။

## အမြင်များ အယူများ

အချို့သော အယူဝါဒများက လူမှာသာ အသက်ဝိညာဉ်ရှိသည်၊ တိရစ္ဆာန်များတွင်မရှိ။ တိရစ္ဆာန်များသည် လူ၏ အာဟာရအတွက်သာ ဖြစ်ပေါ်လာရသည်ဟု ဆို၏။

မျက်မှောက်ခေတ်၏ ဘဝဖြစ်တည်မှုဒဿန (Existentialism) ကလည်း လူသာလျှင် 'ဖြစ်တည်'နေသည်၊ တိရစ္ဆာန်များကတော့ 'ရှိ'သော်ငြားလည်း 'မဖြစ်တည်' ဟု ဆို၏။

ဤအယူဝါဒများ၏ အလိုအားဖြင့် တိရစ္ဆာန်များသည် ဘဝဖြစ်တည်မှုမရှိ၊ အသက်ဝိညာဉ်မရှိ၊ တန်ဖိုးမရှိ၊ သူတို့ကို သတ်ဖြတ်သော်လည်း အကုသိုလ်မဖြစ်ဟု ဆိုလိုသည်။

ဗုဒ္ဓတရားကတော့ တိရစ္ဆာန်များမှာလည်း အသက်ဝိညာဉ်ရှိသည်၊(အတိုင်းအတာတစ်ခုအထိ) အသိရှိသည်၊ မှတ်ဉာဏ်ရှိသည်ဟု ဟောသည်။

တိရစ္ဆာန်များမှာ အသက်ဝိညာဉ်ရှိကြောင်း၊ အသိနှင့် မှတ်ဉာဏ်ရှိကြောင်းကို အောက်ပါ အထောက်အထားများအရ သိနိုင်လေသည်။

၁ ဆပ်ကပ်စသော ဌာနများတွင် တိရစ္ဆာန်များအားသင်ပေးထားခြင်းဖြင့် သင်ပေးထားသည့်အတိုင်း ပြုလုပ်တတ်သောကြောင့် လူတွေကို ဖျော်ဖြေနိုင်သည်။

၂ အိမ်မွေးတိရစ္ဆာန်ကလေးများသည် သခင်ကို ချစ်တတ်ခြင်း၊ သခင်လာလျှင် ကြိုဆိုတတ်ခြင်း၊ ခိုင်းတာကို လုပ်ပေးတတ်ခြင်း၊

၃ တိရစ္ဆာန်များသည် မိမိအား ကြင်နာယုယသူကိုဖြစ်စေ၊ မိမိအပေါ် ရက်စက်တတ်၊ နှိပ်စက်ညှင်းပန်းတတ်သူကိုဖြစ်စေ မှတ်မိနေတတ်သည်။ ကြင်နာသူလာလျှင် ရွှင်မြူးတတ်ပြီး၊ ရက်စက်သူကိုမြင်လျှင် ထိတ်လန့်တတ်သည်၊ ရန်မူတတ်သည်။

❻ ကွဲနွားစသော တိရစ္ဆာန်များသည် အသတ်ခံရခါနီးတွင် မျက်ရည်ကျတတ်သည်မှာ ဒဏ္ဍာရီမဟုတ်ပေ။ တွေ့ဖူးမြင်ဖူးကြသည်။ အခြားကြက်,ငှက်,ဘဲ စသည်တို့လည်း အသတ်ခံရခါနီးတွင် လန့်ဖျပ်အော်ဟစ်တတ်ကြသည်။

ဤသာဓကများကိုကြည့်ပါက တိရစ္ဆာန်များတွင် အသက်ဝိညာဉ်နှင့် အသိဉာဏ်၊ မှတ်ဉာဏ်ရှိသည်ဟု ဟောထားသော ဗုဒ္ဓတရား၏ မှန်ကန်မှုကို မငြင်းနိုင်ပေ။

## ဗုဒ္ဓတရားသည် သက်သတ်လွတ်ဝါဒလော

ဗုဒ္ဓတရားသည် စိတ်ကူးယဉ်ဝါဒ မဟုတ်ပေ၊ လောကတွင် ဖြစ်ပျက်နေသည်ကို မျက်ကွယ်မပြုသော လက်တွေ့သဘောတရားဖြစ်၏။

လောကလူသားတို့သည် တညီတည်းတစ်မျိုးတည်း မဟုတ်ကြပေ၊ ဘယ်တော့မှလဲ တညီတည်း မဖြစ်နိုင်ပေ။ လူတို့တွင် သူ့အသက်ကို သတ်သူလည်း ရှိမည်၊ မသတ်သူလည်း ရှိမည်၊ အသားစားသူလည်း ရှိမည်၊ မစားသူလည်း ရှိမည်။

**ဗုဒ္ဓတရားသည် သက်သတ်လွတ်ဝါဒ မဟုတ်ပေ။** ဗုဒ္ဓတရားကို သက်သတ်လွတ်ဝါဒဖြစ်သယောင် ရေးသားပြောဆိုမှုများသည် မမှန်ပေ။

တကယ်တော့ ဗုဒ္ဓခေတ်ကလူတွေသည် အသားစားကြပေသည်။ ဗုဒ္ဓသည်လည်း သက်သတ်လွတ်ဝါဒီမဟုတ်ပေ။ တစ်ခါက ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားဆိုလျှင် သက်သတ်လွတ်စားသူဖြစ်ရမည်ဟု ထင်နေသော ရသေ့ကြီးရှေ့တွင် အသားတုံးများကိုချည်း ရွေးပြီး ဘုဉ်းပြပေးခဲ့လေသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဒေဝဒတ်သည် ရဟန်းများအား သက်သတ်လွတ်စားရန် ပညတ်ဖို့ လျှောက်ထား၏။ ၎င်းကို မြတ်စွာဘုရား လက်မခံ ပယ်ခဲ့လေသည်။

သို့သော် မြတ်စွာဘုရားက 'မြင်သား၊ ကြားသား၊ ရည်သား' သုံးမျိုးကိုလည်းကောင်း၊ (ဝိသေသအားဖြင့်) အသားကြီး ၁၀-မျိုးကိုလည်းကောင်း မစားရန်ဟောခဲ့သည်။ မြင်သား,ကြားသားဆိုသည်မှာ တိရစ္ဆာန်တစ်ကောင်ကို သတ်နေသည်ကို ကိုယ်တိုင်မြင်ရလျှင်၊ ကိုယ်တိုင်ကြားရလျှင် ထိုတိရစ္ဆာန်၏

အသားကို မစားသင့်ပေ။ ရည်သားဆိုတာကတော့ မိမိအားကျွေးရန် ရည်ရွယ်ပြီး သတ်ထားသော အသားကို မစားသင့်ပေ။

အသားကြီး ၁၀-မျိုးမှာ 'လူခွေးမြင်းဆင်၊ သစ်ကျားလျှင်၊ ခြင်္သေ့ဝံအောင်းမြွေ' ဆိုသော ၁။ လူသား၊ ၂။ ခွေးသား၊ ၃။ မြင်းသား၊ ၄။ ဆင်သား၊ ၅။ ကျားသစ်သား၊ ၆။ ကျားသား၊ ၇။ ခြင်္သေ့သား၊ ၈။ ဝံသား၊ ၉။ အောင်းသား၊ ၁၀။ မြွေသားတို့ဖြစ်လေသည်။ ၎င်းတို့အနက် လူသားသည် ဇာတ်တူသားဖြစ်၍လည်းကောင်း၊ မြင်းနှင့် ဆင်တို့မှာ မင်း၏ အသုံးအဆောင်တိရစ္ဆာန်များဖြစ်၍လည်းကောင်း၊ ကျန်အသားများမှာ ယုတ်ညံ့သောကြောင့်လည်းကောင်း မစားသင့်ပေ။

ဗုဒ္ဓတရားသည် စိတ်စေတနာကိုသာ ကံဟုဆိုသည်။ စိတ်စေတနာ မပါဘဲ ဖြစ်ပေါ်မှု၊ ပြုမူမှုသည် ကံမမြောက်ပေ။

အသားစားသည့်ကိစ္စမှာလည်း ဗုဒ္ဓ၏ အလိုမှာ မိမိ၏ သေစေလိုသော စေတနာမပါရန် အဓိကဖြစ်လေသည်။ မိမိ၏ ပယောဂ မပါဘဲဖြစ်လာသော အသား(ဥပမာ-ဈေးမှဝယ်လာသည့်အသား)မျိုးကိုကား စားကောင်းလေသည်။

(ထိုကဲ့သို့သော အသားမျိုးကို ပံ့သကူအသားဟု ခေါ်နေကြခြင်းမှာ အခေါ်အဝေါ်မှားနေသည်။ ပံ့သကူဆိုသည်မှာ **ပံသု=မြေကြီး+ကူလ=လိမ်းကျံခြင်းကို** ဆိုလိုသည်။ မြေဖြင့် လိမ်းကျံနေသော၊ တစ်နည်းဆိုရလျှင် မြေကြီးပေါ်တွင် ပစ်ထားသော သင်္ကန်းစသည်တို့ကို ပံ့သကူဟုခေါ်ရသည်။ ဈေးမှဝယ်လာသော အသားကတော့ မြေပေါ်မှာ ပစ်ထားသော အသားမဟုတ်ပေ။ မိမိဈေးသို့ မသွားမီကတည်းကဖြစ်နေသော အသားဖြစ်ခြင်းကြောင့် **ပဝတ္တိမံသ** ဟု ခေါ်လေသည်။ **ပဝတ္တိ=ယခင်ကဖြစ်သော+မံသ=အသား**)။

ဗုဒ္ဓတရားက အသားစားခွင့်ပြုထားသည်၊ အသားကို စားလိုက စားနိုင်သည်၊ သက်သတ်လွတ် စားလိုက စားနိုင်သည်။ သို့သော် **သက်သတ်လွတ်စားခြင်းသည် ရသတဏှာကို တပ်မက်သော စိတ်ဖြင့် စားနေခြင်းဖြစ်လျှင်လည်း အသားစားတာနှင့်ဘာမျှ မထူးတော့ပေ။**

သက်သတ်လွတ်စားခြင်း၊ သို့မဟုတ် အသားစားခြင်းမှာ မိမိ၏ စိတ်ဆန္ဒနှင့် ရွေးချယ်မှုအရသာဖြစ်ပေသည်။ **သက်သတ်လွတ်စားခြင်းမှာ ဗုဒ္ဓတရား၏ ကျင့်ဝတ်မဟုတ်ပေ၊ အသားစားလျှင် နိမ့်ကျသည်။ သက်သတ်လွတ်စားလျှင် မြတ်သည်ဆိုသော သဘောသည် ဗုဒ္ဓတရားမဟုတ်ပေ။ ဝိဇ္ဇာဂိုဏ်း၊ ထွက်ရပ်ပေါက်ဂိုဏ်း၊ အထက်ဂိုဏ်း စသော လောကီအကျိုးစီးပွားရှာကြသူတို့၏ ထွင်လုံးမျှသာဖြစ်၏။** ဗုဒ္ဓတရားသည် စိတ်စေတနာကိုသာ အဓိကထားသည်၊

**စိတ်စေတနာမှန်လျှင် မြတ်သည်၊ စိတ်စေတနာ မမှန်ဘဲ လုပ်တာမှန်သမျှ မှားလေသည်။**

## တန်ခိုးရှင်

လူတွေက တန်ခိုးရှင်ကို ရှာနေကြ၏၊ အချို့ပုဂ္ဂိုလ်တို့သည် မိမိကိုယ်တိုင် တန်ခိုးရှင်အဖြစ် သူတစ်ပါး အထင်ကြီးအောင်လုပ်နေကြသည်။

ဗုဒ္ဓတရားအရ လူတစ်ယောက်အား အခြားတစ်ယောက်က တန်ခိုးဖြင့် သံသရာမှ (ဆင်းရဲဒုက္ခမှ) လွတ်မြောက်အောင် မလုပ်နိုင်ပေ။ ဗုဒ္ဓမြတ်စွာဘုရားပင် မလုပ်နိုင်ပေ။ ဗုဒ္ဓမြတ်စွာဘုရားသည် ဖန်ဆင်းရှင်မဟုတ်ပေ၊ သံသရာမှထွက်မြောက်ရန်နှင့် လောကအတွင်းနေထိုင်စဉ် အတွေးမှန်၊ အပြောမှန်၊ အလုပ်မှန်ဖြစ်ရန် လမ်းညွှန်ပြသော ပုဂ္ဂိုလ်သာဖြစ်လေသည်။

ဗုဒ္ဓတရားတွင် သူတစ်ပါးမသိနိုင်သော အသိခက်သောကျင့်စဉ်များ (esoteric) ဟူ၍မရှိပေ။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ တစ်မျိုးတည်းသော ကျင့်စဉ်ကိုသာ ကျင့်ကြံရလေသည်။ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားခြင်း စသည်တို့ကို တစ်မျိုးတည်းတစ်လမ်းတည်းသာ ကျင့်ကြံကြရသည်။ ဝိပဿနာ ရိပ်သာများတွင် တရားအားထုတ်ကြရာ၌ ဝိပဿနာနည်းပြဆရာက ဗုဒ္ဓနည်းအတိုင်း တရားကျင့်သူ ယောဂီများအား ဟောကြားပြသ၏။ ထိုအထဲတွင် ရဟန်းလည်း ပါမည်၊ လူဝတ်ကြောင်လည်း ပါမည်၊ ယောကျ်ားလည်း ပါမည်၊ မိန်းမလည်း ပါမည်၊ လူကြီးလည်း ပါမည်၊ ကလေးလည်း ပါမည်။ ရဟန်းဖြစ်သောကြောင့် လူနှင့်မတူသော အတွင်းလမ်း အတွင်းကျင့်စဉ်များ မကျင့်ရပေ၊ ရှိလည်း မရှိပေ။ ဗုဒ္ဓနည်းသည် သတိဖြင့် အချိန်မလပ် ရှုမှတ်နှလုံးသွင်းနေသော သတိပဋ္ဌာန်နည်းသာဖြစ်၏။ အခြားနည်း မရှိပေ။ သတိကိုဖြစ်စေရန် နည်းလမ်းအမျိုးမျိုးပရိယာယ်အသွယ်သွယ်ဖြင့် ဟောကြားပြသခြင်းသာ ရှိပေသည်။

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ပထမသင်္ဂါယနာတင်ပြီးချိန်မှစ၍ ဂိုဏ်းအမျိုးမျိုးတွေ ကွဲလာကြသည်။ အဓိကမှာ ထေရဝါဒနှင့် မဟာယာန နှစ်မျိုးပင်ဖြစ်သည်။ မဟာယာနသည် ဗုဒ္ဓအား ဖန်ဆင်းရှင် ထာဝရဘုရားအဖြစ် ပြောင်းလဲပစ်လိုက်သည်။ တန္တရာယာန၊ မန္တရာယာန စသော ဂါထာမန္တန်၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့မန္တရားတို့ကို လေ့လာလိုက်စားပြီး ဗုဒ္ဓတရား၏ အနှစ်သာရများကို စွန့်ပစ်လိုက်ကြသည်။ ထိုဂိုဏ်းတို့၏ ကျင့်စဉ်တွင် အတွင်းလမ်း၊

အပြင်လမ်း၊ သာဝကလမ်း၊ ဗောဓိသတ္တလမ်း စသည်ဖြင့် ဖြစ်ပေါ်လာလေသည်။

မြန်မာနိုင်ငံတွင်လည်း ပုဂံခေတ်မတိုင်မီ ပျူမြို့ပြခေတ် (ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း စသည့်) မွန်မြို့ပြခေတ် (သထုံ)၊ ရခိုင်မြို့ပြခေတ် (ဝေသာလီ) တို့မှာပင် အိန္ဒိယမှကူးလာသော တန္တရ၊ မန္တရဂိုဏ်း၊ မဟာယာနဂိုဏ်း၊ နတ်နဂါးကိုးကွယ်မှု၊ အရည်းကြီး၊ ဟိန္ဒူစသည်တို့ ရောထွေးနေကြောင်း ဘုမိုင်းအထောက်အထားများ ရှိနေလေသည်။

ပုဂံအနော်ရထာမင်းကြီးသည် ထေရဝါဒဗုဒ္ဓဘာသာကို လက်ခံယုံကြည်သော်လည်း အထက်ပါ ရောထွေးမှုများ လုံးဝ မကင်းစင်ခဲ့ပေ။ လူများစုနှင့် မဆန့်ကျင်အောင် အထိုက်အလျောက် ကျင့်ခဲ့ရသည်။ ကျန်စစ်သား လက်ထက်တွင်လည်း အလားတူပင်။ (ကျန်စစ်သား နန်းတည်ကျောက်စာတွင် နတ်နဂါးကိုးကွယ်မှု၊ ဗြာဟ္မဏပုဏ္ဏားတို့၏ ဦးဆောင်မှုကို တွေ့ရသည်။) ထိုအချိန်မှစ၍ မြန်မာ့သမိုင်းတစ်လျှောက်တွင် ဤယုံကြည်ကိုးကွယ်မှုသည် အသွင်အမျိုးမျိုးဖြင့် တည်နေခဲ့လေသည်။

မည်သို့ဖြစ်စေ ထေရဝါဒဗုဒ္ဓဘာသာသည် ၎င်းတို့မဟုတ်ပေ။ ထေရဝါဒပိဋကတ်တော်သည် မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်များကို သင်္ဂါယနာခြောက်ကြိမ်တင်ထားသော စစ်မှန်သော ဗုဒ္ဓတရားများဖြစ်လေသည်။ ထေရဝါဒဗုဒ္ဓတရားကို ကျင့်ကြံလိုသူသည် အဆိုပါ ပိဋကတ်တော်များကို လေ့လာရန်ပင်ဖြစ်၏။ ထိုတွင် အတွင်းလမ်း၊ အပြင်လမ်း၊ အထက်လမ်း၊ အောက်လမ်း၊ ဝိဇ္ဇာလမ်း၊ ဂန္ဓာရီလမ်းများ မပါရှိပေ။

မြတ်စွာဘုရားက ကိုးကွယ်မှုများလျှင် ဘေးဖြစ်စေသည်ဟု ဟောခဲ့၏။ ထို့ပြင် လူတို့သည် ဘေးဖြင့် ထိတ်လန့်သည်ဖြစ်၍ တောတို့ကိုလည်းကောင်း၊ တောင်တို့ကိုလည်းကောင်း၊ အရံတို့ကိုလည်းကောင်း ကိုးကွယ်ကြ၏။ ထိုကိုးကွယ်ခြင်းသည် မှန်ကန်သော ကိုးကွယ်ခြင်း၊ ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်ဟူ၍လည်း ဓမ္မပဒတွင် ဟောထားသည်။

## စင်ကြယ်သော ဗုဒ္ဓတရား

ဗုဒ္ဓတရားသည် စင်ကြယ်၏။ သန့်ရှင်း၏။ ဗုဒ္ဓတရားတွင် သွေးဖြင့် ပူဇော်ခြင်းများ၊ ဂါထာမန္တန် မန်းမှုတ်ခြင်းများ၊ လောကီအစီအရင်များ၊ ခက်ခဲ ရှုပ်ထွေးသော အခမ်းအနားများ မပါရှိပေ။

**ဗုဒ္ဓတရားကို လိုက်နာကျင့်သုံးလိုသူသည် ဘုရား၊ တရား၊ သံဃာကို ယုံကြည်ရန်ပင်ဖြစ်၏။** ထိုကဲ့သို့ ယုံကြည်ရာတွင်လည်း မိရိုးဖလာဖြစ်၍ ယုံရခြင်း၊ အများယုံ၍ ယုံရခြင်း၊ ဘူးလုံးနားမထွင်း ယုံရခြင်းမျိုး မဟုတ်ဘဲ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာစစ် သံဃာမှန်၏ ဂုဏ်တော်များကို သိရှိနားလည်လက်ခံပြီးမှ ယုံကြည်ရန်ဖြစ်လေသည်။

မြတ်စွာဘုရားအား ထာဝရဘုရားအနေဖြင့် ယုံခြင်းလည်း မဟုတ်ရပေ။ ဗုဒ္ဓမြတ်စွာဘုရားသည်—

၁ ထာဝရဘုရား မဟုတ်၊
၂ ထာဝရဘုရား၏ သားတော် မဟုတ်၊
၃ ထာဝရဘုရား၏ တမန်တော် မဟုတ်၊
၄ ထာဝရဘုရားဝင်စားသူ မဟုတ်။

ဤအချက် ၄-ချက်ကို ရှင်းလင်းပြတ်သားစွာ နားလည်ထားရန်လိုပေသည်။

သို့ဆိုလျှင် ဘုရားပုထိုးစေတီများ၊ ဆင်းတုတော်များ၊ ဓာတ်တော် မွေတော် များကို အဘယ်ကြောင့် ကိုးကွယ်ရပါသနည်း။ ထိုကဲ့သို့ ကိုးကွယ်ခြင်း၊ ရှိခိုး ပူဇော်ခြင်းကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ—

၁ ဘုရားကို ကြည်ညိုသော စိတ်ဖြင့် ပူဇော်ရှိခိုးခြင်းဖြစ်သဖြင့် စိတ် အတွင်းတွင် အကုသိုလ်စိတ်များ မဝင်လာဘဲ စိတ်၏ စင်ကြယ်မှုကို ရနိုင်ခြင်း။
၂ မြတ်စွာဘုရား၏ ဂုဏ်တော်များကို အောက်မေ့သတိရခြင်း။
၃ ဘုရားကို သတိရခြင်းကြောင့် ဘုရားဟောတရားတော်များကို သတိတရ သိရှိနားလည်လာခြင်း၊
၄ တရားတော်ကိုသိပြီး ကျင့်ကြံမှုဖြစ်လာသဖြင့် လက်တွေ့အကျိုးခံစား ရခြင်း။

ဘုရားပုထိုးစေတီ စသည်များသည် ဗုဒ္ဓဘာသာ၏ အဆင်တန်ဆာ အလှအပများဖြစ်ကြ၏။ ဗုဒ္ဓဘာသာတည်နေသရွေ့ ထိုအဆင်တန်ဆာများကို တန်ဖိုးထားနေကြပေလိမ့်မည်။ ဉပမာသော်ကား သမီးကညာနှင့် အဝတ်တန်ဆာကဲ့သို့ဖြစ်၏။ သမီးကညာအား အဝတ်အထည် ရွှေငွေရတနာများ ဆင်ယင်ပေးထားသကဲ့သို့ဖြစ်၏။ သမီးကညာမရှိတော့လျှင် ထိုအဆင်တန်ဆာများသည် မသမာသူတို့၏ လက်ထဲရောက်ပြီး ကွယ်ပျောက်သွားနိုင်၏။

တစ်ချိန်က ဗုဒ္ဓဘာသာ ထွန်းကားခဲ့သော အချို့ဒေသများတွင် ယနေ့ ဗုဒ္ဓဘာသာ ကွယ်ခဲ့လေပြီ။ ဗုဒ္ဓဘာသာထွန်းကားစဉ်က ထုလုပ်တည်ဆောက်ခဲ့ကြသော သာသနိက အဆောက်အအုံများ၊ ဆင်းတုတော်များသည်လည်း ဗုဒ္ဓဘာသာဝင် မဟုတ်ကြတော့သဖြင့် ထိန်းသိမ်းမှု၊ ပြုပြင်မွမ်းမံမှု မရှိတောဘဲ ခြုံနွယ်ပိတ်ပေါင်းတွေဖုံးပြီး ပျက်စီးနေကြပြီ။ အချို့ဒေသများတွင် အဖျက်အဆီးခံခဲ့ရပြီ။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကွက်ကွက်ကလေးကိုသာ မကြည့်ဘဲ ကမ္ဘာကို လှမ်းမျှော်ကြည့်လျှင်၊ ဗုဒ္ဓသာသနာတော်သမိုင်းကို ဆင်ခြင်ကြည့်လျှင် သိကြပါလိမ့်မည်။ မြင်ကြပါလိမ့်မည်။ သိကြပါစေ။ မြင်ကြပါစေ။

## ဗုဒ္ဓဘာသနာ

သာသနာဆိုသည်မှာ အဆုံးအမကို ခေါ်သည်။ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း လိုက်နာနေထိုင်သူတို့ရှိရာ အိမ်၊ ရပ်ရွာ၊ မြို့၊ နိုင်ငံတို့သည် ဗုဒ္ဓဘာသနာထွန်းကားသည်ဟု ဆိုရပေသည်။ ကျောင်းကန်ဘုရားများ စံညားထည်ဝါစွာ တည်ဆောက်ထားသော်လည်း လူတွေက မြတ်စွာဘုရား၏ အဆုံးအမကို မလိုက်နာမကျင့်ကြဘဲ တောင်တောင်အီအီတွေကို ဗုဒ္ဓတရားအမည်ခံပြီး လုပ်နေကြလျှင်၊ ရဟန်းသံဃာများကလည်း ပရိယတ္တိ၊ ပဋိပတ္တိကို အားထုတ်ခြင်း မပြုဘဲ လာဘ်လာဘပေါ်များရေးနှင့် ပေါ်ပင်လုပ်ငန်းတွေကိုသာ လုပ်နေကြလျှင်၊ သာသနာ၏ အနာဂတ်မျိုးဆက်ဖြစ်သော လူငယ်နှင့် ကလေးသူငယ်များအား ဗုဒ္ဓအဆုံးအမကို ခြေခြေမြစ်မြစ် သင်ကြားလေ့ကျင့်ပေးခြင်း မရှိလျှင်၊ ထိုဒေသတွင် ဗုဒ္ဓသာသနာ ကွယ်လေတော့သည်။ ကွယ်ခဲ့တာတွေလည်းများပြီ။

၁၉၅၁-ခုနှစ်က ထုတ်သော စာအုပ်တစ်အုပ်ထဲတွင် ထိုစဉ် ဗုဒ္ဓဘာသာဝင်တွေသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံရှိသည်ဟု တွေ့ရ၏။ ယခု ဘယ်လောက်ကျန်တော့သနည်း။ ယနေ့ကမ္ဘာတွင်—

ခရစ်ယာန် = သန်း ၂၀၀၀
မွတ်စလင် = သန်း ၁၂၀၀
ဟိန္ဒူ = သန်း ၁၀၀၀
ဗုဒ္ဓဘာသာ = သန်း ၃၅၀ ရှိသည်ဟု သိရသည်။ ဘာသာကြီးလေးရပ်အနက် ဗုဒ္ဓဘာသာသည် အနည်းဆုံး ဖြစ်သွားလေပြီ။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အထက်ဖော်ပြပါအကြောင်းများကြောင့်ပင်ဖြစ်၏။

**အမှန်တရားသည် တစ်ခါတစ်ရံ ခါးသီးတတ်လေသည်။ သို့သော် မိမိ၏ကျန်းမာရေးအတွက် ဆေးခါးကြီးကို သောက်ရသလိုပင် အမှန်တရားကိုလည်း ရင်ဆိုင်ရဲရပေမည်။** ဗုဒ္ဓတရားကို နှစ်နှစ်ကာကာ ယုံကြည်သူတိုင်း၊ ဗုဒ္ဓသာသနာတော်၏ အဆုံးအမကို လိုက်နာသူတိုင်း၊ ဗုဒ္ဓယဉ်ကျေးမှုကို မြတ်နိုး တန်ဖိုးထားသူတိုင်း လေးလေးနက်နက် စဉ်းစားကြရန် လိုနေလေပြီ။

ဗုဒ္ဓမြတ်စွာဘုရားသည် မိမိဟောကြားသော တရားအတိုင်း လိုက်နာနေထိုင်ကျင့်ကြံခြင်းကိုသာ လိုလားတော်မူသည်။ ဝက္ကလိ ရဟန်းကြီးအား ဟောကြားချက်၊ ပရိနိဗ္ဗာန်စံဝင်တော်မမူမီ အာနန္ဒာအား မှာကြားချက်တို့က ဤအချက်ကို ထင်ရှားစေသည်။ မြတ်စွာဘုရားအား ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်းနှင့် (ဘုရားဆုံးမသည့်အတိုင်း လိုက်နာသော) အကျင့်ဖြင့် ပူဇော်ခြင်းဟူ၍ ပူဇော်ခြင်းနှစ်မျိုးရှိသည့်အနက် မြတ်စွာဘုရားက အကျင့်ဖြင့် ပူဇော်ခြင်းကို ပို၍ လိုလားတော်မူလေသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ဗောရောဗုဒေါဘုရားကြီးသည်လည်းကောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ ဘာမီယန်အရပ်ရှိ ကျောက်တောင်ကို ထွင်းထားသော ဆင်းတုတော်များသည်လည်းကောင်း၊ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ မြတ်စွာဘုရား၏ အထိမ်းအမှတ်ဌာနများသည်လည်းကောင်း ကမ္ဘာ့အံ့ဖွယ်များဖြစ်ကြသလို၊ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာများ ဖြစ်ကြ၏။ သို့သော်လည်း ထိုနိုင်ငံရှိလူများကား ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ကြပေ။

# ကယ်တင်ရှင်

လူတို့၏ ရုပ်ပိုင်းဘဝအတွက် ကယ်တင်ရှင်သည် သိပ္ပံနှင့် နည်းပညာတို့သာဖြစ်၏။ ထိုသိပ္ပံနှင့် နည်းပညာသည်လည်း မိုးပေါ်က ကျလာခြင်းမဟုတ်၊ တန်ခိုးရှင်က ပေးသည်မဟုတ်။ ရာစုနှစ်ပေါင်းများစွာ ပညာရှင်တို့ တွေးတောကြံဆ စမ်းသပ် လုပ်ကိုင်ရာမှ ပေါ်ထွက်လာသော အသီးအပွင့်သာဖြစ်၏။ သို့ဖြစ်ခြင်းကြောင့် လူသားသည်သာလျှင် လူ၏ကယ်တင်ရှင် ဖြစ်လေသည်။

သိပ္ပံနှင့် နည်းပညာတို့၏ ဖြစ်စဉ်သည် ဖြောင့်ဖြူးသာယာသော လမ်းမဟုတ်ပေ။ အမှောင်ခေတ်ဖြစ်သော အလယ်ခေတ်၏ မသိမှားမှု အဝိဇ္ဇာထုအတွင်းမှ ထိုးထွက်ခဲ့ရခြင်းဖြစ်၏။ **အဝိဇ္ဇာအမှောင်ဖုံးနေသော ခေတ်က သိပ္ပံဆရာတို့သည် ပြောင်လှောင်သရော်ခြင်း၊ ဝိုင်းပယ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံခဲ့ရ၏။** (ဤအကြောင်းများကို စာရေးသူ၏ 'ကမ္ဘာကြီးမောဟိုက်ခြင်း' စာအုပ်တွင် တင်ပြခဲ့ပြီးပါပြီ။)

လူတို့သည် ဒဏ္ဍာရီထဲက ကြွက်လင်မယားနှင့် တူလေသည်။ ကြွက်လင်မယားသည် မိမိတို့၏ သမီးကို တန်ခိုးအကြီးဆုံးပုဂ္ဂိုလ်နှင့်သာ ပေးစားမည်ဟု လိုက်ရှာကြရာ နောက်ဆုံးတွင် ကြွက်သာလျှင် တန်ခိုးအကြီးဆုံးဖြစ်သည်ကို တွေ့လာရလေသည်။ အလားတူပင် အတွေးအခေါ်၊ အသိအမြင်နည်းသေးသော ခေတ်တွေက လူတို့သည် မိမိတို့အား ကယ်တင်မည့်တန်ခိုးရှင်ကို ရှာခဲ့ကြရင်း မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်မှုဖြင့် သိပ္ပံနှင့် နည်းပညာတွေကို တွေ့ရှိလာပြီး လူသားတို့၏ အခက်အခဲတွေကို ဖြေရှင်းနိုင်ခဲ့ကြ၏။

ခြေကျင်လျှောက်နေရသော လူသည် ဘီးကို တီထွင်နိုင်သဖြင့် ဘီးတပ်ယာဉ်များတွင် ကျွဲ၊ နွား၊ ဆင်၊ မြင်းတွေ တပ်ပြီး ဆွဲခိုင်းနိုင်ခဲ့ကြ၏၊ ထိုမှတစ်ဖန် ရေနွေးငွေ့ဖြင့်၊ ၎င်းနောက် ဓာတ်ဆီ ဒီဇယ်ဆီဖြင့် မောင်းနှင်သော ယာဉ်ရထားတွေကို တီထွင်ခြေပြန်၏။ ယနေ့ခေတ်တွင် လျှပ်စစ်ဓာတ်အား၊ အဏုမြူအားတို့ဖြင့် မောင်းနှင်နေကြလေပြီ။ ဤတိုးတက်မှုများကို လူတို့ကိုယ်တိုင် ဖန်တီးခဲ့ကြခြင်းဖြစ်လေသည်။

ရှေးခေတ်က လူ့ထက် ယနေ့ခေတ်လူက ပိုပြီး အသက်ရှည်ကြ၏။ သို့ဖြစ်ခြင်းမှာ ယခင်ကထက် ကောင်းမွန်သော စားဝတ်နေရေးအဆင့်အတန်း၊ အာဟာရပြည့်ဝသော အစားအစာနှင့် ထက်မြက်သော ဆေးဝါးများကို သုံးနိုင်လာသောကြောင့်ဖြစ်၏။ ယခင်က ကပ်ရောဂါများဖြစ်သော ပလိပ်၊ ကျောက်၊

ဝမ်းရောဂါများကို နှိမ်နင်းနိုင်ကြပြီ၊ မျက်မှောက်ခေတ်၏ ကပ်ရောဂါများ ဖြစ်သော အေအိုင်ဒီအက်စ်၊ ကြက်ငှက်တုပ်ကွေး စသည်များအတွက်လည်း ဆက်လက်၍ သုတေသနပြု ရှာဖွေနေကြဆဲဖြစ်၏။

ရှေးခေတ်လူထက် ယနေ့ခေတ်လူက အာရုံခံစားစရာတွေ ပို၍ ပေါကြွယ် သည်။ ထို့ပြင် ယနေ့ခေတ်လူသည် အသိအမြင် ဗဟုသုတလည်း ပို၍ များလေ သည်။ ဤသို့ဖြစ်ခြင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်း ခေါ် ကမ္ဘာပြုမှုဖြစ်စဉ် ထွန်းကားလာခြင်းနှင့် အိုင်စီတီ ခေါ် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ကျယ်ပြန့်လာသောကြောင့်ဖြစ်လေသည်။

ဗုဒ္ဓတရားရှုထောင့်မှကြည့်လျှင် ဤတိုးတက်မှုများသည် အကြောင်းကြောင့် အကျိုးဖြစ်လာသော ဖြစ်စဉ်သာဖြစ်ပြီး လိုလားအပ်သော အခြင်းအရာများ ပင်ဖြစ်၏။ မင်္ဂလသုတ်တွင် မြတ်စွာဘုရားက အကြားအမြင် ဗဟုသုတများ ခြင်းကို မင်္ဂလာတစ်ပါးဟု ဟောတော်မူပြီးဖြစ်လေသည်။ အကြားအမြင် ဗဟု သုတရှာဖွေမှု၊ ဆင်ခြင်တုံတရားကို အသုံးပြုမှုတို့သည် ဗုဒ္ဓတရားနှင့် မဆန့် ကျင်ပေ။

## အကန့်အသတ်

သို့သော် ယနေ့ခေတ်၏ ကမ္ဘာပြုမှုဖြစ်စဉ်မှာလည်း အကန့်အသတ်များ ရှိနေသည်သာဖြစ်၏။ ကမ္ဘာပြုမှုဖြစ်စဉ်ကြောင့် ကမ္ဘာ့ယဉ်ကျေးမှု ကျယ်ပြန့် လာနေသည်ဟု ဆိုကြ၏။ လူအားတန်ဖိုးထားမှု ပိုလာနေသည်ဟု ပြောကြ၏။ ထိုစကားများမှာ အတိုင်းအတာတစ်ခုအထိ မှန်သော်လည်း ယနေ့ခေတ် ကမ္ဘာ့ ယဉ်ကျေးမှုသည် ရုပ်ဝတ္ထုကို အဓိကထားနေသော၊ ငွေကြေးကို ပဓာနထားနေ သော၊ စားသုံးမှု (အာရုံခံစားမှု) ကို အရေးအကြီးဆုံးထားနေသော ယဉ်ကျေးမှု သာ ဖြစ်နေလေသည်။ (materialist, consumerist, money culture)။

ယနေ့ ကမ္ဘာတွင် ဆင်းရဲချမ်းသာကွာဟမှုမှာ ကြီးလှ၏။ ကမ္ဘာ့အချမ်းသာ ဆုံး ပုဂ္ဂိုလ် ၅၀၀-၏ ဝင်ငွေသည် အဆင်းရဲဆုံး လူသန်း ၄၀၀-(သန်းလေးရာ) ၏ ဝင်ငွေနှင့် ညီသည်ဟု တွက်ထားကြ၏။ ကမ္ဘာပေါ်တွင် စက်မှုလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေး၊ အစားအစာ ထုတ်လုပ်ရောင်းချခြင်း၊ သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများသည် သူဌေးသူကြွယ်တို့၏လက်ထဲတွင်ရှိနေသည်။

ကြက်ငှက်တုပ်ကွေးကဲ့သို့သော ကပ်ရောဂါတစ်ခုဖြစ်လာလျှင် ထိုအတွက် ဆေးဝါးထုတ်လုပ်ရောင်းချသော ကုမ္ပဏီကြီးများသည် ကြီးမားသော အမြတ်အစွန်းရကြ၏။ ဆင်းရဲသားများကတော့ မျက်မှောက်ခေတ်၏ တိုးတက်မှုများကို အနည်းငယ်သာ ခံစားကြရသေးသည်။

ထို့မျှမက ကမ္ဘာ့အဖွဲ့အစည်းကြီးများက ပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချမှုကြောင့် မဖွံ့ဖြိုးသေးသော နိုင်ငံများအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းငယ်များ ပျက်စီးရ၏။ (GM crops) ခေါ် မျိုးဗီဇ ပြုပြင်ထားသော သီးနှံများကြောင့် ဒေသအတွင်းရှိ အပင်မျိုးများ ပျက်စီးရ၏။ ထို့ကြောင့် ၎င်းတို့ကို (terminator crops) မျိုးဖြုတ်သီးနှံများဟု ခေါ်ကြသည်။ နိုင်ငံစုံ စီးပွားရေး (multinational business) ကြောင့် ဒေသစီးပွားရေးများ ကျဆင်းကုန်၏။

ဆက်သွယ်ရေးနည်းပညာ (ရေဒီယို၊ ရုပ်မြင်သံကြား၊ ဂြိုဟ်တုသတင်းကွန်ယက် စသည်) ကြောင့် လူတို့ ဗဟုသုတရသည်မှန်သော်လည်း မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဖီလာဖြစ်သော အငွေ့အသက်များကိုလည်း ရှူရှိုက်ကြရ၏။ ၎င်းတို့ကို ကြည့်မြင်နားထောင်ပြီး အချို့လူတွေ (အထူးသဖြင့် လူငယ်တွေ) အတုခိုးမှားကုန်ကြ၏။ လမ်းလွဲရောက်ကုန်ကြ၏၊ ဘဝပျက်ကုန်ကြ၏။

နောက်တစ်ချက်မှာလည်း ဂြိုဟ်တုသတင်းကွန်ရက်နှင့် ရုပ်မြင်သံကြားတို့မှ အချိန်နှင့်အမျှ အမျိုးမျိုးထုတ်လွှင့်နေသည်များကိုကြည့်ပြီး လူတို့သည် သိစရာမှတ်စရာတွေကို နိုင်အောင်မမှတ်နိုင်၊ ဘာကို ယုံ၍ ဘာကို လက်ခံရမှန်းမသိဘဲ ရှုပ်ထွေးနေ၏။ ဤအခြင်းအရာကို ပညာရှင်တွေက သတင်းပိုခြင်း (information overload)၊ ဗဟုသုတ အမောဖောက်ရောဂါလက္ခဏာ (information fatigue syndrome) ဟု ခေါ်ကြသည်။

ကမ္ဘာပြုမှုဖြစ်စဉ်သည် စီးပွားရေးအကျိုးအမြတ်ရရေး၏ ကိရိယာသဖွယ်ဖြစ်နေ၏။ လူတွေအတွက် ထိခိုက်သည်ကို မစဉ်းစား၊ မိမိ အမြတ်အစွန်းရရေးအတွက် ထုတ်လုပ်ရောင်းချနေသော အရင်းရှင်ကြီးများ၏ လက်နက်ဖြစ်နေ၏။

ယနေ့ကမ္ဘာတွင် အရက်၊ စီးကရက်၊ မူးယစ်ဆေး စသော လူတွေ၏ကျန်းမာရေးနှင့် စိတ်ဓာတ်ကို ထိခိုက်ပျက်စီးစေသော အရာများကို ထုတ်လုပ်ရောင်းချသော စက်ရုံပိုင်ရှင် အရင်းရှင်ကြီးများသည် ကြီးမားသော ငွေကြေးအကျိုးအမြတ်ရရှိနေကြသည်။ ဤရောင်းဝယ်မှုများအပြင် လူသတ်လက်နက်များ ရောင်းချခြင်းသည်လည်း မြတ်စွာဘုရားဟောတော်မူသော ကောင်းစွာအသက်မွေးခြင်း (=သမ္မာအာဇီဝ) က ခွင့်မပြုသော ရောင်းဝယ်မှုများ ဖြစ်လေသည်။

ကမ္ဘာပြုမှုဖြစ်စဉ်၏ ကမ္ဘာ့ယဉ်ကျေးမှုဆိုသည်မှာ လူတွေကို ရုပ်ဝတ္ထုနှင့် အာရုံခံစားမှုတွေ တိုးပွားလာစေသည်။ သို့ဖြင့် လူတွေသည် နေထွက်မှ နေဝင်တိုင် စားဝတ်နေရေး၊ ကြီးပွားချမ်းသာရေး၊ အာရုံခံစားရေးတို့အတွက် အချိန်ကုန်နေရသဖြင့် သဘာဝကို ငေးကြည့်ခံစားမှု၊ စိတ်ပိုင်းဆိုင်ရာ တန်ဖိုး စသည်များ တဖြည်းဖြည်း ခန်းခြောက်လာပြီး လူတွေသည် စက်ရုပ်တွေလို ဖြစ်လာ၏။ 'အိပ်စားကာမ၊ ဤသုံးဝ'ဖြင့် အချိန်ကုန်နေကြရ၏။ မိဘတို့သည် တစ်နေကုန် အလုပ်ထွက်လုပ်နေရသဖြင့် သားသမီးများ ထိန်းကျောင်းသွန်သင်မှု၊ ပြုစုယုယမှု မရှိတော့ဘဲ၊ မိအိုဖအိုများအား စောင့်ရှောက်ခြင်း မပြုနိုင်တော့ဘဲ အိမ်ထောင်ရေးစနစ်လည်း ပြိုကွဲလာ၏။

ကမ္ဘာ့ယဉ်ကျေးမှုသည် တစ်ပုံစံတည်းနေ၊ တစ်မျိုးတည်းစား၊ တစ်မျိုးတည်းဝတ်၊ တစ်မျိုးတည်းခံစား၊ တစ်မျိုးတည်း တွေးတောနေခြင်းဖြင့် ယဉ်ကျေးမှုကွဲပြားခြင်း (cultural diversity) မရှိတော့ဘဲ ရုပ်အာရုံခံစားမှုသာရှိသော၊ တစ်ပုံစံတည်းသော ယဉ်ကျေးမှု (materialist monoculture) ဖြစ်လာလေသည်။ **ဤယဉ်ကျေးမှုတွင် လူတွေမှာ အာရုံခံစားမှုများ တိုးလာသော်လည်း စိတ်ပိုင်းတန်ဖိုးတွေ ရှုတ်ခြုံကျလာလေသည်။**

သို့ဖြစ်ခြင်းကြောင့် ကမ္ဘာပြုမှုဖြစ်စဉ်(ဂလိုဘယ်လိုက်ဇေးရှင်း)ကို ဆန့်ကျင်သော အင်အားစုသည် တစ်နေ့တစ်ခြား ကြီးထွားလာနေသည်။ မကြာသေးမီက ဟောင်ကောင်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အစည်းအဝေးကျင်းပရာ ဂျပန်နှင့် တောင်ကိုရီးယားအပါအဝင် ဆန္ဒပြသူများစွာတို့က ကန့်ကွက်ဆန္ဒပြကြလေသည်။ အိန္ဒိယနိုင်ငံတွင်လည်း အမေရိကန်ပြည်ထောင်စုမှအသင့်လုပ်ပြီး အစားအစာများ တင်ပို့ရောင်းချနေခြင်းကို ကန့်ကွက်သည့်အနေဖြင့် 'ကွန်ပျူတာ အလိုရှိသည်၊ အားလူးကြော် အလိုမရှိ' (computer chips, yes; potato chips, no) ဟု ကြွေးကြော် လှုံ့ဆော်နေကြလေသည်။

လူတွေ တီထွင်လိုက်သော အရာမှန်သမျှသည် မည်သည့်အရာမျှ 'အကြွင်းမဲ့' ကောင်းသည်ဟူ၍ မဖြစ်နိုင်ပေ။ ကောင်းကွက်ရှိသလို ဆိုးကွက်လည်းရှိကြသည်။ ဥပမာအားဖြင့် မော်တော်ကားကိုတီထွင်ခြင်းကြောင့် လူတို့ သွားလာရေးသက်သာလျင်မြန်လာသည်မှန်သော်လည်း ယာဉ်တိုက်မှုကြောင့် သေရခြင်း၊ လောင်စာဆီလိုအပ်မှု၊ ကုန်ကျစရိတ်စသည့် ဆိုးကျိုးများလည်း ဖြစ်ပေါ်လာလေသည်။ အလားတူပင် စက်ရုံကြီးများဖြင့် ကုန်ပစ္စည်းတွေ ထုတ်လုပ်ကြသောကြောင့် ပစ္စည်းအလျှံပယ်ပေါလာခြင်း၊ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ခြင်း ကျယ်ကျယ်ပြန့်ပြန့် လုံလုံလောက်လောက် ဖြန့်ဝေနိုင်ခြင်း စသည့် ကောင်းကျိုး

များ ခံစားရသလိုပင် စက်ရုံများမှ ထုတ်လွှတ်လိုက်သော မီးခိုးငွေ့တွေကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုဖောက်ပြန်လာခြင်း၊ စက်ရုံများမှ စွန့်ပစ္စည်းများ၊ စက်ရုံပေါက်ကွဲမှု၊ သင်္ဘောနစ်မြုပ်မှုတို့မှ ထွက်လာသော အညစ်အကြေးနှင့် အဆိပ်အတောက်များကြောင့် မြစ်ရေတွေ၊ ပင်လယ်ရေတွေ ညစ်ညမ်းပြီး လူတို့၏ သောက်သုံးရေအထိ ပျက်စီးရခြင်း (မကြာသေးမီက တရုတ်နိုင်ငံမှ စက်ရုံပေါက်ကွဲမှုကြောင့် တရုတ်နှင့် ရုရှားနိုင်ငံကမ်းခြေမှ လူများအား သောက်ရေကို ဝေပေးရခြင်း၊ အိန္ဒိယနိုင်ငံ ချာနိုဘယ်စက်ရုံ ပေါက်ကွဲမှုကြောင့် လူတွေ သေကြ၊ ဒုက္ခိတဖြစ်ကြရခြင်း) စသည်တို့လည်း ရှိနေသည်။

ဝါဒသဘောတရားလမ်းစဉ် စသည်တို့သည်လည်း လူတွေ တီထွင်ထားခြင်း ဖြစ်သည့်အတွက် အကောင်းအဆိုး ဒွန်တွဲနေသည်။ အားသာချက် အားနည်းချက်တွေရှိနေသည်။ အလားတူပင် နိုင်ငံတစ်နိုင်ငံသည်လည်း အကောင်းချည်း မဖြစ်နိုင်သလို အဆိုးချည်းလည်း မဟုတ်နိုင်ပေ။

သို့ဖြစ်ခြင်းကြောင့် မည်သည့်ဝါဒ၊ မည်သည့်တီထွင်မှု၊ မည်သည့်ပစ္စည်းကို မဆို အကြွင်းမဲ့ အကောင်း၊ အဆိုး မသတ်မှတ်သင့်။ မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားကြည့်ရန်လိုပါမည်။ ဤနေရာတွင်လည်း ဗုဒ္ဓ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော 'အရာရာကို ဉာဏ်ဖြင့် ပိုင်းခြားဝေဖန် သုံးသပ်ကြည့်ရမည်' ဆိုသော (ဝိဘဇ္ဇဝါဒ) သည် ခေတ်တိုင်း၊ စနစ်တိုင်း မရှိုးနိုင်၊ မမှားနိုင်သော တရားမှန်ဖြစ်ကြောင်း မငြင်းသာပေ။

## လူ့ယဉ်ကျေးမှု

'ယဉ်ကျေးမှု' ဟူ၍ မြန်မာစကားတွင် တစ်လုံးတည်းရှိသော်လည်း အင်္ဂလိပ်ဘာသာစကားတွင်ကား—

၁ culture နှင့်
၂ civilization ဟူ၍ နှစ်မျိုးရှိနေသည်။

Culture သည် လက်တင်ဘာသာစကား colere မှ ဆင်းသက်လာခြင်း ဖြစ်ပြီး 'ထွန်ယက်စိုက်ပျိုးခြင်း' ဟု အဓိပ္ပာယ်ရ၏။ သို့ဖြစ်ခြင်းကြောင့် culture နှင့်တွဲပြီး agriculture, horticulture, floriculture စသော စိုက်ပျိုးရေး ဆိုင်ရာ ဝေါဟာရများဖြစ်ပေါ်လာသည်။ စိုက်ပျိုးရေးသည် သစ်စေ့မှ အပင်

အပွင့်အသီးများ ဖူးပွင့်ဝေဆာလာအောင် လုပ်ခြင်းဖြစ်သကဲ့သို့ ယဉ်ကျေးမှု ဟူသည်မှာလည်း လူတစ်ဦး၏ စိတ်အတွင်းမှ ကောင်းမြတ်သော အရည်အသွေးများ ဖွံ့ဖြိုးလာအောင် ဖန်တီးခြင်းပင်ဖြစ်လေသည်။

Civilization ကတော့ နောက်ကျမှပေါ်လာသော စကားဖြစ်ပြီး civility မှ ဆင်းသက်လာသည်။ ဒေါက်တာဂျွန်ဆန်ပြုစုသော အင်္ဂလိပ်အဘိဓာန်တွင် civilization မပါ civility သာ ပါသည်။ civility ဆိုသည်မှာ civil (မြို့ပြ) နှင့် သက်ဆိုင်သော အဓိပ္ပာယ်ဖြစ်သည်။ တစ်နည်းအားဖြင့် မြို့ပြပြည်ရွာ၊ အဆောက်အအုံ၊ အသုံးအဆောင်ပစ္စည်း စသော ရုပ်ဝတ္ထုများ ဖွံ့ဖြိုးတိုးတက်မှုကို ရည်ညွှန်းလေသည်။

ဤအဓိပ္ပာယ် ဖွင့်ဆိုချက်များအရ—

၁ culture ဆိုသော ယဉ်ကျေးမှုသည် လူ၏ စိတ်ပိုင်းဆိုင်ရာဖြစ်သော ပညာရေး၊ ကျင့်ဝတ်၊ အနုပညာ၊ စာပေ၊ ဓလေ့ထုံးတမ်း၊ တရားဥပဒေ၊ ဒဿန၊ ဘာသာရေး စသော တိုးတက်မှုကို ရည်ညွှန်းပြီး၊

၂ civilization ဆိုသည်မှာကား နေအိမ်တိုက်တာ၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေး စသော ရုပ်ပိုင်းတိုးတက်မှုများကို ရည်ညွှန်းလေသည်။

သို့သော်လည်း လူတွေကတော့ ယဉ်ကျေးမှုဟုဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကိုသာ အများဆုံး နားလည်နေကြသည်။ ဗုဒ္ဓတရားသည် အလယ်အလတ်ကျင့်စဉ်ဖြစ်ခြင်းကြောင့် ကာမဂုဏ်ကို အလွန်အကျူး လိုက်စားခြင်းအစွန်း (ရုပ်ပိုင်းအစွန်း) နှင့် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်၍ ကျင့်ခြင်းအစွန်း (စိတ်ပိုင်းအစွန်း) နှစ်မျိုးစလုံးကို ပယ်လေသည်။

**ဗုဒ္ဓတရားက လူတိုင်းအား တောထွက်ရမည်၊ ရဟန်းပြုရမည်ဟု မတောင်းဆိုပေ။ လူဝတ်ကြောင်အဖြစ်ဖြင့် အိမ်ရာတည်ထောင်ပြီး အိမ်ထောင်ရှင်ဘဝဖြင့်ပင် သောတာပန်၊ သကဒါဂါမ် စသော သူတော်ကောင်း ပုဂ္ဂိုလ်များဖြစ်နိုင်လေသည်။** ဗုဒ္ဓခေတ်က ထင်ရှားသော ကျောင်းအမကြီး ဝိသာခါ၊ ဆေးဆရာကြီး ဇီဝက၊ သူဌေးကြီး အနာထပိဏ်တို့သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်များဖြစ်ကြ၏။ မြတ်စွာဘုရားဟောထားသော မင်္ဂလသုတ်၊ သိင်္ဂါလသုတ်တို့သည် လူအား ကိုယ်ရောစိတ်ပါ ချမ်းသာစေမည့်လမ်းညွှန်ချက်များ ဖြစ်လေသည်။

ဗုဒ္ဓတရားသည် လူ့လောကမှ ထွက်ပြေးသော တရားမဟုတ်ပေ။ ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင်ပင် တရားရှာရန် တောထွက်သွားခဲ့သော်လည်း

တရားသိမြင်ပြီးသောအခါ လူ့အသိုက်အဝိုင်းအတွင်းသို့ ပြန်လာပြီး ၄၅-ဝါ ကာလပတ်လုံး လူတို့အား တရားဟောပြ ဆုံးမတော်မူခဲ့လေသည်။

ဗုဒ္ဓတရားက လူအား လူ၏ (တရားနှင့်ညီသော) ခံစားမှုများကို ခွင့်ပြုလေသည်။ ၎င်းတရားနှင့်ညီမှုသည် ဗုဒ္ဓလူ့ကျင့်ဝတ်၏ အခြေခံဖြစ်၏။ (ဗုဒ္ဓလူ့ကျင့်ဝတ်ကို နောက်ပိုင်းတွင် တင်ပြပါမည်။) လူသည် ပညာရှာခွင့်၊ အိမ်ရာတည်ထောင်ခွင့်၊ မျိုးဆက်ပြန့်ပွားခွင့်၊ စီးပွားရှာခွင့်၊ သားသမီးများအား ပြုစုပျိုးထောင်ခွင့်၊ ဆွေမျိုးမိတ်သင်္ဂဟများအား ကူညီထောက်ပံ့ခွင့်၊ ရပ်ရေး ရွာရေး တိုင်းရေးပြည်မှုတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ ၎င်းကို ဗုဒ္ဓတရားက ခွင့်ပြုထားသည်။

အချို့သော အနောက်တိုင်း အတွေးအခေါ်ရှင်များက ဗုဒ္ဓတရားသည် ဒုက္ခသစ္စာကို အခြေပြုထားသည်ကိုကြည့်ပြီး အဆိုးမြင်ဝါဒ၊ စိတ်ပျက် အားလျှော့ဝါဒဟု စွပ်စွဲကြ၏။ ဗုဒ္ဓတရားသည် ဒုက္ခသစ္စာတစ်ခုတည်း မဟုတ်ပေ။ သစ္စာလေးပါးရှိသည်။ ၎င်းတို့မှာ—

| | | |
|---|---|---|
| ၁ ဒုက္ခသစ္စာ | = | ဒုက္ခရှိနေခြင်း အမှန်တရား၊ |
| ၂ သမုဒယသစ္စာ | = | ဒုက္ခဖြစ်ပေါ်ခြင်းအကြောင်း အမှန်တရား၊ |
| ၃ နိရောဓသစ္စာ | = | ဒုက္ခငြိမ်းခြင်း အမှန်တရား၊ |
| ၄ မဂ္ဂသစ္စာ | = | ဒုက္ခငြိမ်းကြောင်း လမ်းမှန်တရား။ |

ဆရာဝန်သည် လူနာအား မကုသမီ သူ၏ ရောဂါလက္ခဏာကို ဦးစွာ စမ်းသပ်စစ်ဆေးရသည်။ ဘာရောဂါမှန်းသိမှ ၎င်းရောဂါ ပျောက်ကင်းအောင် ကုသပေးနိုင်သည်။ ရောဂါဟူ၍ မရှိလျှင် ဆရာဝန်သည်လည်းကောင်း၊ ဆေးဝါးသည်လည်းကောင်း မလိုအပ်ပေ။ ဆေးပညာသည်လည်း သစ္စာလေးပါးကဲ့သို့ပင် အခြေခံလေးရပ်အပေါ်တွင် တည်ဆောက်ထားလေသည်။

| | | |
|---|---|---|
| ၁ ရောဂ | = | ရောဂါဝေဒနာ၊ |
| ၂ ရောဂဟေတု | = | ရောဂါဖြစ်ခြင်းအကြောင်း၊ |
| ၃ အာရောဂျ | = | ရောဂါပျောက်ကင်းခြင်း၊ |
| ၄ ဘေသဇ္ဇ | = | ရောဂါပျောက်ကြောင်း ဆေးဝါးကုသမှု။ |

ဗုဒ္ဓမြတ်စွာဘုရားသည် လူတို့၏ စိတ်ရောဂါများကို ပျောက်ကင်းအောင် ကုသပေးသော ပုဂ္ဂိုလ်ကြီးဖြစ်သဖြင့် ဗုဒ္ဓအား ဘေသဇ္ဇဂုရု (= ဆေးဆရာကြီး) ဟုခေါ်ကြသည်။ ဗုဒ္ဓတရားကြောင့် ကိုယ်ရော စိတ်ပါ ချမ်းသာကြသူတွေ မရေ

တွက်နိုင်တော့ပေ။ ဗုဒ္ဓဘာသာဝင်များသည် ပျော်ရွှင်ချမ်းမြေ့သူများဖြစ်ကြ၏။ သို့ဖြစ်ခြင်းကြောင့် ဗုဒ္ဓတရားကို အဆိုးမြင်ဝါဒ၊ စိတ်ပျက်အားလျော့ဝါဒ၊ လောကမှ ထွက်ပြေးရေးဝါဒဟု ယူဆခြင်းမှာ လုံးဝ မှားပေသည်။

လူသည် ရုပ်ပိုင်းတိုးတက်မှုများ (တိုက်တာတွေ၊ ရွှေငွေတွေ၊ ယာဉ်ရထားတွေ၊ အသုံးအဆောင်ပစ္စည်းတွေ စသည်) ပြည့်စုံသော ဘဝကိုရဖို့ (civilized) ဖြစ်ရန်လိုအပ်သကဲ့သို့ စိတ်ပိုင်းတိုးတက်မှု (ရိုးသားမှု၊ မေတ္တာ၊ စေတနာထားမှု၊ ကိုယ်ချင်းစာတရားရှိမှု၊ လွန်ကဲသော အတ္တစွဲကင်းမှု စသည်) ပြည့်ဝသော ဘဝကိုရဖို့ (cultured) ဖြစ်ရန်လည်းလိုလေသည်။ **ဤယဉ်ကျေးမှုနှစ်မျိုး ပြည့်စုံမှ တကယ် ယဉ်ကျေးသည်ဟု ပြောရသည်။**

ယနေ့ခေတ် ကမ္ဘာ့ယဉ်ကျေးမှုသည် ရုပ်ပိုင်းလွန်ကဲပြီး စိတ်ပိုင်းလျော့နည်းနေသော တစ်ဘက်စောင်းနင်း ယဉ်ကျေးမှုဖြစ်နေသည်။ လူတွေသည် ပိုက်ဆံချမ်းသာဖို့၊ အာရုံခံစားဖို့ကို အဓိက ထားနေကြသည်။ ယဉ်ကျေးမှုဟုခေါ်ကြသော စာပေတွေ၊ ဖျော်ဖြေရေး (ရုပ်ရှင်၊ ဗီဒီယို) တွေ၊ ဂီတသီချင်းတွေမှာ အာရုံခံစားမှုကို ဦးစားပေးပြီး ရိုက်ကူးထုတ်လုပ်နေကြတာတွေ များနေသည်။ လူတို့၏ စိတ်ပိုင်းကြွယ်ဝမှုကို ဦးစားမပေးဘဲ တဒင်္ဂပျော်ရွှင်မှု၊ အာရုံခံစားမှုတို့ကိုပေးတတ်သော လိင်မှုကိစ္စများ၊ အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ စသည်တို့ကို ပုံစံအမျိုးမျိုးဖြင့် ဖော်ကျူးနေကြသည်။

ရုပ်ပိုင်းချမ်းသာမှုသည် ယနေ့ခေတ် ကမ္ဘာ့ယဉ်ကျေးမှု၏ပန်းတိုင်ဖြစ်နေ၏။ ငွေကြေးပိုက်ဆံသည် လူတို့၏ကိုးကွယ်ရာဖြစ်နေ၏။ ငွေရှိသူသည် အရာရာကို လွှမ်းမိုး၏။ လူထုဆက်သွယ်ရေး (စာနယ်ဇင်း၊ ရုပ်မြင်သံကြား၊ ဂြိုဟ်တုသတင်းကွန်ရက်)တို့သည် ငွေရှိသူတွေ၏ လက်ထဲတွင်ရှိနေသည်။ မီဒီယာ (media) ဟု ခေါ်နေကြသော သတင်းထုတ်လွှင့်မှုများကိုလည်း ငွေရှိသူတွေကခြယ်လှယ်နေကြသည်။

ငွေရှိသူတို့သည် သတင်းနှင့် ဖျော်ဖြေရေးလက်နက်ကိုသုံးပြီး လူတို့၏ စိတ်ကို သူတို့လိုရာ ပုံသွင်းနေကြသည်။ သတင်းနှင့် ဖျော်ဖြေရေးလုပ်ငန်းကို စီးပွားရေးအဖြစ် လုပ်နေကြသည်။ စီးပွားဖြစ်နေကြသည်။ အရာရာကို စီးပွားရေးရှုထောင့်မှကြည့်ပြီးလုပ်ကြသည်။ ယနေ့ခေတ် ကမ္ဘာ့ယဉ်ကျေးမှုသည် စီးပွားရေးယဉ်ကျေးမှု (commercial culture) ဖြစ်နေလေသည်။

ဤအခြင်းအရာကို သိမြင်ကြသော ဘာသာရေးခေါင်းဆောင်များ၊ တွေးခေါ်ရှင်များ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ လူမှုပြုပြင်ရေးသမားများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများသည် လူတို့အား စိတ်ပိုင်းကြွယ်ဝမှု၊

စိတ်ပိုင်းတန်ဖိုးများ ပြည့်စုံမှု၊ သဘာဝပတ်ဝန်းကျင်အား အလေးထား ထိန်းသိမ်းမှုကို အာရုံပြုလာအောင် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသည်၊ ဟောပြောနေကြသည်၊ ရေးသားနေကြသည်၊ လှုံ့ဆော်နေကြသည်။ ဤသည်မှာ အားတက်ဖွယ်လက္ခဏာ ဖြစ်လေသည်။

စက်မှုထွန်းကားသော အနောက်တိုင်းနိုင်ငံများမှ အချို့လူများသည် စက်ယန္တရားယဉ်ကျေးမှုကို ငြီးငွေ့လာကြပြီး စိတ်ချမ်းသာမှုကို ရှာဖွေလာကြ၏။ အရှေ့တိုင်းမှ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ယောဂကျင့်စဉ်၊ သမထဘာဝနာ ကျင့်စဉ်များကို စိတ်ဝင်စားလာကြ၏။ လေ့လာကြ၏။ စမ်းသပ် ကျင့်ကြံကြ၏။ တရားရှုမှတ်ကြ၏။

စိတ်၏ငြီးငွေ့မှုသည် တရားရှာကြံမှု၏ လမ်းစဖြစ်၏။ လက်ရှိ စိတ်အခြေအနေကို ငြီးငွေ့လာလျှင်၊ စိတ်၏အေးချမ်းမှု တည်ငြိမ်မှုကိုပေးနိုင်သော တရားကို ရှာဖွေလာကြပေမည်။

လူသည် ရုပ်အာရုံ ခံစားမှုသက်သက်ကို ကြာရှည်လေးမြင့် မနှစ်မြို့ မပျော်မွေ့နိုင်ပေ။ နေ့စဉ်နှင့်အမျှ စားကောင်းသောက်ဖွယ်ကိုစား၊ ကာမဂုဏ် အာရုံခံစားမှုတွေ နောက်သို့လိုက်၊ သေရည်အရက်များ၊ မူးယစ်ဆေး အကူအညီဖြင့် စိတ်ပျော်အောင်ဖန်တီး၊ အချိန်ကုန်တော့ အိပ်။ နောက်တစ်ရက်လည်း သည်အတိုင်း နောက်တစ်နေ့လည်း အလားတူဆိုလျှင် ကြာတော့ သည်ဘဝကို ငြီးငွေ့လာမည်မှာ အမှန်ပင်။ ထိုကဲ့သို့သော ယဉ်ကျေးမှုသည် တစ်ပုံစံတည်း (monolithic)၊ တစ်မျိုးတည်း (singularistic) ဖြစ်နေမည်။

လူ၏ကိုယ်ခန္ဓာတွင် အင်္ဂါအစိတ်အပိုင်းအမျိုးမျိုးပါဝင်ပြီး ထိုအင်္ဂါတို့သည် သူ့လုပ်ငန်းနှင့်သူ အသီးသီး ဆောင်ရွက်ကြလေသည်။ အလားတူပင် လူ့ယဉ်ကျေးမှုသည်လည်း ကွဲပြားခြားနားမှု (diversity) ရှိရပေမည်။ လူမျိုးတစ်မျိုးနှင့် တစ်မျိုး သမိုင်းနောက်ခံချင်း၊ ရေမြေဒေသချင်း၊ ဓလေ့ထုံးတမ်းချင်း မတူကြသလိုဘဲ လူတို့သည်လည်း တစ်ပြေးညီ မဖြစ်နိုင်ပေ။ ရုပ်ဝတ္ထုပစ္စည်းတွေ ပေါကြွယ်နေသော်လည်း စိတ်၏ အာဟာရချို့တဲ့နေလျှင် အမှန်တကယ် ချမ်းသာသောသူ မဖြစ်နိုင်ပေ။ ကိုယ်ခန္ဓာကြီးကို အလှဆင်၊ ကိုယ်ခန္ဓာကြီးကို အလိုလိုက်၊ ကိုယ်ခန္ဓာကြီးဖြင့် ကာမဂုဏ်တွေ အမျိုးမျိုးခံစားနေပြီး စိတ်ထဲတွင်တော့ ဘာယုံကြည်မှုမျှ မရှိ၊ ဘာမြင့်မြတ်မှုမျှ မရှိ၊ တည်ငြိမ်အေးချမ်းမှု မရှိ၊ ဗလာဟောင်းလောင်းဖြစ်သည်ဆိုလျှင် ထိုလူသည် ရုပ်ခန္ဓာ၏ ကျေးကျွန်၊ ကာမဂုဏ်၏ ကျေးကျွန်သာ ဖြစ်ပေလိမ့်မည်။

# အတ္တနှင့် ပရ

အတ္တသည် မိမိကိုယ်ဖြစ်ပြီး ပရသည် သူတစ်ပါးဖြစ်သည်။ တကယ်တော့ သူတစ်ပါး (သက်ရှိသတ္တဝါများ အပါအဝင်) ဆိုသည်မှာလည်း မိမိကဲ့သို့ ကိုယ်စိတ်နှစ်မျိုးဖြင့် ဖွဲ့စည်းထားသူတွေပင် ဖြစ်သည်။ **'သူ' ဆိုတာ အခြားသော 'ငါ' တစ်ယောက်ပင်။** ကိုယ်ချမ်းသာချင်သလို သူလည်း ချမ်းသာချင်မည်။ ကိုယ်ဘေးကင်းချင်သလို သူလည်း ဘေးကင်းချင်မည်။ ဤကဲ့သို့သော ကိုယ်ချင်းစာတရားဖြင့် သူတစ်ပါးအပေါ် စာနာထောက်ထားခြင်း၊ ကူညီခြင်း၊ ဝေမျှခြင်းသည် ဗုဒ္ဓလူ့ကျင့်ဝတ်၏ အခြေခံဖြစ်လေသည်။

ဗုဒ္ဓသည် ဘုရားဖြစ်အောင် ဦးစွာ ကျင့်ကြံအားထုတ်ရ၏။ ဘုရားဖြစ်သောအခါ သူ၏ကိုယ်ကျိုးသည် ပြည့်စုံသွားပြီ။ သို့သော် ဘုရားသည် ထိုတွင် ရပ်မနေဘဲ ဆွေမျိုးများကိုလည်းကောင်း၊ အခြားသော လူများကိုလည်းကောင်း ဟောပြောဆုံးမပြီး ချမ်းသာအောင် ဆောင်ရွက်တော်မူခဲ့သည်။ သို့ဖြစ်ရာ ဗုဒ္ဓမြတ်စွာဘုရား၏ စရိယသုံးပါးလမ်းစဉ်သည် အတ္တဟိတ၊ ပရဟိတ ပြည့်စုံသောလမ်းစဉ်ဖြစ်လေသည်။

**သူတစ်ပါးအတွက် စဉ်းစားတတ်ခြင်းသည် တိရစ္ဆာန်နှင့် စည်းခြားလိုက်သော လူ၏ ဂုဏ်အရည်အချင်းဖြစ်၏။** တိရစ္ဆာန်သည် သူတစ်ပါးအတွက် မစဉ်းစားတတ်ပေ။ ကိုယ်စားရဖို့သာ ရှာဖွေစားကြသည်၊ ပိုလျှံလျှင်လည်း (မိမိ၏ ရင်သွေးမှတစ်ပါး) အခြားသူအား ဝေမျှ မပေးပေ။ လူကတော့ မိမိအတွက် ပြည့်စုံလျှင် သူတစ်ပါးအား ဝေမျှတတ်သည်။

မိမိအတွက် ပြည့်စုံသော်လည်း သူတစ်ပါးအတွက် မစဉ်းစားသူသည် လူပင်ဖြစ်သော်လည်း လူ၏ ဂုဏ်နှင့်မညီသူ ဖြစ်လေသည်။ လူသည် သူတစ်ပါးအတွက် မိမိ၏ ငွေကြေးဉစ္စာပစ္စည်းဖြင့်ဖြစ်စေ၊ အတတ်ပညာဖြင့်ဖြစ်စေ၊ အကြံဉာဏ်ဖြင့်ဖြစ်စေ၊ လုပ်အားဖြင့်ဖြစ်စေ အကျိုးပြုသင့်လေသည်။

ပညာရှိသူတော်ကောင်းကြီးတစ်ယောက်နှင့် ကျောင်းသားငယ်တစ်ယောက်တို့ အမေးအဖြေလုပ်ကြပုံမှာ—

*'မင်း အခုဘာလုပ်နေသလဲ'*

*'စာတော်အောင် ကြိုးစားနေပါတယ်'*

*'အဲဒါပြီးတော့ကော'*

*'စာမေးပွဲမှာ ဂုဏ်ထူးတွေနဲ့အောင်ဖို့ လုပ်ပါ့မယ်'*

*'အဲဒါပြီးတော့ကော'*

*'တက္ကသိုလ်မှာ လိုင်းကောင်းကောင်းရအောင် ကြိုးစားပါ့မယ်'*

*'အဲဒါပြီးတော့ကော'*

*'ဘွဲ့တွေရအောင် ယူပါ့မယ်'*

*'အဲဒါပြီးတော့ကော'*

*'ကြီးပွားချမ်းသာအောင် အလုပ်လုပ်ပါ့မယ်'*

*'အဲဒါပြီးတော့ကော'*

*'အိမ်ထောင်ပြုပါ့မယ်'*

*'အဲဒါပြီးတော့ကော'*

*'သားသမီးတွေကို ပညာသင်ပေးဖို့ အိမ်ထောင်ရက်သားချပေးဖို့ အမွေပေးဖို့ လုပ်ပါ့မယ်'*

*'အဲဒါပြီးတော့ကော'*

*'အဲဒီနောက်မှာတော့ အလုပ်ကအနားယူပြီး ချမ်းချမ်းသာသာ နေပါ့မယ်'*

*'(?)အဲဒါပြီးတော့ကော'*။

လူသည် မိမိနှင့် မိမိ၏ မိသားစုအတွက် လုပ်ကြရမည်မှာ သဘာဝကျသည်။ ထိုအချက်ကို ဗုဒ္ဓတရားက လက်ခံသည်။ တစ်ခါက ဝေဠုဒွါရ ရွာသားတို့က မိမိတို့သည် သားမယားတို့ဖြင့် အိမ်ရာတည်ထောင်လိုပါသည်။ စီးပွားဉစ္စာရှာလိုပါသည်။ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြယ်ခြင်း၊ ရွှေငွေတို့ကို ပိုင်ဆိုင်သုံးစွဲခြင်းတို့ပြုလိုပါသည်။ သေပြီးသည့်နောက်တွင်လည်း နတ်ပြည်သို့ ရောက်လိုပါသည်။ ထိုကဲ့သို့သော တရားမျိုးကို တပည့်တော်တို့အား ဟောပြပါဟု မြတ်စွာဘုရားအား တောင်းပန်ကြရာ မြတ်စွာဘုရားက ကိုယ်ချင်းစာနာစိတ်ဖြင့် မိမိ မခံလိုသည်ကို သူတစ်ပါးအပေါ် မပြုခြင်း၊ [၁၊ သူ့အသက်ကို သတ်ခြင်း။ ၂၊ သူ့ဉစ္စာကို ခိုးခြင်း။ ၃၊ သူ့အိမ်ရာကို လွန်ကျူးခြင်း။ ၄၊ လိမ်လည်ပြောဆိုခြင်း။ ၅၊ ကုန်းတိုက်ခြင်း။ ၆၊ ကြမ်းတမ်းသော စကားကိုပြောခြင်း။ ၇၊ အကျိုးမရှိသော စကားကိုပြောခြင်း- ဤခုနစ်မျိုးကို မပြုခြင်း။] အားဖြင့် မိမိတို့၏ ဆန္ဒပြည့်စုံစေနိုင်သည်ဟု ဟောတော်မူခဲ့သည်။

ဤဝေဠုဒွါရရွာသားတို့၏ ဆန္ဒသည် လူသားအားလုံး၏ ဆန္ဒပင်ဖြစ်ပေ၏။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓတရားသည် လူ၏ ယခုဘဝ၊ နောက်ဘဝ ချမ်းသာရေးအတွက် ပြည့်စုံသော လမ်းညွှန်ချက်ဖြစ်ကြောင်း တွေ့နိုင်ကြပြီ။ ဗုဒ္ဓတရားက လူတွေကို ကာမဂုဏ် မခံစားရ၊ စီးပွားမရှာရဟု မတားမြစ် မပိတ်ပင်ပေ။ တရားနှင့်ညီသော အဆိုပါ ခံစားမှုများကို ခွင့်ပြုပေသည်။ မင်္ဂလသုတ်တွင်

သားသမီးများ၊ ဆွေမျိုးများအား ကျွေးမွေးထောက်ပံ့ခြင်းပါသလိုပင် သားသမီးများ၊ အချိန်တန်အရွယ်ရောက်လျှင် သင့်တော်သူနှင့် ထိမ်းမြားပေးရန်လည်းပါလေသည်။ သိင်္ဂါလောဝါဒသုတ်တွင်လည်း လင့်ဝတ္တရား၊ မယားဝတ္တရားများကို ပြဌာန်းထားသည်။

## အိမ်ထောင်ရေး

ဗုဒ္ဓတရားက ပုထုဇဉ်လူသားများအား အိမ်ရာတည်ထောင်ခွင့်ပြုထားသည်။ ကမ္ဘာ့သမိုင်းတွင် အိမ်ထောင်ရေးပုံစံအမျိုးမျိုးပေါ်ခဲ့၏။

၁ Monogamy = တစ်လင်တစ်မယားစနစ်။
၂ Polygamy = မယားအများယူသောစနစ်။
၃ Polyandry = လင်အများယူသောစနစ်။

ဤပုံစံအမျိုးမျိုးအနက် ဗုဒ္ဓတရားက တစ်လင်တစ်မယားစနစ်ပုံစံကိုသာ ခွင့်ပြုလေသည်။ လင့်ဝတ္တရားငါးပါးတွင် ဇနီးသည်အပေါ် သစ္စာရှိရန်ပါသကဲ့သို့ မယားဝတ္တရားငါးပါးတွင်လည်း လင်သားအပေါ် သစ္စာရှိရန်ပါသည်။ ငါးပါးသီလတွင်လည်း သူတစ်ပါး သားမယားနှင့် အုပ်ထိန်းခြင်း မကင်းသော အမျိုးသမီးအား သွားလာခြင်း မပြုရသော သိက္ခာပုဒ်ပါရှိသည်။

တစ်လင် တစ်မယားစနစ်ကို ကမ္ဘာကလည်း လက်ခံထားကြ၏။ တစ်လင်တစ်မယားစနစ် ကျင့်သုံးနေလျှင် မလိုလားအပ်သော အိမ်ထောင်ပြိုကွဲမှု၊ သားသမီးများအား ထိခိုက်မှု၊ စီးပွားရေးပျက်စီးမှု၊ ကျန်းမာရေး ချွတ်ယွင်းမှုများ မဖြစ်နိုင်တော့ပေ။ သာယာသော အိမ်ထောင်ရေးဖြစ်မည်။

ယနေ့ကမ္ဘာပေါ်တွင် ကုမရသော လူသတ်ရောဂါကြီးမှာ အေအိုင်ဒီအက်စ်ဖြစ်သည်။ အေအိုင်ဒီအက်စ်ဖြစ်လျှင် ကုရာနတ္ထိ ဆေးမရှိတော့ပေ။ အနှေးနှင့်အမြန် သေရန်သာရှိသည်။ ဤရောဂါဖြစ်ခြင်းမှာ ရောဂါရှိသူနှင့် လိင်ဆက်ဆံမှု၊ ရောဂါပိုးရှိသူအား ထိုးထားသော အပ်ဖြင့် ဆေးထိုးခံရမှုကြောင့်ဖြစ်၏။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးကြရန်၊ အိမ်ထောင်ရှင်အချင်းချင်း သစ္စာရှိကြရန်၊ အိမ်ထောင်ပြင်ပ အပျော်မရှာကြရန် တိုက်တွန်းနေလေသည်။ ဤအချက်က ဗုဒ္ဓတရား၏ အိမ်ထောင်ရေးစနစ်သည် မည်မျှမှန်ကန်၍ အကျိုးရှိကြောင်းကို ထင်ရှားစေပြီ။

## တစ်ဖက်စောင်းနှင့်သမိုင်း

ကမ္ဘာ့တက္ကသိုလ်များတွင် သင်ကြားနေကြသော ကမ္ဘာ့သမိုင်းသည် နယ်ချဲ့တို့၏ သမိုင်းအမြင်ကို ထင်ဟပ်နေ၏။ ၁၉-ရာစုနှစ်မှစ၍ နယ်ချဲ့နိုင်ငံများသည် တိုင်းတစ်ပါးနိုင်ငံများအား ကျူးကျော်သိမ်းပိုက်ပြီး ထိုနိုင်ငံများမှ သယံဇာတနှင့် လုပ်အားကို ခြယ်လှယ်သွေးစုပ်ကြသည်။ ထိုမျှသာမက နယ်ချဲ့တို့၏ သမိုင်းအမြင်ဖြစ်သော ခေတ်မီတိုးတက်သော နိုင်ငံများက ခေတ်နောက်ကျနေသော နိုင်ငံများအား ကယ်တင်ရန်၊ မြှင့်တင်ပေးရန်အတွက် ထိုကဲ့သို့ သိမ်းပိုက်ရသည် ဆိုသော အမြင်ကို တိုင်းရင်းသားများအတွင်း ဖြန့်ချိကြလေသည်။ ထို့အမြင်အားဖြင့်ဆိုလျှင် တိုင်းရင်းသားတို့သည် ယဉ်ကျေးမှုအဆင့်အတန်းနိမ့်ကျသည်၊ ပညာမဲ့သည်၊ အယူသည်းသည်၊ အုပ်စိုးသူမင်းများသည်လည်း စိတ်ဖောက်ပြန် ရူးသွပ်နေသော၊ ရက်စက်ကြမ်းကြုတ်သော မင်းများ ဖြစ်ကြသည်။

ကမ္ဘာတွင် သင်ပေးနေသော ကမ္ဘာ့သမိုင်းတွင်—

- ❶ ရှေးခေတ် = ရစ်မပေါ်မီ နှစ် ၅၀၀၀-မှ ၁-နှစ်အတွင်း (ထိုခေတ်ကာလအတွင်းတွင် အီဂျစ်၊ ယူဖရေးတီး-တီဂရစ်၊ အဆီးရီးယန်း၊ ဘေဘီလုံ၊ ကာသေ့၊ အစ္စရေး၊ ပါရှန်း၊ ဂရိ၊ အိန္ဒိယ၊ တရုတ် စသည်တို့ ပါဝင်သည်။)
- ❷ ရောမခေတ် = ခရစ်နှစ် ၁-မှ ၅၀၀-အတွင်း (ထိုခေတ်ကာလအတွင်း ရောမနိုင်ငံတော်ကြီးထွားလာခြင်း၊ ခရစ်ယာန်ဘာသာပေါ်ထွန်းခြင်း၊ ပြန့်ပွားခြင်း၊ ရောမရဟန်းမင်းများ တန်ခိုးကြီးလာခြင်း၊ ရောမ ပျက်စီးခြင်းများပါဝင်သည်။)
- ❸ အလယ်ခေတ်အစပိုင်း = ခရစ်နှစ် ၅၀၀-မှ ၁၀၅၀-အတွင်း။
- ❹ အလယ်ခေတ်အလယ်ပိုင်း = ခရစ်နှစ် ၁၀၅၀-မှ ၁၂၇၀-အတွင်း။
- ❺ အလယ်ခေတ်နှောင်းပိုင်းနှင့် ရိနေးဆွန်းခေါ် ဉာဏ်သစ်ဆန်းချိန်ခေတ် = ခရစ်နှစ် ၁၂၇၀-မှ ၁၅၁၇-အတွင်း။
- ❻ ပြုပြင်ရေးခေတ်နှင့် ဘာသာရေးစစ်ပွဲများခေတ် = ခရစ်နှစ် ၁၅၁၇ မှ ၁၆၆၀-အတွင်း။

ဤကမ္ဘာ့သမိုင်းတွင် ဥရောပ၏ သမိုင်းက လွှမ်းမိုးနေသည်၊ အဓိက ဖြစ်နေသည်။ ထိုသမိုင်းသည် ဥရောပဗဟိုပြုသမိုင်း (Eurocentric History) ဖြစ်နေသည်။ ထိုသမိုင်းသည် 'ကမ္ဘာ့သမိုင်း' အမည်ကို မရထိုက်ပေ။

ထိုအထဲတွင် မပါသေးသော အာရှ၊ အာဖရိကနိုင်ငံများသမိုင်း၊ အိန္ဒိယနိုင်ငံသမိုင်းနှင့် တရုတ်နိုင်ငံသမိုင်းတို့ကိုလည်း ယခုထက် ဘက်စုံထောင့်စုံ ကျယ်ကျယ်ပြန့်ပြန့်ရေးသားရန်လိုနေသေးသည်။ ကိုလံဘတ်မရောက်မီက အမေရိကတိုက်၏သမိုင်းကိုလည်း ရေးရန်လိုသေးသည်။ နောက်ပိုင်းခေတ်များတွင် သမိုင်းဆရာတို့သည် အဆိုပါသမိုင်းများကို တခမ်းတနားရေးသားကြသော ကျမ်းများစွာပေါ်ထွက်ခဲ့လေပြီ။

တကယ်တော့ ယဉ်ကျေးမှုအရာတွင် အရှေ့တိုင်းသည် အနောက်တိုင်းထက် နောက်မကျပေ။ နောက်ပိုင်းတွင် အနောက်တိုင်းက သိပ္ပံနှင့် စက်မှုထွန်းကားပြီး လက်နက်အင်အားကြီးလာသဖြင့် ကမ္ဘာကို နယ်ချဲ့စိုးမိုးနိုင်ကာ သူတို့သာ ယဉ်ကျေးသူတွေအဖြစ် ဖန်တီးလာကြခြင်းဖြစ်လေသည်။

ယနေ့နှစ်ဆယ့်တစ်ရာစုတွင်ကား ထိုသမိုင်းအမြင်သည် စွန့်ပစ်ခြင်းခံရလေပြီ။ လူသား၏ မူလအစနှင့်ပတ်သက်၍ပင် ယခင်တုန်းကလက်ခံထားခဲ့ကြသော 'လူသည် အာဖရိကတွင် စ၍ပေါ်လာပြီးမှ ဥရောပသို့ ပျံ့နှံ့သွားသည်' ဆိုသော အဆို (African Eve Theory) ကို ပညာရှင်တို့ ပြန်လည် ဆန်းစစ်နေကြပြီ။ လူသည် အာရှတွင် စ၍ပေါ်ထွန်းကြောင်း တင်ပြချက်တွေ ထွက်ပေါ်လာလေပြီ။

ဥရောပသမိုင်းတွင် အလယ်ခေတ်သည် အမိုက်မှောင်ဆုံး အချိန်ကာလဖြစ်၏။ ထိုကာလတွင် တွေးခေါ်ရှင်များနှင့် သိပ္ပံပညာရှင်များသည် နှိပ်စက်ညှဉ်းပန်းခြင်း ခံကြရ၏။ အချို့မှာ အသက်ကိုပင် စွန့်လွှတ်ကြရ၏။ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တို့သည် လူအများစုအား အဝိဇ္ဇာမှိုင်းတိုက်ပြီး ခြယ်လှယ် သွေးစုပ်ကြ၏။ လူတို့သည် သာသနာ့ဝန်ထမ်းတွေပြောသမျှကို ယုံကြည်ရပြီး ခိုင်းသမျှကို လုပ်ကြရ၏။ **ပဒေသရာဇ်နှင့် ကေရာဇ်တို့သည် သာသနာ့ဝန်ထမ်းတွေနှင့် မဟာမိတ်ဖွဲ့ပြီး လူတွေကို ဖိနှိပ်ထား၏။ တစ်ခါတစ်ရံတွင်ကား သာသနာနှင့် ကေရာဇ်ဘုရင်တို့ အာဏာလွန်ဆွဲကြရာတွင် စစ်မက်ဖြစ်ပွားပြီး အပြစ်မဲ့သူတွေ သေကြရ၏။**

သာသနာ့ဝန်ထမ်းတို့သည် လူတို့ကို သာသနာရေး ကျမ်းစာတွေ မဖတ်တတ်အောင်၊ မဖတ်ရအောင် လုပ်ထားကြပြီး သာသနာရေးဆိုင်ရာ အသိပညာဗဟုသုတတွေကို လက်ဝါးကြီးအုပ်ထားကြ၏။ သူတို့နှင့် ဆန့်ကျင်သူ၊ သူတို့မယုံသက်ာသူများအား နတ်ဆိုးဝင်ပူးနေသူများ၊ စုန်းကဝေများဟု စွပ်စွဲပြီး inquisition ခေါ် ဘာသာရေးခုံရုံးတင်ပြီး ကြိုးပေးသတ်ကြ၏။ မီးရှို့သတ်ကြ၏။ ခြေလက်အင်္ဂါတွေကို ဖြတ်ပစ်ကြ၏၊ အိုးအိမ်တွေကို မီးရှို့ပစ်ကြ၏။

ထိုကဲ့သို့ ယခုဘဝတွင် လူအများစုအပေါ်၌ စိုးမိုးနေရုံသာမက တမလွန် ဘဝအတွက်ပါ အာမခံချက်များပေးပြီး စီးပွားရှာကြ၏။ သာသနာ့ဝန်ထမ်းတို့သည် ရဟန်းမင်းက ထုတ်ဝေရောင်းချသော indulgenees ခေါ် 'အပါယ်တံခါးပိတ်လက်မှတ်'များ ရောင်းချပြီး စီးပွားဖြောင့်ခဲ့ကြ၏။ ထိုလက်မှတ်မဝယ်လျှင် တမလွန်ဘဝ၌ အပါယ်ကျမည်၊ ဝယ်လျှင် အပါယ်မကျဘဲ သုခဘုံသို့ ရောက်မည်ဟု ဟောပြောကြလေသည်။

ယခုလိုနည်းမျိုးစုံဖြင့်ရရှိလာသော ငွေကြေးများဖြင့် လယ်ယာမြေတိုက်တာ၊ အဆောက်အအုံ၊ ရွှေငွေရတနာများ ပိုင်ဆိုင်လာကြပြီး အလယ်ခေတ် သာသနာ့ဝန်ထမ်းများသည် ကျိကျိတက်ချမ်းသာလာ၍ ကာမဂုဏ်စည်းစိမ်ကို အစွမ်းကုန်ခံစားကြလေသည်။ ပြင်သစ်စာရေးဆရာကြီး ဘောလ်ဇက်ရေးသားသည့် Droll Stories စာအုပ်တွင် ထိုအကြောင်းတွေကို တွေ့နိုင်သည်။

ထိုကဲ့သို့သော အဝိဇ္ဇာမှိုင်းတိုက်ပြီး လူများစုအား ချယ်လှယ် သွေးစုပ်ခြင်းမျိုး အရှေ့တိုင်းတွင် နည်းပါးသည်။ မြတ်စွာဘုရား ပွင့်တော်မူချိန် အိန္ဒိယနိုင်ငံတွင် ဗြဟ္မဏတို့သည် အလားတူပင်ဖြစ်သော်လည်း ထိုမျှလောက် ဆိုးရွားပြင်းထန်ခြင်းမရှိ၊ ကျယ်ပြန့်ခြင်းမရှိပေ။ ဗုဒ္ဓမြတ်စွာဘုရားသည် ဗြာဟ္မဏတို့၏ လက်ဝါးကြီးအုပ်မှုအောက်မှ လူအများအား လွတ်မြောက်ရန် ဟောကြားခဲ့သည်။ မြန်မာနိုင်ငံ ပုဂံခေတ်တွင် မင်းများသည် ရဟန်းတော်များအား လယ်ယာ အုန်းထန်းကျွဲနွားကျေးကျွန် လှူဒါန်းမှုများရှိသော်လည်း ၎င်းတို့မှာ သက်ဆိုင်ရာ စေတီ၊ ဘုရား၊ ကျောင်းကန်ကို ထောက်ပံ့ရန် ထိန်းသိမ်းရန်သာဖြစ်ပြီး မင်းနှင့် ပြည်သူတို့က ကြည်ညိုသဒ္ဓါစိတ်ဖြင့် လှူဒါန်းကြခြင်းသာဖြစ်သည်။ ပြည်သူလူထုအား လိမ်လည် မတရားပြုကျင့်မှုမရှိပေ။ ရဟန်းကျောင်းများတွင် ရဟန်းတော်များသည် ရွှေငွေစုဆောင်းမှု၊ လောကီစည်းစိမ်ခံစားမှုများ မရှိဘဲ ပရိယတ်ပဋိပတ်ကို အားထုတ်ကြ၏။ စာပေကျမ်းဂန်များ ရေးသားကြ၏။ လူအများကိုလည်း တရားနှင့်အညီ ဆုံးမကြ၏။ မင်းများကိုလည်း ဩဝါဒပေးကြ၏။ ကလေးငယ်များအား စာသင်ပေးကြ၏။ သို့ဖြစ်ခြင်းကြောင့် လူအများ၏ ကြည်ညိုမှု၊ မင်းများ၏ ကိုးကွယ်မှုကို ခံကြရသည်။ ရဟန်းနှင့် မင်း အားပြိုင်ခြင်း၊ အာဏာလွန်ဆွဲခြင်း၊ ရဟန်းတို့က လူရေးလူမှုတွင် ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့ပေ။

အရှေ့တိုင်းသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနောက်ကျခဲ့သော်လည်း စိတ်ပိုင်းတန်ဖိုးတွေ ကြွယ်ဝပေသည်။ ဤအချက်ကို ယနေ့ခေတ်တွင် လက်ခံလာကြပြီ။ အရှေ့တိုင်းမှ အတုယူစရာတွေကို အနောက်တိုင်းသားအချို့က

အားကျအတုယူနေကြပြီ။ အရှေ့တိုင်းသားတို့အား အရိုင်းအစိုင်းများ ဖြစ်လေဟန် နယ်ချဲ့တို့က အဆိုးမြင်ဝါဒဖြန့်ခဲ့ကြသည်ကိုလည်း ယနေ့ခေတ်တွင် သိမြင်လာကြပြီ။

## ဗုဒ္ဓတရား၏ သမိုင်းအမြင်

အထက်တစ်နေရာတွင် တင်ပြခဲ့ပြီးသည့်အတိုင်း လူတို့ တီထွင်ကြံဆလုပ်ကိုင်သမျှသည် အကောင်းအဆိုး ဒွန်တွဲနေသည်။ အကောင်းချည်းမဟုတ်သလို အဆိုးချည်းလည်း မဟုတ်ပေ။ ဤအချက်ကို မြင်အောင်ကြည့်ရန်လိုပါမည်။

ယခုလို သိပ္ပံနှင့်နည်းပညာ တိုးတက်သော မျက်မှောက်ခေတ်တွင်ပင် အကောင်းချည်းမဟုတ်လျှင် ထိုကဲ့သို့ သိပ္ပံနှင့် နည်းပညာရော၊ လူတွေ၏ အတွေးအခေါ်ပါ မတိုးတက်သေးသော သမိုင်းခေတ်တွေမှာဆိုလျှင် အဘယ်မှာ ဆိုဖွယ်ရာ ရှိပါတော့မည်နည်း။

မည်သည့် ခေတ်သမိုင်းတွင်မဆို၊ မည်သည့် နိုင်ငံသမိုင်းတွင်မဆို ကောင်းကွက်တွေကို ရှာတွေ့နိုင်သည်၊ ဆိုးကွက်တွေကိုလည်း ရှာတွေ့နိုင်သည်။ ဗုဒ္ဓတရားရှုထောင့်မှကြည့်မည်ဆိုလျှင်တော့ **လူတို့၏ ဖြစ်စဉ်မှန်သမျှသည် လူတွေ၏ ကာယကံ၊ ဝစီကံ၊ မနောကံကြောင့်ဖြစ်ရလေသည်။ မည်သည့်အရာမျှ အကြောင်းမဲ့ဖြစ်ခြင်းမရှိ၊ အကြောင်းကြောင့် အကျိုးဖြစ်ရလေသည်။ လူတွေက မှန်ကန်သော ထိုကံသုံးပါးဖြင့် ပြုမူဆောင်ရွက်လျှင် အောင်မြင် တိုးတက်မည်ဖြစ်ပြီး ထိုကံသုံးပါး မမှန်ကန်ပါက ဆုတ်ယုတ်ကျဆင်းပေမည်။**

လူ့သမိုင်းကို မဆိုထားနှင့်၊ လူတစ်ယောက်ကိုပင် ဗုဒ္ဓတရားက အသေသဘော မကြည့်မြင်ပေ။ ဆေးသိပ္ပံပညာအရ လူ၏ သွေးသည် စက္ကန့် ၃၀-ကြာတိုင်း၊ အသားသည် ၇-ရက်ကြာတိုင်း၊ အရိုးသည် ၁-လကြာတိုင်း အဟောင်းအသစ်ပြောင်းနေသည်။ ထို့ကြောင့် ယနေ့ရှိသော လူ၏ ရုပ်ခန္ဓာသည် ယခင်က ရုပ်ခန္ဓာမဟုတ်တော့ပေ။

ရုပ်သည်ပင် ထိုမျှလျင်မြန်စွာ ဖြစ်ပျက်နေပါက အချိန်နှင့်အမျှ ပြောင်းလဲနေသော လူ့စိတ်အတွက်ကား ပြောဖွယ်မရှိတော့ပြီ။ လူ့စိတ်သည် မျောက်စိတ်နှင့်တူသည်ဟု တင်စားပြောကြ၏။ ယခု စိတ်ကောင်းဝင်နေသော်လည်း

ခဏာအကြာတွင် စိတ်ဆိုးဝင်လာနိုင်သည်။ သို့ဖြစ်ခြင်းကြောင့် လူတစ်ယောက်ကို ကောင်းသည် ဆိုးသည်ဟု တစ်ထစ်ချ မမှတ်သင့်ပေ။ သူ၏ ကာယကံ၊ ဝစီကံ၊ မနောကံကို ကြည့်၍သာ ဆုံးဖြတ်ရလိမ့်မည်။

သမိုင်းကိုလည်း ဗုဒ္ဓတရားအမြင်ဖြင့်ကြည့်လျှင် အဆိုးမြင်တွေ၊ အကောင်းမြင်တွေ မလိုတော့ပေ။ ပကတိအရှိအတိုင်းသာ မြင်ရပေလိမ့်မည်။ မည်သည့်သမိုင်းကိုမဆို အကောင်းချည်းသက်သက်၊ အဆိုးချည်းသက်သက်ဟု မမြင်တော့ပေ။ အတက်ချည်းသက်သက်၊ အကျချည်းသက်သက်ဟုလည်း မယူတော့ပေ။

အတိတ်သမိုင်းကို လေ့လာပြီး မကောင်းတာကို ပယ်ရန်၊ ကောင်းတာကိုယူရန် အရေးကြီးဆုံးဖြစ်သည်။ ထိုသို့ ပယ်တတ် ယူတတ်ရန်မှာလည်း လူသည် ဉာဏ်အလင်း (ဝိဇ္ဇာ) ရှိမှသာဖြစ်နိုင်ပေမည်။ သို့ဖြစ်ခြင်းကြောင့် ဗုဒ္ဓတရားက ဉာဏ်အလင်းပွင့်ထွန်းခြင်းကို ပန်းတိုင်အဖြစ်ထားရှိခြင်းပင်။

အမျိုးသားရေးစိတ်ဓာတ်နှင့်ပတ်သက်၍လည်း ပယ်ရမည့် အစွန်းနှစ်ဖက်ရှိနေ၏။ ကိုယ့်လူမျိုးသာ အမြတ်ဆုံးဟု ထင်သော လူမျိုးကြီး အမျိုးသားရေးဝါဒ (Chauvinistic Nationalism) သည် မမှန်၊ မကောင်းသလိုပင် အမျိုးသားစိတ်လုံ့ဝကင်းမဲ့ခြင်း (lack of national spirit) သည်လည်း မကောင်းပေ။ ဖြစ်သင့်သည်မှာ ကိုယ့်အမျိုးကိုလည်း ချစ်ရမည်၊ သူတစ်ပါးကိုလည်း လေးစားရမည်။ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ခဲ့ခြင်း၊ ယနေ့ခေတ်တွင် ပြောနေကြသော ယဉ်ကျေးမှုများ ထိပ်တိုက်တိုးခြင်း (clash of civilizations)၊ လူမျိုးရေး၊ ဘာသာရေးစစ်ပွဲများ ဆင်နွှဲခြင်းတို့သည် အဆိုပါ တစ်ဖက်စောင်းနင်း သမိုင်းအမြင်နှင့်လွဲမှားသော အမျိုးသားရေးစိတ်ဓာတ်တို့ကြောင့်ပင် ဖြစ်ရလေသည်။ အလယ်အလတ်နည်းလမ်းကို ကျင့်သုံးသော ဗုဒ္ဓတရားသည် မျက်မှောက်ခေတ်ကမ္ဘာ၏ အဆိပ်အတောက်များကို ပြေပျောက်စေနိုင်သော ဆေးပင် ဖြစ်လေသည်။

တွေ၊ သင်္ချာကိန်းတန်းတွေ၊ ကိရိယာပစ္စည်းတွေ မလိုပေ။ 'သတိ'သာ လိုလေသည်။ 'သတိ'ဖြင့် အရာရာကို စောင့်ကြည့်ခြင်းသည် 'ဗုဒ္ဓနည်းပညာ'ပင် ဖြစ်လေသည်။

သိပ္ပံပညာက ပြင်ပလောကကို လေ့လာ၏။ ဗုဒ္ဓတရားက စိတ်ကို လေ့လာ၏။ ၎င်းတို့နှစ်ခုသည် ပဋိပက္ခမဖြစ်ပါ။ ဆန့်ကျင်ဘက်လည်း မဟုတ်ပါ။ နယ်ပယ်ချင်းလည်း မတူကြပါ။ သိပ္ပံပညာ၏ ဦးတည်ချက်မှာ ရုပ်ပိုင်းနိယာမများကို ဖော်ထုတ်ပြီး ရုပ်ကို စိုးမိုးရန်ဖြစ်သည်။ ဗုဒ္ဓတရားကတော့ စိတ်၏ နိယာမများကို သိရှိပြီး စိတ်၏တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ရန်ဖြစ်သည်။

ဗုဒ္ဓတရားတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူ၍ နိယာမလေးခုရှိသည်။ ၎င်းလေးခုအနက် ဥတုနှင့် အာဟာရကို သိပ္ပံပညာက လက်ခံသည်။ စိတ်ကိုလည်း လက်ခံစပြုပြီ။ ကံကိုတော့ သိပ္ပံပညာက အသိအမှတ် မပြုသေးပေ။ သိပ္ပံပညာသည် အာရုံငါးပါးဖြင့် ထိတွေ့စမ်းသပ်၍ရသော ရုပ်ဝတ္ထုပစ္စည်းတွေကိုသာ အခြေခံထားနေသောကြောင့် ဖြစ်လေသည်။

ဗုဒ္ဓတရားအရ စိတ်ဆိုသည်မှာ သိခြင်းသဘောကို ဆိုလေသည်။ ထိုစိတ်သည် ဆန်းကျယ်၏၊ စွမ်းအားသတ္တိထူးများလည်းရှိ၏။ ထိုစိတ်ကို လိမ္မာယဉ်ကျေးအောင်ထိန်းသိမ်းလျှင် လူအား ချမ်းသာစေ၏။ ထိုစိတ်ကို လေ့ကျင့်ပြီး စွမ်းအားသတ္တိများကို ဖော်ထုတ်နိုင်မည်ဆိုလျှင် ထူးခြားသော အစွမ်းများကို ရရှိစေနိုင်သည်ဟု ဗုဒ္ဓတရားက အာမခံထားသည်။ ထိုစွမ်းအားများကား သူတစ်ပါး၏ စိတ်ကို သိနိုင်ခြင်း၊ အဝေးမှမြင်ကွင်းများကို မြင်နိုင်ခြင်း၊ ကြားနိုင်ခြင်း၊ အခြားသော ဘုံဘဝများကို မြင်နိုင်ခြင်း စသည်တို့ဖြစ်၏။ ဗုဒ္ဓတရားသည် လာ၍ 'လက်တွေ့စမ်းကြည့်ပါ' 'အချိန်အခါမရွေး' အကျိုးပေးသည် စသည့် ဖိတ်ခေါ်မှုများလည်း ပြုထား၏။

ဗုဒ္ဓတရားသည် စိတ်ကူးယဉ်သဘော မဟုတ်ပေ။ လက်ငင်းအကျိုးပေးနိုင်သော လက်တွေ့သဘောဖြစ်သည်။ သူပြောလူပြောနှင့်လည်း ယုံရန်မဟုတ်ပေ။ မိမိကိုယ်တိုင် လေ့ကျင့်ပြီး မှန်ကန်ကြောင်းတွေ့ရမှ လက်ခံရန်ဖြစ်လေသည်။

ဤတွင်တစ်ခုရှိသည်မှာ ရုပ်သိပ္ပံပညာတွေကဲ့သို့ ဗုဒ္ဓတရားအရ စိတ်ပိုင်းဆိုင်ရာတိုးတက်ဖြစ်ပေါ်မှုတွေကို ပစ္စည်းကိရိယာဖြင့် စမ်းသပ်ကြည့်၍ မရပေ။ လူတစ်ယောက်၏ စိတ်သန္တာန်ကို ပြင်ပမှကြည့်ပြီး မသိနိုင်ပေ။ ဘုရားမှတစ်ပါး မည်သူမျှ လူတစ်ယောက်အား သောတာပန်ဖြစ်သည်၊ သကဒါဂါမ်ဖြစ်သည် စသည်ဖြင့် မဆုံးဖြတ်နိုင်ပေ။ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး မိမိ၏ စိတ်တွင် သိမြင်ရခြင်းသာဖြစ်လေသည်။

ယခုလို သူတစ်ပါး စစ်ဆေးစမ်းသပ်၍ မရနိုင်သဖြင့် အချို့က မိမိကိုယ်မိမိ သောတာပန်ဖြစ်သည်၊ သကဒါဂါမ်ဖြစ်သည်၊ အနာဂါမ်ဖြစ်သည်၊ ရဟန္တာဖြစ်သည် စသည်ဖြင့် လိမ်ညာပြောဆိုပြီး လူတွေကို လှည့်စား အယုံသွင်းတတ်သည်။ လူတွေ အထင်ကြီးအောင်လုပ်ပြီး စားပေါက်ထွင်တတ်ကြသည်၊ ရဟန်းများအတွက် မြတ်စွာဘုရား ပညတ်ထားသော ပါရာဇိက ၄-ပါးရှိသည်။ ထို ၄-ပါးမှ တစ်ပါပါးကို လွန်ကျူးပါက ရဟန်းအဖြစ် ဆုံးရှုံးသည်။ ထို ၄-ပါးမှာ—

- ❶ မေထုန်ကျင့်ခြင်း (မေထုန်မှီဝဲခြင်း)၊
- ❷ သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်း၊
- ❸ လူ၏ အသက်ကို သတ်ခြင်း၊
- ❹ မိမိ မရသော ဈာန်မဂ်ဖိုလ်တရားကို ရသည်ဟု ပြောဟောခြင်း။

ဤ ၄-ချက်အနက် ပထမ ၃-ချက်ကို တစ်ပါးသူတွေ သိနိုင်၏။ ၄-အချက်ကိုတော့ မသိနိုင်ပေ၊ မိမိကိုယ် မိမိသာ သိနိုင်လေသည်။ သို့ဖြစ်ခြင်းကြောင့် မြတ်စွာဘုရားက တရားကို ကိုယ်တိုင်ကျင့်ကြဖို့ ညွှန်ပြခဲ့ခြင်းဖြစ်သည်။ သူပြောလူပြောတွေကို ယုံရန် မဟုတ်ပေ။

လူတွင် ဇီဇနှင့် ပတ်ဝန်းကျင်ဟူ၍ရှိရာတွင် သာမန်လူတို့သည် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကို ခံကြရ၏။ ပတ်ဝန်းကျင်က ပုံသွင်းသလို ဖြစ်သွားကြ၏။ သို့သော် ထူးချွန်သော ပါရမီရှင်များကား ပတ်ဝန်းကျင်ကို ကျော်လွန် ထိုးဖောက်ပြီး ထူးခြားသော အတွေးအခေါ်များ၊ အသိအမြင်များ၊ တီထွင်ဖန်တီးမှုများ ပြုနိုင်ကြ၏။ ထိုသို့ပြုနိုင်ခြင်းမှာ စိတ်၏ စွမ်းအားကြောင့်ဖြစ်လေသည်။ ထိုကဲ့သို့ စိတ်စွမ်းအားနှင့်ပြည့်စုံသော ပါရမီရှင်ပညာရှင်တွေ မရှိခဲ့ပါက သိပ္ပံနှင့် နည်းပညာ၊ ဒဿနပညာ၊ စာပေအနုပညာ စသည်တို့ မဖွံ့ဖြိုးမတိုးတက်ဘဲ၊ လူလောကသည် အမိုက်အမှောင်ထဲက မထွက်နိုင်ဘဲ ဒုံရင်းအတိုင်းသာရှိနေပေလိမ့်မည်။

ရူပဗေဒစသော ရုပ်ပိုင်းသိပ္ပံပညာတို့သည် ရုပ်၏ အနှောင်အဖွဲ့၊ အကန့်အသတ်အတွင်းမှာသာ (ရုပ်ကိုသာ) လေ့လာကြရသည်။ စိတ်ကတော့ ရုပ်၏ အကန့်အသတ်တွေကို ကျော်လွန်သွားနိုင်သည်။ ရုပ်လွန် အခြင်းအရာတွေကို လေ့လာနိုင်သည်၊ သိနိုင်သည်။ ထိုကဲ့သို့ သိနိုင်ရန်မှာလည်း ဓာတ်ခွဲခန်းပစ္စည်းကိရိယာတွေ၊ အနီးကြည့် အဝေးကြည့် မှန်ပြောင်းတွေ၊ သင်္ချာတွေကို အသုံးမပြုဘဲ စိတ်ကိုလေ့ကျင့်၍ ရရှိလာသော စိတ်စွမ်းရည်ဖြင့် သိခြင်းဖြစ်လေသည်။ သို့ဖြစ်ခြင်းကြောင့် 'စိတ်သည် အရာရာကို ရှေ့ဆောင်ကြီးမှူးဖန်တီးသူဖြစ်သည်' ဟု မြတ်စွာဘုရားဟောတော်မူထားခြင်း ဖြစ်လေသည်။ (ဓမ္မပဒ)

ရုပ်သိပ္ပံပညာတို့သည် ယခုဘဝကိုသာ လေ့လာသိရှိကြသော်လည်း ဗုဒ္ဓတရားကတော့ ယခင်ဘဝ၊ ယခုဘဝ၊ နောက်ဘဝဆက်၍ဖြစ်နေခြင်း(သံသရာ)ကိုလည်း သိရှိလေသည်။ ထိုကဲ့သို့ သိနိုင်ခြင်းမှာလည်း စိတ်စွမ်းရည်ကြောင့်ပင် ဖြစ်သည်။

ရူပဗေဒအရ ရုပ်စွမ်းအင်သည် ကုန်ခန်းသွားခြင်း မရှိပေ၊ အသွင်ပြောင်းသွားခြင်းသာရှိသည်။ ဗုဒ္ဓတရားအရလည်း စိတ်စွမ်းအင်သည် လူသေသောကြောင့် ရပ်ဆိုင်းသွားခြင်း၊ ကုန်ခန်းသွားခြင်း မရှိပေ။ နောက်ဘဝသို့ အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ပေါ်လေသည်။ ထိုကဲ့သို့ ဆက်လက်ဖြစ်ပေါ်နေပုံကို ဗုဒ္ဓအဘိဓမ္မာက တိတိကျကျ ရှင်းပြနိုင်လေသည်။

ဗုဒ္ဓတရားက လူနှင့် အခြားသတ္တဝါများသည် ယခုတစ်ဘဝသာရှိသည်ဟု မယူဆပေ၊ ဘဝများစွာ ဆက်၍ ဖြစ်နေရသည်ဟုသာ လက်ခံသည်။ အလားတူပင် ကမ္ဘာသည်လည်း ဤတစ်ကမ္ဘာသာရှိသည်၊ စကြဝဠာသည်လည်း ဤစကြဝဠာတစ်ခုသာရှိသည်ဟု မယူဆပေ။ ဘဝများစွာရှိသကဲ့သို့ ကမ္ဘာများစွာ၊ စကြဝဠာများစွာ၊ စကြဝဠာအနန္တရှိသည်ဟု အခိုင်အမာဆိုသည်။ လူသတ္တဝါတို့၏ ယခုဘဝသည် ပထမဆုံးနှင့် နောက်ဆုံးမဟုတ်သလိုပင် ကမ္ဘာနှင့် စကြဝဠာသည်လည်း ပထမဆုံးနှင့် နောက်ဆုံးလည်းမဟုတ်၊ တစ်ခုတည်းလည်း မဟုတ်ပေ။

လူသည် ဘဝဟောင်းပျက်၍ ဘဝသစ်ဖြစ်လာသည်။ ကမ္ဘာနှင့် စကြဝဠာသည်လည်း အဟောင်းပျက်၍ အသစ်ဖြစ်လာခြင်းသာဖြစ်သည်။ အာကာသအတွင်းတွင် ကမ္ဘာတွေ၊ စကြဝဠာတွေ အနန္တရှိနေသလို၊ သံသရာတွင်လည်း ဘဝတွေ အနန္တရှိနေလေသည်။

ဗုဒ္ဓတရားသည် လူကိုသာ အသက်ရှိသည်၊ စိတ်ရှိသည်၊ အသိဉာဏ်ရှိသည်ဟုဆိုသော 'လူဗဟိုပြု' (anthropocentric) ဝါဒမဟုတ်ပေ။ အခြားသောသက်ရှိသတ္တဝါတွေသည်လည်း လူနှင့်အတူ သံသရာခရီးသွားဖော်များဖြစ်သည်ဟု ယုံကြည်လက်ခံသည်။ သို့ဖြစ်ခြင်းကြောင့် သက်ရှိသတ္တဝါများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများကို ဗုဒ္ဓဘာသာဝင်များ မပြုလုပ်ကြပေ။

# ဒဿနနှင့် ဓမ္မ

ဒဿနဆိုသည်မှာ အမြင်ကိုခေါ်သည်၊ ကမ္ဘာလောကနှင့် ပတ်သက်သော အမြင်အမျိုးမျိုးရှိသည်။ ဥရောပ ဗဟိုပြုပညာရေးက ဒဿန၏ အစအဖြစ် ဂရိနိုင်ငံကို ညွှန်ပြကြသည်။ ဂရိနိုင်ငံမှာ သေးလက်စ်၊ အနာခဆီမန်ဒါ၊ အနာခဆီးနက်စ်၊ ဟေရာကလစ်တပ်စ်၊ ပါမင်းနိုဒီးစ်၊ ဆော့ခရတ္တိ၊ ပလေတို၊ အရစ္စတော်တယ်လ် စသူတို့သည် ဒဿနပညာ၏ ဖခင်ကြီးများဖြစ်သည်ဟု အနောက်တိုင်းသားများရေးသော ဒဿနပညာသမိုင်းစာအုပ်များတွင် တွေ့ရသည်။

ထိုဒဿနများကို အနောက်တိုင်းဒဿနဟုသာ ဆိုသင့်သည်။ အဘယ်ကြောင့်ဆိုသော် **သူတို့ထက် နောက်မကျဘဲ အရှေ့တိုင်းတွင် (အိန္ဒိယ၊ တရုတ်နိုင်ငံများတွင်) ဒဿနဆရာတွေ ရှိနေပြီးဖြစ်ခြင်းကြောင့်ပင်။** အိန္ဒိယနိုင်ငံမှ ဝေဒကျမ်းများ၊ ဥပနိသျှဒ်ကျမ်းများ၊ ဆဒဿနခေါ် ဒဿနစနစ် ခြောက်မျိုးတို့သည်လည်းကောင်း၊ ဗုဒ္ဓနှင့် မဟာဝီရတို့သည်လည်းကောင်း၊ တရုတ်နိုင်ငံမှ ကွန်ဖြူးရှပ်၊ မင်းရှပ်၊ လောင်ဇူးတို့သည်လည်းကောင်း ဒဿနဆရာကြီးများ ဖြစ်လေသည်။

ကားလ်မတ်စ်က ယခုလိုရေးဖူးသည်။

'ယခုထိပေါ်ထွန်းပြီးသော ဒဿနများသည် ကမ္ဘာလောကအား အမျိုးမျိုး ရှင်းပြခဲ့ကြ၏။ အရေးကြီးတာက ကမ္ဘာလောကအား ပြောင်းလဲပစ်ရန်သာ ဖြစ်သည်။' (Theses on Feuerbach)

ကမ္ဘာမှာ ဒဿနများ အမျိုးမျိုးပေါ်ခဲ့ပြီ။ အချို့ဒဿနများသည် လူ့ဘဝ လူ့လောကအတွက် ဘာမျှ အသုံးမဝင်သော အတွေးအခေါ်သက်သက်သာ ဖြစ်ကြ၏။

**ဓမ္မဆိုသည်မှာ သဘာဝနိယာမကိုလည်း ဆိုနိုင်သည်၊ အခြင်းအရာကိုလည်း ဆိုနိုင်သည်၊ အမှန်သဘောကိုလည်း ဆိုနိုင်သည်၊ တရားကိုလည်း ဆိုနိုင်သည်။**

ဗုဒ္ဓဘာသာ၏ ရတနာသုံးပါးတွင်ပါရှိသော ဓမ္မကား မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်ကို ရည်ညွှန်းလေသည်။ မြတ်စွာဘုရား၏ တရားတော်ကို ပိဋကတ်သုံးပုံတွင် တွေ့နိုင်သည်။ ဗုဒ္ဓတရားသည် လူ့ဘဝ လူ့လောကအတွက် အသုံးမဝင်သော အရည်မရ အဖတ်မရမျိုး မဟုတ်ပေ။ လူ၏ ယခုဘဝတွင် နေထိုင်ရေး၊ ဆက်ဆံရေးမှစ၍ အရာရာပြည့်စုံစွာ ဟောကြားထားသော တရားဖြစ်သည့်အပြင်၊ လူအား စိတ်ကိုထိန်းသိမ်းပြီး တည်ငြိမ်အေးချမ်းစေနိုင်သော လမ်းညွှန်ချက်များဖြစ်လေသည်။ ဗုဒ္ဓတရားသည် လူ့ဘဝ လူ့

လောကအတွက် အသုံးမဝင်သော အဆိုးမြင်ဝါဒ၊ စိတ်ပျက် အားလျှော့ဝါဒ၊ လောကကို ရင်မဆိုင်ရဲဘဲ ထွက်ပြေးသော ဝါဒ စသည်ဖြင့် စွပ်စွဲချက်များသည် လုံးဝ မမှန်ကန်ပေ။

ဗုဒ္ဓတရားသည် လူ၏ ယခုဘဝမှာပင် ကိုယ်ရောစိတ်ပါ ချမ်းသာစေသော တရားဖြစ်ကြောင်းကို နောက်အခန်းများတွင် ဆက်လက်၍ တင်ပြပါမည်။

## ဗုဒ္ဓဘာသာ
## လူ့ကျင့်ဝတ်၏ အခြေခံသဘောထား

ဤကမ္ဘာပေါ်တွင် 'လူ'ဟူ၍ စတင်ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ ဘာသာရေးတို့က အမျိုးမျိုးအဖုံဖုံ ဖော်ပြကြသည်။ သိပ္ပံပညာကလည်း တစ်နည်းတစ်ဘာသာ ရှင်းပြသည်။ 'လူ'ပေါ်ပေါက်လာခြင်းအတွက် အယူအဆ ညီညွတ်ခြင်းမရှိကြပေ။

မည်သို့ပင်ဖြစ်စေကာမူ၊ လူဟူသည် တစ်ဦးတည်းနေ၍ ရသူမဟုတ်ပေ။ လူမည်သို့ပေါ်လာသည်ဖြစ်စေ၊ အလွန်စောစီးသော ခေတ်ကာလကပင် လူတို့သည် အစုအဖွဲ့၊ အသိုက်အအုံနှင့် စုပေါင်းနေထိုင်ခဲ့ကြသည်ကိုကား အားလုံးက လက်ခံကြပေသည်။ ဂူနေလူဘဝ၊ သားစိမ်းစား ငါးစိမ်းစားဘဝတွင် မိသားစုများ စုပေါင်းနေထိုင်ကြသည်။ အတူအစားအသောက်ရှာဖွေကြသည်။ ဘေးရန်ကို အတူတွန်းလှန်ကြသည်။ အတူနေ၊ အတူစား၊ အတူအိပ်ကြသည်။

ထိုထက်လူဦးရေများပြားပြီး ကျယ်ပြန့်လာသောအခါတွင် ရွာလေးများ ဖြစ်လာသည်။ နောင်တွင် မြို့ငယ်များ၊ မြို့ကြီးများ၊ မင်းနေပြည်တော်များ ပေါ်လာသည်။ တိုင်းနိုင်ငံများ ထွန်းကားလာသည်။ တစ်ရပ်နှင့်တစ်ရပ်၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံမှုများဖြစ်ပေါ်လာသည်။

လူသည် ကိုယ့်လူမျိုးကို အဓိက ထားတတ်၏။ သို့ရာတွင် အများနှင့်နေရသော ဘဝတွင် ကိုယ့်အကျိုးကိုချည်း လျှောက်လုပ်နေ၍ မရပေ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိထားရန်လိုလာသည်။ သို့အတွက် သူ့အကျိုး ကိုယ့်အကျိုး မျှမျှတတ ကြည့်မြင်တတ်၊ ပြောဆိုတတ်၊ လုပ်ကိုင်တတ်ရမည် ဖြစ်လေသည်။ ထိုကဲ့သို့ ဖြစ်စေရန်အတွက် ထိန်းသိမ်းပေးသော စည်းကမ်းစနစ်များ ပေါ်ထွန်းလာရလေသည်။

'လိုအပ်ချက်သည် တီထွင်ကြံဆမှု၏ မိခင်ဖြစ်သည်' ဆိုသော စကားအတိုင်း လူတို့အတွက် လိုအပ်လာသောအခါ တီထွင်ကြံဆမှုတွေ လုပ်လာမည်မှာ မလွဲသေချာပေသည်။ သို့အတွက် လူနှင့် လူချင်း၊ နိုင်ငံအချင်းချင်း ပေါင်းသင်းဆက်ဆံနိုင်ရေးအတွက် လိုအပ်သော စည်းကမ်းဥပဒေများ၊ နည်းစနစ်များကို ပညာရှင်တွေက တီထွင်ကြံဆပေးကြလေသည်။

တရားဥပဒေဟူသည် အစိုးရ အစရှိသော လူ၏ ပြင်ပ တန်ခိုးအာဏာတစ်ခုကပြဋ္ဌာန်း၍ လူအား လိုက်နာစေခြင်းဖြစ်၏။ ၎င်းကို မလိုက်နာဘဲ မနေရအောင်လည်း ဥပဒေ၏ နောက်မှာ အပြစ်ပေးအရေးယူမှုဟာ တစ်ပါးတည်းပါလာလေသည်။ သို့ဖြစ်သော်လည်း **လူတို့၏ လိုက်နာမှုသည် ဥပဒေ၏ အောင်မြင်မှုကို ဆုံးဖြတ်၏။ လူတွေ လိုက်နာသရွေ့ ကာလပတ်လုံး ဥပဒေတစ်ခုသည် အသက်ဝင်နေပေလိမ့်မည်။ ထိုကဲ့သို့ ဥပဒေတစ်ခု၏ အနှစ်သာရသည် လူတွေက အသိစိတ်ဖြင့် သဘောပေါက် လိုက်နာလျှင် ပို၍ အဓိပ္ပာယ်ပြည့်ဝပေလိမ့်မည်။**

ဥပဒေနှင့် မတူဘဲ လူသားအား ထိန်းသိမ်းပေးသော အရာတစ်ခုမှာ 'လူ့ကျင့်ဝတ်'ဖြစ်၏။ လူ့ကျင့်ဝတ်သည် လူတစ်ဦးချင်း၏ လိုက်နာဆောင်ရွက်ရမည့်အချက်များ ပါဝင်သည်။ လူ့ကျင့်ဝတ်ကို အစိုးရကသော်လည်းကောင်း၊ ဥပဒေကသော်လည်းကောင်း ပြဋ္ဌာန်းခြင်းမဟုတ်။ လူတို့က မိမိဆန္ဒအလျောက်စောင့်ထိန်းကျင့်သုံးကြခြင်းသာဖြစ်သည်။ ထိုကဲ့သို့ ကျင့်သုံးခြင်းမှာ ဘာသာရေးက ပြဋ္ဌာန်းသောကြောင့် အဓိကဖြစ်၏။ အချို့မှာကား ဘာသာရေးအရ မဟုတ်ဘဲ မိမိ၏ သဘောပေါက်မှုအားဖြင့်သာ လိုက်နာကျင့်ကြံကြခြင်းသာဖြစ်သည်။

လူ့ကျင့်ဝတ်ကို အကြောင်းအမျိုးမျိုးကြောင့် လိုက်နာကြသည်။ အချို့မှာ ဘာသာရေးက ပြဋ္ဌာန်းထား၍ လိုက်နာကြသည်။ အချို့က တမလွန်လောကအတွက် ပူပန်၍ လိုက်နာသည်။ အချို့က တစ်စုံတစ်ရာကို ကြောက်၍ လိုက်နာသည်။ အချို့က မိမိ၏ အသိစိတ်ဖြင့် မိမိ၏ သဘောဆန္ဒအလျောက် လိုက်နာသည်။

ဥပမာ တစ်ခုဆောင်ပါဦးမည်။

ကျောင်းသားတစ်ယောက်သည် ဆရာများ၊ မိဘများသိလျှင် အပြစ်ပေးခံရမည်ကို စိုးရိမ်သောကြောင့် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်သည် ဆိုပါစို့၊ သို့ရာတွင် သူ၏ စိတ်ထဲမှာ ဆေးလိပ်သောက်ခြင်းကို ကောင်းသည်ဟု ထင်နေသည်။ သူသည် ဆေးလိပ်၏ အန္တရာယ်များကို မသိမြင်၊ ဆေးလိပ်ကို စမ်း၍ သောက်ကြည့်ချင်သည်။ ထိုကျောင်းသားသည် ဆရာမိဘတို့ မမြင်ကွယ်ရာ

ရောက်သွားလျှင် ဆေးလိပ်ကို သောက်ကြည့်ပေလိမ့်မည်။ သူ ဆေးလိပ် မသောက်ခြင်းသည် တစ်စုံတစ်ရာကို ကြောက်ရွံ့သောကြောင့်ဖြစ်ပေရာ ထို အကြောက်တရားအပေါ်တွင် တည်နေသည်။ ထိုအကြောက်တရား မရှိလျှင် ချိုးဖောက်ပေလိမ့်မည်။

အခြား ကျောင်းသားတစ်ယောက်မှာကား ထိုကဲ့သို့ မဟုတ်ပေ။ သူသည် ဆေးလိပ်၏ ဆိုးကျိုးများကို ကိုယ်တိုင်အသိဉာဏ်ဖြင့် သဘောပေါက်သည်။ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း ကိုယ်တိုင် နှစ်နှစ်ကာကာ နားလည်သည်၊ သို့အတွက် ဆေးလိပ်သောက်ခြင်းကို မိမိကိုယ်တိုင် လိုလို လားလား ရှောင်ကြဉ်လေသည်။ သူ၏ ရှောင်ကြဉ်မှုသည် တစ်စုံတစ်ဦးက စေခိုင်းသောကြောင့် မဟုတ်၊ တစ်စုံတစ်ခုကို ကြောက်သောကြောင့်လည်း မဟုတ်၊ မိမိအသိဉာဏ်ဖြင့် ယှဉ်သော လိုက်နာကျင့်ဆောင်မှုသာဖြစ်သည်။ သို့အတွက် သူသည် ၎င်းကျင့်ဆောင်မှုကို ဘယ်အချိန်၊ ဘယ်နေရာမှာဖြစ်ဖြစ်၊ ဆက်လက်၍ လိုက်နာကျင့်သုံးနေလိမ့်မည်။

အထက်ဖော်ပြပါ သာဓကအတိုင်းပင် လူ့ကျင့်ဝတ်ဆိုင်ရာမှာလည်း အယူ အဆအမျိုးအမျိုးရှိလေသည်။ အချို့က လူ့ကျင့်ဝတ်သည် ဘာသာရေး အစရှိ သော ရိုသေလေးစားရမည့်အရာတို့က ပြဋ္ဌာန်းထားခြင်းဖြစ်၍၊ မလွဲမသွေ လိုက်နာရမည်ဟု ဆိုကြသည်။ အချို့ကလည်း လူ့ကျင့်ဝတ်ကို ဖောက်ဖျက်လျှင် တမလွန်လောကမှာ အပြစ်ဒဏ်ခံရမည်စိုး၍ လိုက်နာကြခြင်းဖြစ်သည်။ အချို့ တွေးခေါ်ရှင်များကလည်း လူ့ကျင့်ဝတ်သည် သူ့အလိုလို ထင်ရှားသည်ဖြစ်၍ ၎င်းကို စောဒက မတက်ဘဲ လိုက်နာရုံသာ ရှိသည်ဟုဆိုကြသည်။

ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်ဆိုင်ရာ သဘောထားမှာ အထက်ဖော်ပြပါ အမြင်များနှင့် မတူပေ။ ဗုဒ္ဓဘာသာအရ လူ့ကျင့်ဝတ်တစ်ခုကိုဖြစ်စေ၊ တရား တစ်ခုကိုဖြစ်စေ လိုက်နာကျင့်သုံးခြင်းမှာ မိမိကိုယ်တိုင်က အသိဉာဏ်ဖြင့် ပိုင်း ခြားဝေဖန်ကြည့်ပြီး မှန်ကန်ကြောင်း၊ လိုအပ်ကြောင်း သိရှိသဘောပေါက် လက်ခံမှုဖြင့်သာ လိုက်နာကျင့်ကြံရန်ဖြစ်၏။ တစ်စုံတစ်ခုသော အကြောက် တရား၊ စိုးရိမ်တရား စသည်တို့ကြောင့် မဟုတ်ပေ။

ဗုဒ္ဓဘာသာအရ လူသည် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်သူဖြစ်၏။ သူ၏ ရှေ့တွင် အမြဲတမ်း လမ်းနှစ်သွယ်ရှိနေသည်။ အမှားလမ်းနှင့် အမှန်လမ်း၊ အမှောင်လမ်းနှင့် အလင်းလမ်း၊ ထိုလမ်းနှစ်သွယ်အနက် ဘယ်လမ်းလိုက်မည် ကို လူသားကိုယ်တိုင် ဆုံးဖြတ်ရမည်၊ ရွေးချယ်ရမည်။ ထိုသို့ ဆုံးဖြတ်ရွေး ချယ်ရာတွင် အသိဉာဏ်ဖြင့်သာပြုရသည်။ သူတစ်ပါးတိုက်တွန်း၍ လုပ်ရခြင်း၊ စေခိုင်း၍ လုပ်ရခြင်း၊ ကြောက်၍ လုပ်ရခြင်း မဖြစ်စေရပေ။

အထက်တွင် သာဓကပြခဲ့သည့် ကျောင်းသားနှစ်ယောက် ဥပမာအနက် ဗုဒ္ဓဘာသာ၏ သဘောထားမှာ ဒုတိယကျောင်းသားနှင့် တူလေသည်။ ဗုဒ္ဓဘာသာအရ လူသည် မြင့်မြတ်သော ဘဝဖြစ်သည်။ လူ့အဖြစ်ကို ရခဲသည်။ လူ၏စိတ်နှလုံးအတွင်းမှာ မှန်ကန်ကောင်းမြတ်သော အရည်အသွေးများ ကိန်းအောင်းနေသည်။ ၎င်းအရည်အသွေးများကို ပို၍ ဖူးပွင့်ဝေဆာလာအောင် လူသားကိုယ်တိုင်ကပင် ဖန်တီးရမည်ဖြစ်လေသည်။ လူတွင် 'လွတ်လပ်ခြင်း'နှင့် 'အသိဉာဏ်ရှိခြင်း'တည်းဟူသော မဟာဝိသေသနှစ်ပါးရှိနေလေသည်။

ဗုဒ္ဓဘာသာက လူသားအား လွတ်လပ်ခွင့်ကို ပေးသည်။ မျှော်လင့်ချက်ကို ပေးသည်။ လူသည် မိမိ၏စိတ်ကို နှောင်ဖွဲ့ထားသော သဘာဝမကျသည့် အစွဲအလမ်းများကို ခါချပစ်ရမည်ဖြစ်လေသည်။ ထိုအခါတွင် သူ၏စိတ်သည် လွတ်လပ်ခြင်းရှိလိမ့်မည်။ ထိုလွတ်လပ်နေသော စိတ်ဖြင့် အမှန်အမှား၊ အကောင်းအဆိုးများကို ပိုင်းခြား ဝေဖန်ကြည့်ရမည်။ စိစစ်သုံးသပ်ရမည်။ ဆုံးဖြတ်ရွေးချယ်ရမည်။

ထိုကဲ့သို့ မိမိ၏ အသိဉာဏ်ဖြင့်ယှဉ်ကာ ရွေးချယ်ထားသော လမ်းကို မိမိကိုယ်တိုင် နှစ်နှစ်ကာကာ လိုက်နာရလေသည်။ လူသားသည် မိမိ၏ခြေထောက်ဖြင့် မိမိ၏လိုရာခရီးကို လျှောက်သွားရမည်ဖြစ်လေသည်။ မြတ်စွာဘုရားက 'အတ္တာဟိ အတ္တနော နာထော' (မိမိကိုယ်မှတစ်ပါး အခြား ကိုးကွယ်အားထားစရာ မရှိ) ဟု သင်ကြားတော်မူသည်။ ဤသင်ကြားချက်သည် လူသားအား လွတ်မြောက်သော လမ်းပေါ်သို့ တက်ရန်လှုံ့ဆော်လိုက်သော တံပိုးခရာသံပင် ဖြစ်လေသည်။

ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်ဆိုင်ရာ သဘောထားသည် အသိဉာဏ်နှင့် ယှဉ်သော ရွေးချယ်လိုက်နာမှုသာဖြစ်၏။ စင်စစ်သော်ကား **'ဉာဏ်'သည် ဗုဒ္ဓဘာသာအတွက် အရေးအကြီးဆုံးသော အခြေခံအုတ်မြစ်ဖြစ်လေသည်။ ဉာဏ်နှင့်ယှဉ်၍ မပြုရသော အချက်ဟူ၍ ဗုဒ္ဓဘာသာတွင် လုံးဝမရှိပေ။** ဗုဒ္ဓဘာသာသည် 'ဉာဏ်'ဖြင့် စပြီး 'ဉာဏ်'ဖြင့် ဆုံးလေသည်။ သူပြော လူပြောစကားများ၊ ဆင်ကန်းတောတိုး အလုပ်များ၊ စိတ်ကူးယဉ်အိပ်မက်များ ဗုဒ္ဓဘာသာတွင် မရှိပေ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ 'အသိနှင့်ယှဉ်၊ မျက်မမြင်တား' ဟူ၍ တွေ့ရသည်။ စင်စစ်သော်ကား ကျန်းမာရေးပဲဖြစ်ဖြစ် ဘယ်အရာဌာနမှာပဲဖြစ်ဖြစ်၊ ဆောင်ရွက်သူကိုယ်တိုင်က အသိဉာဏ်ဖြင့်ယှဉ်ပြီး လိုလိုလားလား၊ နှစ်နှစ်ကာကာ လိုက်နာလုပ်ဆောင်မှသာ အပြည့်အဝ အောင်မြင်ပေလိမ့်မည်။

အချို့သော တွေးခေါ်ရှင်များ၊ ဥပမာ-(HUME) က 'လူ့ကျင့်ဝတ်ဟူသည် လူ့အလိုအလျောက် ထင်ရှားသည့်သဘောဖြစ်၍ ၎င်း၏ မှန်ကန်မှုကို သက်သေပြစရာလည်း မလို၊ ဝေဖန်စရာလည်း မလို၊ လူတွေက လိုက်နာရုံသာရှိသည်'ဟု ဆိုသည်။ အချို့ ဥပမာ . . . (BENTHAM) ကမူ 'လူ့ကျင့်ဝတ်ကို လိုက်နာခြင်းသည် လူတွေအတွက် အသုံးကျသည်၊ အကျိုးရှိသည်။ သို့အတွက် လိုက်နာရသည်'ဟုဆိုသည်။ အချို့ကလည်း 'လူ့ကျင့်ဝတ်ဆိုသည်မှာ အမြဲမှန်နေခြင်းမရှိ၊ ခေတ်အခါအလိုက် ပြောင်းလဲနေသော သဘောသာဖြစ်သည်'ဟု ဆိုကြသည်။

ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်ဆိုင်ရာအမြင်သည် အသိဉာဏ်တွင် အခြေခံကြောင်းဆိုခဲ့ပါပြီ။ ထိုကဲ့သို့ အသိဉာဏ်ကို အခြေခံရာတွင် လူ့ကျင့်ဝတ်တစ်ခုသည် မိမိအတွက်လည်းကောင်း၊ သူတစ်ပါးအတွက်လည်းကောင်း အကျိုးကျေးဇူးဖြစ်ထွန်းစေခြင်းကိုလည်း ဗုဒ္ဓဘာသာက လက်ခံထားလေသည်။ ဗုဒ္ဓဘာသာသည် အတ္တဟိတ (ကိုယ်ကျိုး)၊ ပရဟိတ (သူ့အကျိုး) နှစ်မျိုးစလုံးမျှတခြင်းကို ချီးမွမ်းလေသည်။ မြတ်စွာဘုရားဟောကြားတော်မူသော အဘိဓမ္မာ ခုနစ်ကျမ်းအပါအဝင် 'ပုဂ္ဂလပညတ်' ကျမ်းတွင် အတ္တ၊ ပရ မျှတသူကို အကောင်းဆုံးအဖြစ် ဟောတော်မူလေသည်။

ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်ဆိုင်ရာအခြေခံမှာ ကြောက်ခြင်းမဟုတ်၊ အကျိုးရှိခြင်းသက်သက်လည်း မဟုတ်၊ တမလွန်မျှော်ခြင်းသက်သက်လည်း မဟုတ်၊ သူ့အလိုအလျောက် ထင်ရှားသော သဘောလည်းမဟုတ်၊ ခေတ်အခါအလိုက် ပြောင်းလဲနေသော သဘောလည်း မဟုတ်၊ ၎င်းအယူအဆအားလုံးနှင့် မတူပေ။

ဗုဒ္ဓဘာသာလူ့ကျင့်ဝတ်၏ အခြေခံမှာ ကိုယ်ချင်းစာနာစိတ်ပင်ဖြစ်၏။ ကိုယ်ချင်းစာနာစိတ်သည်လည်း မေတ္တာ၊ ကရုဏာတရားကို အခြေခံသည်။ လူသည် မချမ်းသာချင်သူ မရှိပေ။ မသာယာချင်သူ မရှိပေ။ မပျော်ချင်သူ မရှိပေ။ လူတိုင်း ထိုကဲ့သို့လိုလားကြသည်။ သို့ဖြစ်လေရာ မိမိနှင့် သူတစ်ပါးထပ်တူထားပြီး စဉ်းစားကြည့်လိုက်ပါက ကိုယ်ချမ်းသာချင်သလို သူလည်း ချမ်းသာချင်ပေမည်။ ကိုယ်ပျော်ရွှင်ချင်သလို သူလည်း ပျော်ရွှင်ချင်ပေမည်။ သို့အတွက် မိမိလိုလားသလို သူတစ်ပါးအပေါ်တွင်လည်း ကျင့်သုံးခြင်း၊ မိမိ မလိုလားသည်ကို သူတစ်ပါးကို မပြုလုပ်ခြင်းသည် လူ့ကျင့်ဝတ်၏ အခြေခံဖြစ်သည်။

ဗုဒ္ဓဘာသာသည် တမလွန်လောကကို အတည်ပြု၏။ ဤဘဝတွင် လူတစ်ဦး၏ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြုမူမှုတို့သည် ကံ-ကံ၏ အကျိုးသဘောတရားအားဖြင့် တမလွန်အတွက်လည်း အထောက်အပံ့ ဖြစ်စေပေလိမ့်မည်။ တမလွန်နှင့်ပတ်သက်၍ မြတ်စွာဘုရားက ယခုလို ရှင်းပြဖူးသည်။

လူတစ်ယောက်သည် တမလွန်ကို ယုံကြည်သဖြင့် ယခုဘ၀တွင် ကောင်းမှုကုသိုလ်တွေလုပ်သည်။ အကယ်၍ တမလွန်ရှိခဲ့လျှင် သူ့အတွက် အကျိုးရှိမည်၊ တမလွန်မရှိခဲ့လျှင်လည်း ယခုဘ၀တွင် လူကောင်းတစ်ယောက်ဖြစ်နေမည်။ လူတစ်ယောက်သည် တမလွန်ကို မယုံကြည်သဖြင့် ယခုဘ၀တွင် ကောင်းမှုကုသိုလ် မလုပ်၊ မကောင်းမှုတွေ လုပ်သည်ဆိုပါစို့၊ အကယ်၍ တမလွန်ရှိနေသည်ဖြစ်လျှင် သူ့မှာ မကောင်းကျိုးခံစားရမည်။ ယခုဘ၀မှာလည်း လူဆိုးလူမိုက်တစ်ယောက်ဖြစ်နေမည်။ သို့အတွက် တမလွန်ကို ယုံကြည်ခြင်းသည် လူတစ်ဦးအတွက် ဘာမျှ အရှုံးမရှိပေ၊ အကျိုးသာ ရှိစေသည်။

ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်ဆိုင်ရာ အခြေခံသဘောထားတွင် ရှောင်ခြင်းနှင့် ဆောင်ခြင်းနှစ်မျိုးစလုံးပါဝင်လေသည်။ အချို့အချက်များကို လူတို့မပြုသင့်ပေ။ ထိုသို့ မပြုသင့်ခြင်းမှာ မိမိအတွက်လည်းကောင်း၊ သူတစ်ပါးအတွက်လည်းကောင်း ထိခိုက်နစ်နာစေသောကြောင့်ဖြစ်၏။ ၎င်းမှာ ဗုဒ္ဓလူ့ကျင့်ဝတ်၏ ရှောင်ကြဉ်မှုအပိုင်းဖြစ်သည်။ လူတွေက 'ကျင့်ဝတ်'ဟုဆိုလိုက်လျှင် ရှောင်ကြဉ်ရတာတွေချည်းဟု ထင်နေကြသည်။ ဗုဒ္ဓဘာသာအရမှာ အချို့အချက်များ ရှောင်ကြဉ်ရသလိုပင်၊ အချို့အချက်များမှာ လိုက်နာကျင့်သုံးရန်ဖြစ်လေသည်။ ဗုဒ္ဓဘာသာသည် အနုတ်လက္ခဏာသက်သက်မဟုတ်ပေ၊ အပေါင်းလက္ခဏာလည်း ပြည့်ဝလေသည်။ ရှောင်ကြဉ်ရသော ကျင့်ဝတ်ကို **'ဝါရိတ္တသီလ'** ဟုခေါ်ပြီး၊ ကျင့်သုံးရသော ကျင့်ဝတ်ကို **'စာရိတ္တသီလ'** ဟုခေါ်လေသည်။

အိုးတစ်ခုထဲမှာ ညစ်ညမ်းသော ရေများရှိနေသည် ဆိုပါစို့၊ ထိုရေသည် လူတို့သောက်သုံးရန် မသင့်တော်ပေ။ သို့အတွက် ၎င်းညစ်ညမ်းသော ရေများကို အိုးထဲမှ သွန်ပစ်ရန်လိုလေသည်။ အိုးကို စင်ကြယ်အောင် လုပ်ရန်လိုလေသည်။ သို့ရာတွင် အိုးထဲတွင် ဘာမျှမရှိသေး သောက်သုံးရန် သင့်တော်သော ရေကြည်ရေအေးတွေ ထပ်ထည့်ရန်လိုပေသေးသည်။ သို့မှသာ ၎င်းအိုးသည် မိမိ၏ဆန္ဒကို ပြည့်ဝစေလိမ့်မည်။

ဤဥပမာတိုင်းပင် လူ၏စိတ်ထဲမှ ညစ်ကျူးသော စိတ်များကို ဖယ်ရှားပစ်ရန် ပထမလုပ်ရမည်၊ ၎င်းမှာ သီလ(ကျင့်ဝတ်)၏ ရှောင်ကြဉ်မှုဆိုင်ရာအပိုင်း (သို့မဟုတ်) အနုတ်လက္ခဏာပိုင်းဖြစ်၏။ ထိုကဲ့သို့ ရှောင်ကြဉ်လိုက်သဖြင့် စိတ်ထဲတွင် မကောင်းညစ်ကျူးသော စိတ်တွေ ကင်းစင်သွားပါပြီ၊ ဖြူစင်သွားပါပြီ။ သို့ရာတွင် ထိုမျှဖြင့် မပြီးသေးပေ၊ ကောင်းသော စိတ်တွေ ထပ်လောင်းထည့်ရန်လိုပါဦးမည်၊ သို့မှသာ မိမိအတွက်လည်းကောင်း၊ သူတစ်ပါးအတွက်လည်းကောင်း၊ အကျိုးတရားဖြစ်စေပါလိမ့်မည်၊ ၎င်းမှာ ကျင့်ဝတ်၏ ကျင့်သုံးမှု

ဆိုင်ရာအပိုင်း (သို့မဟုတ်) အပေါင်းလက္ခဏာပိုင်းဖြစ်လေသည်။ လူသည် သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးခြင်း၊ သူ့သားအိမ်ရာကျော်နင်းခြင်းစသော မကောင်းသည့်လုပ်ရပ်များကို ရှောင်ကြဉ်ဖို့လိုသလိုပင်၊ သူတစ်ပါးအပေါ်တွင် မေတ္တာရှေ့ထားခြင်း၊ ကူညီရိုင်းပင်းခြင်း၊ အလှူဒါနပြုခြင်း၊ အားနည်းသူကို စောင့်ရှောက်ခြင်း၊ မှန်ကန်သော စကားကိုဆိုခြင်း အစရှိသော ကောင်းသည့်လုပ်ရပ်များကို လုပ်ရန်လည်း အညီအမျှပင် အရေးကြီးပါသည်။ ဤအချက်နှစ်ရပ်စလုံးကို ဗုဒ္ဓဘာသာလူ့ကျင့်ဝတ်က ပြဋ္ဌာန်းထားလေသည်။

သို့ဖြစ်လေရာ ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်ဆိုင်ရာအမြင်မှာ အောက်ပါသဘောထားများအပေါ်တွင် အခြေခံပြုလျက်ရှိပေ၏။

၁ လူ့ကျင့်ဝတ်ကို လူတိုင်းစောင့်ထိန်းရခြင်းမှာ တစ်စုံတစ်ခုသော အကြောက်တရားကြောင့် မဖြစ်သင့်ပေ။
၂ လူသည် မိမိ၏ အသိဉာဏ်နှင့် ဆင်ခြင်တုံတရားကို အခြေခံပြီး လူ့ကျင့်ဝတ်တစ်ခုကို မှန်ကန်ကြောင်း၊ လိုအပ်ကြောင်းတွေ့ရမှ လက်ခံကျင့်သုံးရန်ဖြစ်လေသည်။
၃ လူ့ကျင့်ဝတ်၏ အခြေခံမှာ ကိုယ်ချင်းစာတရားဖြစ်၏။ ၎င်းမှာလည်း မေတ္တာ၊ ကရုဏာမှ ဖြစ်ပေါ်လာသည်။
၄ လူ့ကျင့်ဝတ်တစ်ခု၏ မှန်ကန်မှုကို အတ္တဟိတ၊ ပရဟိတ မှတ်ကျောက်တင်ပြီး အကဲဖြတ်ရန်ဖြစ်သည်။
၅ ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်တွင် အနုတ်လက္ခဏာနှင့် အပေါင်းလက္ခဏာနှစ်မျိုးစလုံးပြည့်စုံပေ၏။
၆ လူ့ကျင့်ဝတ်သည် မိုးပေါ်မှကျလာသော အရာမဟုတ်ပေ၊ သူတစ်ပါးက ခိုင်းစေသော အရာလည်း မဟုတ်ပေ၊ မိမိကိုယ်တိုင် လက်ခံသဘောပေါက်မှုအားဖြင့်သာ လူ့ကျင့်ဝတ်ကို လိုလိုလားလား၊ လှိုက်လှိုက်လှဲလှဲ ကျင့်သုံးရန်ဖြစ်လေသည်။
၇ အချို့ပုဂ္ဂိုလ်များ ယူဆနေသလို လူ့ကျင့်ဝတ်သည် ခေတ်အခါအလိုက် ပြောင်းနေသော သဘောမဟုတ်၊ ဘယ်ခေတ်၊ ဘယ်အခါမှာမဆို မှန်ကန်သော အကျင့်များ ရှိနေလေသည်။

# ထာဝရလူ့ကျင့်ဝတ်

အချို့သော တွေးခေါ်ရှင်တို့က လူ့ကျင့်ဝတ်ဆိုသည်မှာ ခေတ်အခါအလိုက် ပြောင်းလဲနေသော အရာသာဖြစ်သည်။ အမြဲမှန်နေခြင်းမရှိဟု ဆိုကြသည်။ ဤအဆိုမှာ လုံးဝ မှားသော အဆိုတော့မဟုတ်ပေ။ တစ်စိတ်တစ်ဒေသအားဖြင့် မှန်ပါသည်။ သို့ရာတွင် လုံးဝ မှန်သော အဆိုလည်း မဟုတ်ပေ။

အချို့သော လူ့ကျင့်ဝတ်၊ အချို့သော တရားဥပဒေတို့သည် ခေတ်အခါအလိုက်သာ မှန်ကန်ပေသည်၊ ပုံစံပြရလျှင် 'ကမ္ဘာ၏ အစောဆုံးသော ဥပဒေ'ဟု ခေါ်ဆိုကြသည့် ဘေဘီလုံဘုရင် ဟမ္မူရာဘီ (HAMMURABI) ၏ ဥပဒေအရ မျက်စိတစ်ဖက်ပျက်အောင်ပြုလုပ်သူအား ၎င်း၏ မျက်စိတစ်လုံးကို ဖောက်ပစ်ရမည်၊ သွားတစ်ချောင်းကို ကျိုးအောင်လုပ်သူအား ၎င်း၏ သွားတစ်ချောင်းကို ချိုးပစ်ရမည်။ ၎င်းဥပဒေကို သူ့ခေတ်သူ့ဒေသတွင် အသုံးပြုခဲ့သော်လည်း ယခုခေတ်တွင် သုံး၍ မရတော့ပေ။

အလားတူပင် အလယ်ခေတ်က ကျင့်သုံးခဲ့ကြသော ဥပဒေများကိုလည်း မျက်မှောက်ခေတ်တွင် သုံးနိုင်ခြင်း မရှိတော့ပေ။

လူ့ကျင့်ဝတ်သည်လည်း အလားတူပင်ဖြစ်၏။ တစ်ခေတ်တစ်ခါက 'ယောကျ်ားကောင်း မောင်းမတစ်ထောင်'ဆိုသော အယူအဆထွန်းကားခဲ့သော်လည်း ယနေ့ခေတ်တွင်ကား 'တစ်လင်တစ်မယား'စနစ်ကိုသာ ချီးမွမ်းကြသည်။ ငွေတိုးစားခြင်းကို တစ်ချိန်က 'ကောင်းရောင်းကောင်းဝယ်'အဖြစ် ယူဆကြ၏။ သို့သော်လည်း ယခုအချိန်မှာ တရားဥပဒေက ၎င်းကို ခွင့်မပြုပေ။ ဤသည်တို့မှာ ခေတ်စနစ်အလိုက် ပြောင်းလဲသွားသော သာဓကများပင် ဖြစ်သည်။

တရားဥပဒေနှင့် လူ့ကျင့်ဝတ်တို့သည် နေရာတိုင်း မတူကြပေ။ နှစ်ခုစလုံးကပင် လူတို့အား ရှောင်ကြဉ်ရန်နှင့် ကျင့်သုံးရန်တို့ကို ပြဋ္ဌာန်းသည်မှာ မှန်သော်လည်း **တရားဥပဒေသည် လူ၏ပြင်ပမှ တန်ခိုးအာဏာဖြင့် ပြဋ္ဌာန်းခြင်းဖြစ်သည်။ လူ့ကျင့်ဝတ်မှာကား မိမိသဘောဆန္ဒအရ လိုက်နာရခြင်းဖြစ်သည်။**

တရားဥပဒေကို မလိုက်နာလျှင် အရေးယူခံရသည်။ လူ့ကျင့်ဝတ်ကို ချိုးဖောက်လျှင်ကား မိမိ၏ အဆင့်အတန်း နိမ့်ကျခြင်းဖြစ်ရလေသည်။

လူတွေ၏ စိတ်ဓာတ်ကြမ်းတမ်းမှု၊ သိမ်မွေ့မှုအပေါ်တွင် မူတည်ပြီး ဥပဒေ၏ သဘာဝပြောင်းလဲခြင်းလည်းရှိလေသည်။ တင်ပြခဲ့ပြီးဖြစ်သော 'ဟမ္မူရာဘီ' ၏ ဥပဒေသည် 'ကိုယ့်မျက်လုံးကို ဖောက်လျှင် သူ့မျက်လုံးကို ပြန်ဖောက်'ဆိုသော အကြမ်းစား တရားစီရင်မှုသဘောဖြစ်လေသည်။ ၎င်းမှာ ရိုင်း

စိုင်း ကြမ်းကြုတ်သော လူမျိုးတို့အတွက် ပေါ်လာရသော ဥပဒေမျိုးသာဖြစ်၏။ ယဉ်ကျေးသိမ်မွေ့သူများနှင့် မသင့်လျော်ပေ။

မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီက ပျူလူမျိုးတို့၏ ယဉ်ကျေးမှုထွန်းကားခဲ့လေသည်။ ပျူလူမျိုးတို့သည် ဗုဒ္ဓသာသနာကို ယုံကြည်လိုက်နာသူများဖြစ်၍ ကိုယ်နှုတ်နှလုံး လွန်စွာ ယဉ်ကျေးသိမ်မွေ့ကြလေသည်။ ပျူလူမျိုးတို့၏ တရားဥပဒေသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကို အခြေခံသဖြင့် ရုပ်ပိုင်းဒဏ်ခတ်မှုထက် စိတ်ပိုင်းဆိုင်ရာပြုပြင်မှုကို ပို၍ အလေးထားလေသည်။ ပျူလူမျိုးနှစ်ဦး တရားတဘောင်ဖြစ်လျှင် ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ရှေ့တွင် အမွှေးတိုင်များ ထွန်းညှိပူဇော်ကာ စိတ်ကို ဆောက်တည်ပြီး မိမိ၏ အပြစ်ကို ပြန်လည် စဉ်းစားဆင်ခြင်ကြရသည်။ ဤနည်းအားဖြင့် ကိုယ့်အပြစ်ကို တွေ့ရှိဝန်ခံပြီး ငြိမ်းအေး ပြေလည်သွားတတ်လေသည်။ အလားတူပင် နိုင်ငံတော်အတွင်း ကပ်ရောဂါ စသော ဘေးဒုက္ခများကျရောက်လာပါက ဘုရင်သည် ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် အလားတူ ပူဇော်၍ မိမိ၏ ချွတ်ယွင်းချက်များကို ပြန်လည်ဆင်ခြင်သုံးသပ်ရလေသည်။

ဤသာဓကများက ပြဆိုသည်ကား –

(က) တရားဥပဒေဟူသည်မှာ ခေတ်စနစ်၏ လိုအပ်ချက်အရ ပေါ်လာရခြင်းဖြစ်သဖြင့် တစ်ခေတ်နှင့် တစ်ခေတ် မတူညီနိုင်ပေ။

(ခ) သို့ဖြစ်သည့်အတွက် တရားဥပဒေများကို ခေတ်၏ အခြေအနေနှင့် ကိုက်ညီအောင် ပညာရှင်များက အမြဲတမ်း ပြင်ဆင် ရေးဆွဲကြရလေသည်။ ဥပဒေတကာတို့၏ ခေါင်းချုပ်ဖြစ်သော နိုင်ငံ၏ အခြေခံစည်းမျဉ်းဥပဒေများကိုပင် လိုအပ်လာလျှင် ပြန်လည် ပြုပြင်ရေးဆွဲကြရလေသည်။

(ဂ) တရားဥပဒေသည် ခေတ်တစ်ခေတ်မှ လူတို့အတွက်ဖြစ်လေရာ ထိုခေတ်က လူတို့၏ စိတ်နေသဘောထားကို ရောင်ပြန်ဟပ်နေတတ်၏။ လူတွေ ကြမ်းလျှင် ဥပဒေက ကြမ်းမည်။ လူတွေ နုလျှင် ဥပဒေက နုမည်။

လူ့ကျင့်ဝတ်သည်ကား တရားဥပဒေနှင့် ဆင်သော်လည်း မတူပေ။ လူ့ကျင့်ဝတ်တွင် ခေတ်အခါအလိုက်ပေါ်လာရသော အချက်အချို့ပါရှိသည် မှန်သော်လည်း အနှစ်သာရသဘောမှာကား လူ့ကျင့်ဝတ်သည် ခေတ်တိုင်း စနစ်တိုင်းအတွက်၊ တစ်နည်းအားဖြင့် လူသားအားလုံးအတွက် အချိန်မရွေး မှန်ကန်ကောင်းမွန်သော အချက်များကို အခြေခံပြုထားလေသည်။

ဗုဒ္ဓမြတ်စွာဟောကြားထားသည့် အခြေခံလူ့ကျင့်ဝတ်ငါးချက် (ငါးပါးသီလ) ကို သာဓကအဖြစ်ကြည့်နိုင်ပါသည်။ ၎င်းကျင့်ဝတ်သည် ဗုဒ္ဓဘာသာဝင်နှင့်သာ သက်ဆိုင်သည် မဟုတ်ပေ။ 'ဗုဒ္ဓဘာသာ'ဆိုသော အမှတ်တံဆိပ်ကို ခွာကြည့်လိုက်ပါက ၎င်းကျင့်ဝတ်များသည် လူတိုင်း လိုက်နာကျင့်သုံးသင့်ကြောင်း၊ ကျင့်သုံးလျှင် အကျိုးရှိကြောင်း၊ ကမ္ဘာအရပ်ရပ်မှာပင် တစ်နည်းမဟုတ်တစ်နည်း ၎င်းကို လူတို့ကျင့်သုံးနေကြကြောင်း တွေ့ရပေလိမ့်မည်။

ဗုဒ္ဓဘာသာက အရာရာကို အစွဲအလမ်းကင်းစွာဖြင့် ကြည့်မြင်တတ်ရန် အဓိကထား သင်ကြားပေးလေသည်။ ဗုဒ္ဓမြတ်စွာဘုရားဟောထားသည့်အတွက် ဗုဒ္ဓဘာသာဝင်တွေနှင့်သာ သက်ဆိုင်သည်ဟု မဆိုပေ။ ထိုသို့ယူဆလျှင် အလွန်ကျဉ်းမြောင်းပေလိမ့်မည်။ **အမှန်တရားဆိုသည်မှာ တိုင်းပြည်၊ လူမျိုး၊ ဘာသာစကား၊ အသားအရောင် စသည်တို့၏ ကန့်သတ်မှုများမှကင်းလွတ်သည်။ အမှန်တရားသည် ကာလမရွေး၊ ဒေသမရွေး မှန်လေသည်။ အပြန်အလှန်အားဖြင့်ပြောရလျှင် အချိန်ကာလအလိုက်သာ မှန်သော အချက်များ၊ နေရာဒေသအလိုက်သာ မှန်သော အချက်များသည် ထာဝရ အမှန်တရားမဟုတ်နိုင်ပေ။ တကယ်တော့ အမှန်တရားသည် အမြဲပင်ရှိနေ၏။ ၎င်းကို လူတွေက မသိမမြင်ကြသေးခြင်းသာဖြစ်လေသည်။** သာဓကတစ်ခု ပေးပါဦးမည်။

မြေဆွဲအားနိယာမကို အင်္ဂလန်နိုင်ငံမှ သိပ္ပံကဝိ 'နယူတန်' (NEWTON) က တွေ့ရှိခဲ့၏။ သို့ရာတွင် ၎င်းနိယာမကို နယူတန်က တီထွင်လိုက်ခြင်း မဟုတ်ပေ။ မြေ၏ ဆွဲအားသည် နယူတန်မတိုင်မီ ကမ္ဘာဦးအစကတည်းက ၎င်းနိယာမရှိနေသည်။ ၎င်းကို လူတွေက မသိမြင်ခဲ့ကြပေ။ နယူတန်က သိမြင်တွေ့ရှိပြီး ထုတ်ဖော်လိုက်ခြင်းသာဖြစ်လေသည်။

မြေဆွဲအားနိယာမသည် အင်္ဂလန်နိုင်ငံအတွက်သာ မှန်သော တရားမဟုတ်ပေ။ သစ်ပင်ပေါ်မှ သစ်သီးသည် အင်္ဂလန်တွင် ကြွေကျသောအခါ မြေပေါ်သို့ကျလာပြီး၊ တရုတ်ပြည်တွင် ကြွေကျသောအခါ မိုးပေါ်သို့ တက်သွားခြင်း မရှိပေ။ အင်္ဂလန်မှာဖြစ်စေ၊ တရုတ်ပြည်မှာဖြစ်စေ၊ ဘယ်အရပ်ဒေသမှာဖြစ်စေ အပင်ပေါ်မှ ကြွေကျသော သစ်သီးသည် မြေပေါ်သို့သာ ကျပေလိမ့်မည်။ သို့အတွက် မြေဆွဲအားနိယာမသည် ဘယ်ခေတ်ဘယ်အခါတွင်မဆို မှန်နေသည်။ ဘယ်နိုင်ငံတွင်မဆို မှန်နေသည်။ ဘယ်လူမျိုးအတွက်ဖြစ်စေ မှန်နေသည်။

အလားတူပင် လောက၌ရှိသော အမှန်တရားတို့ကို လူတို့က အဝိဇ္ဇာဖုံးလွှမ်းနေသဖြင့် မတွေ့မြင်ပေ။ ၎င်းကို ဗုဒ္ဓမြတ်စွာဘုရားသည် သဗ္ဗညုတ

ဉာဏ်တော်ဖြင့် သိမြင်တော်မူ၍ လောကသားတို့အား ဟောကြားခဲ့ခြင်းသာ ဖြစ်လေသည်။ ၎င်းအမှန်တရားတို့ကို မြတ်စွာဘုရားက ဖန်ဆင်း တီထွင်လိုက်ခြင်း မဟုတ်သလိုပင် မြတ်စွာဘုရားဟောလိုက်၍ မှန်လာခြင်းလည်း မဟုတ်ပေ။ ၎င်းအမှန်တရားတို့သည် အမြဲထာဝရ (မြတ်စွာဘုရား ပွင့်ထွန်းသည်ဖြစ်စေ၊ မပွင့်ထွန်းသည်ဖြစ်စေ) တည်ရှိနေလေသည်။ မြတ်စွာဘုရားသည် အမှန်တရားကို 'ဖန်ဆင်းသူ' မဟုတ်ပေ။ အမှန်တရားကို 'တွေ့ရှိသူ'၊ 'ဖော်ထုတ်သူ' သာလျှင်ဖြစ်ပေ၏။

အလားတူပင် မြတ်စွာဘုရားဟောကြားထားသော တရားတော်များတွင် ကာလ၏ အကန့်အသတ်၊ ဒေသ၏ အကန့်အသတ်မပါရှိပေ။ ဘယ်ခေတ် ဘယ်စနစ်တွင်မဆို၊ ဘယ်အရပ်ဒေသတွင်မဆို၊ ဘယ်တိုင်းပြည် ဘယ်လူမျိုးတွင်မဆို မှန်နေခြင်းဖြစ်လေသည်။

ဥပမာအားဖြင့် ဒေါသ (အမျက်ထွက်ခြင်း) ကို 'မကောင်း' ဟု မြတ်စွာဘုရားဟောခဲ့သည်။ ဒေါသဆိုသည်မှာ စိတ်ဆိုးခြင်းတစ်ခုကိုသာ ဆိုလိုသည် မဟုတ်ပေ။ 'ဆရာတော် အရှင်ဇနကာဘိဝံသ' ၏ 'ကိုယ်ကျင့်အဘိဓမ္မာကျမ်း တွင်'— 'အချုပ်မှာ စိတ်ညစ်မှု၊ စိတ်မချမ်းသာမှု၊ ကြောက်ရွံ့မှု၊ စိတ်ပျက်မှု၊ စိတ်ကောက်မှု၊ စိတ်ဆိုးမှု၊ ရန်ငြိုးဖွဲ့မှု၊ ဆဲဆိုငေါက်ငမ်း ခြောက်ချမ်းမှု၊ တိုက်ခိုက်မှု၊ သေကြေပျက်စီးအောင်ကြံဆောင်မှု အစုစုသည် ဒေါသချည်းတည်း' ဟု ရှင်းပြထားသည်။

'ဒေါသ'သည် လူ၏စိတ်ကို ဆိုးညစ်အောင် ခြယ်လှယ်ဖန်တီးတတ်သော စေတသိက်တစ်ခုဖြစ်၏။ သို့အတွက် ၎င်းကို 'မကောင်း' ဟု မြတ်စွာဘုရားဟောတော်မူခြင်းဖြစ်သည်။ ဒေါသထွက် (စိတ်ဆိုး) နေသူတစ်ယောက်သည် သွေးလည်ပတ်မှုမြန်ဆန်လာသည်၊ နှလုံးတုန်လာသည်၊ ရင်တွေ တဆတ်ဆတ် ခုန်လာသည်၊ တစ်ကိုယ်လုံး ပူလောင်နေသည်။ မျက်နှာနီရဲနေသည်၊ ရုပ်ပျက် ဆင်းပျက် အမူအရာပျက်ဖြစ်လာသည်။ ၎င်းကို ဘေးက လူတွေကြည့်ရလျှင် စိတ်ချမ်းမြေ့စရာမတွေ့ရပေ။ ကိုယ်ခန္ဓာသာမဟုတ် တွေးတော စဉ်းစားတတ်သော ဆင်ခြင်တုံတရားလည်း ပျောက်ကွယ်သွား၏။ အမှားအမှန်ဝေဖန်ပိုင်းခြားမှု မရှိတော့သဖြင့် လူ၏လုပ်ရပ်တွေမှာ အလွဲလွဲအချော်ချော် ဖြစ်ကုန်ကြလေသည်။ ဤသည်မှာ ဒေါသက လူတစ်ဦးအား ဆိုးကျိုးဖန်တီးပုံဖြစ်သည်။

လူနှစ်ယောက်ခိုက်ရန်ဖြစ်ပွားခြင်းမှသည် စစ်ပွဲများဖြစ်ပွားခြင်းအထိ ရှိရှိသမျှသော ပဋိပက္ခများ၊ ရန်ပွဲများ၊ အကြမ်းဖက်မှုများ၊ သွေးထွက်သံယိုမှုများ၊ ရက်စက်ကြမ်းကြုတ်မှုများ၊ အကောက်ကြံမှုများ၊ လီဆယ်မှုများ၊ သတ်ဖြတ်မှု

များ စသည့် အနိဋ္ဌာရုံအားလုံးသည် လောဘ၊ ဒေါသအစရှိသော မကောင်းယုတ်မာသည့်စိတ်ထားများကြောင့်ဖြစ်ရသည်ကို မည်သူမျှ မငြင်းဆိုနိုင်ပေ။ ဒေါသ၏ သားကောင်မှန်သမျှ အရှေ့တိုင်းသားဖြစ်စေ၊ အနောက်တိုင်းသားဖြစ်စေ၊ လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ အမှားမှားအယွင်းယွင်း ဖြစ်မည်မှာ မလွဲပေ။

ဒေါသ၏ ဆန့်ကျင်ဘက်မှာ 'မေတ္တာ'ဖြစ်၏။ ၎င်းကို ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သဖြင့် 'အဒေါသ'ဟု ခေါ်သည်။ ဒေါသက ပူလောင်သလောက် မေတ္တာက အေးမြလေသည်။ ဒေါသက ကြမ်းတမ်းသလောက် မေတ္တာက နူးညံ့လေသည်။ ဒေါသက အဖျက်သဘောရှိသလောက် မေတ္တာက အပြုသဘောရှိလေသည်။ သူတစ်ပါးအပေါ်တွင် မေတ္တာထားရှိတတ်သူအား လူမျိုးမရွေး၊ ဘာသာမရွေး လေးစားကြပေသည်။ ကမ္ဘာပေါ်တွင် အမြင့်မားဆုံးဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ဒေါသကို ချေဖျက်ပြီး မေတ္တာကို မြှင့်တင်ရန် ဆောင်ရွက်နေသော အဖွဲ့အစည်းကြီးပင်ဖြစ်လေ၏။ သို့အတွက်လည်း ၎င်းကို ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်း အားပေးထောက်ခံနေကြခြင်းဖြစ်လေသည်။

ဤအချက်များကို ထောက်ရှုပြီး မြတ်စွာဘုရားက ဒေါသကို 'မကောင်း' ဟု ဟောကြားခဲ့ခြင်း၊ မေတ္တာ (အဒေါသ) ကို 'ကောင်းသည်' ဟု ဟောကြားခဲ့ခြင်းသည် မည်မျှမှန်ကန်သည်ကို တွေ့လာရမည်ဖြစ်သည်။ ဗုဒ္ဓဝါဒီပင်ဖြစ်စေ၊ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ ဒေါသကို ချုပ်တည်းခြင်း၊ မေတ္တာကို ရှေ့ထားခြင်းဖြင့် ကောင်းသော အကျိုးတရားကိုသာ ခံစားရမည် မလွဲပေ။ တကယ်တော့ နာမည်တွေ၊ တံဆိပ်တွေသည် အရေးကြီးသည် မဟုတ်ပါ။ အနှစ်သာရသာလျှင် အဓိကဖြစ်ပါသည်။ ဝိပဿနာနည်းပြဆရာကြီး 'ဦးဂိုအင်ကာ' ရေးခဲ့ဖူးသလိုပင် **ငှက်ဖျားသည် ငှက်ဖျားသာဖြစ်၍ ဗုဒ္ဓဘာသာငှက်ဖျား၊ ခရစ်ယာန်ငှက်ဖျား၊ မွတ်ဆလင်ငှက်ဖျားဟူ၍ မရှိနိုင်ပါ။ ဤရောဂါဖြစ်လျှင် ဘယ်ဘာသာ ဘယ်လူမျိုးမဆို ဤဝေဒနာကို ခံစားရမည်သာဖြစ်ပါသည်။**

အလားတူပင် ဘာသာရေး၊ အယူဝါဒရေး စသည်တို့မှာလည်း တံဆိပ်တွေကပ်၊ နာမည်တွေပေးပြီး ခွဲခြားခွဲခြား လုပ်နေကြ၍ မတူကွဲပြားနေရခြင်းဖြစ်ပါသည်။

တရားတစ်ခု၏ မှန်ကန်မှုကို ယထာဘူတ,ကျကျ စိစစ်ဝေဖန်ပြီး လက်ခံနိုင်ကြလောက်အောင် သဘောထားကြီးကြပါလျှင် တညီတညွတ်တည်းဖြစ်နိုင်ပါလိမ့်မည်။

'သမိုင်းဆရာသည် စာအုပ်များကြားသို့ ရောက်သွားလျှင် သူ၏လူမျိုးကို မေ့ပစ်လိုက်ရမည်' ဟု ပညာရှိတစ်ဦးက ဆိုထားသည်။ ဆိုလိုချက်မှာ သမိုင်းဆရာသည် ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ ကင်းရမည်ဖြစ်ပြီး သမိုင်းဖြစ်ရပ်များကို မှန်မှန်ကန်ကန် ကြည့်မြင်ရမည်ဟု ဆိုလိုသည်။

သိပ္ပံပညာရှင်သည်လည်း အလားတူ အစွဲအလမ်းကင်းစင်သူများဖြစ်ကြ၏။ သိပ္ပံပညာရှင်သည် ပြဿနာတစ်ခုကို စူးစမ်းလေ့လာရာ၌ မိမိ၏ ခန့်မှန်းယူဆချက် (Hypothesis) ကို အခြေခံပြီး၊ လိုအပ်သော သုတေသန (Research) ပြုလုပ်လေသည်။ ထိုသုတေသနမှ ပေါ်ထွက်လာသော ရလဒ်သည် သူထင်တွေးထားသည့်အတိုင်း ဖြစ်ချင်လည်းဖြစ်မည်၊ ဖြစ်ချင်မှလည်းဖြစ်မည်။ သို့ရာတွင် သိပ္ပံဆရာသည် သုတေသန၏ ရလဒ်ကို ဘဝင်ကျကျ လက်ခံလေသည်။ 'ငါယူဆထားတာနှင့်မတူလို့ လက်မခံနိုင်' ဟု မဆိုပေ။

အဆိုပါ သမိုင်းဆရာ၊ သိပ္ပံဆရာတို့၏ သဘောထားကို အမှန်တရား ရှာဖွေသူတို့ နမူနာယူသင့်၏၊ စံထားသင့်လှ၏။ အမှန်တရားရှာသူသည် အစွဲအလမ်းကင်းသူဖြစ်ရမည်။ သို့အတွက် 'ဒဿနပညာ လိုက်စားမည့်သူသည် စိတ်၏လွတ်လပ်ခြင်းရှိရမည်'ဟု 'တိုလမီ' (Ptolemy) က ဆိုခဲ့သည်။ အမှန်တရားရှာဖွေသူသည် တရားတစ်ခုကို ဘက်ပေါင်းစုံမှ ကြည့်မြင်ရမည်။ ထောင့်ပေါင်းစုံမှ ဝေဖန်ပိုင်းခြားရမည်။ လက်တွေ့နည်းလမ်းအသွယ်သွယ်ဖြင့် စမ်းသပ် စစ်ဆေးရမည်။ ထိုကဲ့သို့ စစ်ဆေးစမ်းသပ်လေ့လာပြီး မှန်ကန်ကြောင်းတွေ့ရလျှင်လည်း ထိုတရားကို ရဲရဲရင့်ရင့် လက်ခံရမည်ဖြစ်လေသည်။ မှန်ကန်မှန်းသိနေပါလျက် မိမိ၏ ကြိုတင်ယူဆထားသော အစွဲအလမ်းနှင့် မကိုက်ညီသဖြင့် နဝေတိမ်တောင် မလုပ်သင့်ပေ။

ဗုဒ္ဓမြတ်စွာဘုရားသခင်က 'ငါ့အား ကြည်ညိုသော စိတ်ဖြင့် ငါ၏တရားကို လက်မခံသင့်၊ ပန်းထိမ်ဆရာသည် ရွှေကို မီးဖြင့် စမ်းသပ်စစ်ဆေးသကဲ့သို့ ငါ၏တရားကို စစ်ဆေးပြီးမှ လက်ခံရာ၏' ဟု ဟောတော်မူခဲ့၏။ မြတ်စွာဘုရား၏ ဝါဒမှာ 'ဝိဘဇ္ဇဝါဒ' (ပိုင်းခြားဝေဖန်ရသော ဝါဒ) ဖြစ်၏။ ထိုကဲ့သို့ ပိုင်းခြားဝေဖန်ရာတွင် မြတ်စွာဘုရားသည် မိမိ၏ တရားတော်ကိုပင် ခြွင်းချက်အဖြစ်မထားခဲ့ပေ။ ဗုဒ္ဓဘုရားသည် ဤမျှမက လူ၏လွတ်လပ်ခွင့်ကို မြေတောင်မြှောက်ပေးပေသည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော လူ့ကျင့်ဝတ်ဆိုင်ရာများစွာ ရှိပေသည်။ ၎င်းတို့ကို တကယ်မှန်ကန်ခြင်းရှိမရှိ၊ မိမိအတွက်ရော၊ သူတစ်ပါးအတွက်ပါ အကျိုးဖြစ်ထွန်းစေခြင်း ရှိမရှိ၊ အချိန်ကာလမရွေး နေရာဒေသမရွေး လူတိုင်းအတွက် သင့်လျော်ခြင်း ရှိမရှိ စသည်အားဖြင့် စဉ်းစားဝေဖန်ကြည့်သင့်သည်။ ထိုကဲ့သို့ စဉ်းစားဝေဖန်ကြည့်ပြီးနောက် ဗုဒ္ဓဘာသာလူ့ကျင့်ဝတ်၏ မှန်ကန်မှုကို တွေ့ရှိလာပါကလည်း ကိုယ်ရောစိတ်ပါ နှစ်နှစ်ကာကာ လိုက်နာကျင့်သုံးကြရန်သင့်လေသည်။

## ကျင့်ဝတ်ငါးသွယ်

ဗုဒ္ဓမြတ်စွာဘုရားက လူတိုင်းကျင့်ကြံသင့်သော ကျင့်ဝတ်ငါးသွယ်ကို ဟောကြားခဲ့၏။ ၎င်းကို အချက်ငါးချက်ပါရှိသော ကျင့်ဝတ်ဖြစ်၍ **'ပဉ္စသီလ'** ဟူ၍လည်းကောင်း၊ လူတို့ အမြဲစောင့်ထိန်းသင့်သောကြောင့် **'နိစ္စသီလ'**ဟူ၍လည်းကောင်း၊ မကျိုးပေါက်ရအောင် ဂရုတစိုက် ကျင့်ဆောင်အပ်သောကြောင့် **'ဂရုဓမ္မသီလ'** ဟူ၍လည်းကောင်း ခေါ်ဆိုလေ့ရှိသည်။ **ပထမကျင့်ဝတ်မှာ** သူတစ်ပါး၏ အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ရန်ဖြစ်၏။ ဤတွင် အလေးအနက်မှတ်သားသင့်သော အချက်မှာ 'သူ' အသက်ကို မဖျက်ဆီးရန်ဖြစ်၏။ 'လူ' အသက်ကိုသာ မဆိုပေ။ အချို့ကျင့်ဝတ်များက လူသား၌သာ အသက်ရှိသည်ဟုဆိုလိုသည်၊ လူကိုသတ်ခြင်းမှ ရှောင်ကြဉ်ရန်ကိုသာ သင်ပြသည်။ ဗုဒ္ဓလူ့ကျင့်ဝတ်ကား သက်ရှိအားလုံး (ကြီးငယ်မဟူ) မည်သူ၏ အသက်ကိုမျှ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ နာကျင်အောင်ပြုလုပ်ခြင်း၊ ထိခိုက်အောင်လုပ်ခြင်း၊ ကြဲစည်ခြင်း၊ ပြောဆိုခြင်း မပြုရန် ပြဋ္ဌာန်းလေသည်။

ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်သည် ကိုယ်ချင်းစာနာမှုတွင် အခြေပြုကြောင်း တင်ပြခဲ့ပြီးပါပြီ။ ထိုကဲ့သို့ ကိုယ်ချင်းစာစိတ်ဖြင့် စဉ်းစားကြည့်မည်ဆိုပါက မိမိနာကျင်မှု မခံစားချင်သလို၊ သူတစ်ပါးလည်း မခံစားချင်ပေ။ မိမိ အသက်ရှင်နေချင်သလို သူတစ်ပါးလည်း အသက်ရှင်နေချင်ပေလိမ့်မည်။ **လူမှတစ်ပါးသော သက်ရှိသတ္တဝါများမှာလည်း နာကျင်တတ်သော အသိရှိသည်သာဖြစ်သည်**။ သို့အတွက် ဘယ်သတ္တဝါကိုမဆို နာကျင်အောင်လုပ်ပါက အော်ဟစ်မြည်တမ်း ညည်းညူမည်သာဖြစ်သည်။ ဤအချက်ကိုကြည့်လျှင် ကိုယ်နာကျင်

မှာကြောက်သလို သူတစ်ပါးလည်း နာကျင်မှု မခံစားလိုကြကြောင်း ထင်ရှား လှပေသည်။

လူသားသည် ကျောက်တုံးကျောက်ခဲ မဟုတ်ပေ။ သူ့မှာ မျှဝေခံစားတတ် သော နှလုံးသားရှိနေသည်။ ဘေးပတ်ဝန်းကျင်မှ လူတွေ ပျော်ကြလျှင် မိမိ လည်း ပျော်လာသည်။ အလားတူပင် ဝေဒနာခံစားနေရသော လူနာ တစ်ယောက်ကို တွေ့ရလျှင်ဖြစ်စေ၊ သေဆုံးသူ၏ ဆွေမျိုးသားချင်းတို့ ပူဆွေး ငိုကြွေးနေသည်ကို မြင်ရလျှင်ဖြစ်စေ၊ မိမိ၏ စိတ်တွင်လည်း ဝမ်းနည်းကြေကွဲမှု ဖြစ်ရပေသည်။ ဤအချက်က လူသည် သူတစ်ပါး၏ သုခ၊ ဒုက္ခကို မျှဝေခံစား တတ်သော ကိုယ်ချင်းစာနာမှုရှိသူဖြစ်ကြောင်း မငြင်းသာအောင် ပြနေပေသည်။

ကိုယ်ချင်းစာနာစိတ်ကို အခြေခံပြုထားသော လူ့ကျင့်ဝတ်အရ လူသည် သူတစ်ပါး နာကျင်၊ ထိခိုက်၊ ပျက်စီးအောင်၊ စိတ်မချမ်းမသာဖြစ်အောင်၊ စိတ် ပူပန်အောင်၊ မည်သည့်နည်းနှင့်မျှ မပြုသင့်သည့်အပြင် ထိုသို့ပြုရန် စဉ်းစားခြင်း၊ တွေးတောခြင်း၊ ပြောဆိုခြင်း၊ သူတစ်ပါးနှင့် ညှိနှိုင်းတိုင်ပင်ခြင်းမျှကိုပင် မပြု လုပ်သင့်ပေ။

လောကတွင် ရှိရှိသမျှသော သက်ရှိသက်မဲ့တို့သည် သူ့ဂုဏ်အရည်အချင်းနှင့် သူရှိကြလေသည်။ သူ့တန်ဖိုးနှင့် သူပိုင်ဆိုင်ကြလေသည်။ သဘာဝကို ချစ်မြတ် နိုးသူမှန်သမျှသည် သဘာဝအတွင်းရှိ ကျောက်တုံးတစ်တုံးကိုဖြစ်စေ၊ ပန်းပွင့် တစ်ပွင့်ကိုဖြစ်စေ၊ ပိုးမွှားတစ်ကောင်ကိုဖြစ်စေ အကြောင်းမဲ့ မဖျက်ဆီးသင့်ပေ။

ပင်လယ်ကွေ့တွင် ရေနံတွေ ယိုဖိတ်မှုကြောင့် ငါးတွေ၊ လိပ်တွေ၊ ငှက် ကလေးတွေ ဘေးတွေ့ကြသည်၊ ၎င်းတို့ကို တိရစ္ဆာန်ချစ်တတ်သူ၊ သဘာဝ ချစ်တတ်သူတို့က ကယ်တင်ကြသည်။ ရေဆေးပေးကြသည်။ အစာကျွေးကြ သည်။ ဆေးကုပေးကြသည်။ ဘေးကင်းရာသို့ လွှတ်ကြသည်။ အလားတူပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၊ အဖွဲ့အစည်းများကလည်း ကမ္ဘာအရပ် ရပ်ရှိ ရေမြေတောတောင်တွေ၊ သားငှက်တိရစ္ဆာန်တွေ မပြုန်းတီးရအောင် ကာကွယ်ရန် လှုံ့ဆော်နေကြလေသည်။ ဤသည်တို့မှာ သူ့အသက်ကို ဖျက်ဆီး ခြင်းမှ ရှောင်ကြဉ်သည့် ကျင့်ဝတ်၏ ရောင်ပြန်ဟပ်မှုများပင်ဖြစ်၏။

သူ့အသက်ကို ဖျက်ဆီးမှုအနက် မလိုအပ်ဘဲ ရသတဏှာအတွက် သတ် ဖြတ်ခြင်း (ဆိုလိုသည်မှာ ရှားပါးတိရစ္ဆာန်များကိုမှ သတ်ဖြတ်စားသောက်လို ခြင်း။)၊ အခြားအဝတ်အထည်၊ အသုံးအဆောင်တွေ အလျှံအပယ် ပေါ်နေပါ လျက် တိရစ္ဆာန်တို့၏ အရေဖြင့်ချုပ်သော အဝတ်အထည် အသုံးအဆောင်ကိုမှ ဝတ်ဆင်ချင်ကြခြင်း၊ အခြားကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားနိုင်ပါလျက်

တိရစ္ဆာန်များ၏ အရေခွံကို ခွာ၊ အစွယ်ကိုဖြတ်ပြီး ရောင်းစားကြခြင်း၊ ပျော်ရွှင်စရာတွေ၊ ဖြေဖျော်စရာတွေ ပေါ်များပါလျက် တောလိုက်ခြင်းကို အပျော်ပါး အဖြစ်လုပ်ခြင်း စသည်တို့သည်လည်း ရှောင်ကြဉ်သင့်သော အလုပ်များဖြစ်ပေသည်။ သို့အတွက်လည်း ကမ္ဘာအရပ်ရပ်မှ ကြင်နာတတ်သော လူအများက ဤလုပ်ရပ်များကို ရှုတ်ချကန့်ကွက်နေကြခြင်းဖြစ်လေသည်။

ဗုဒ္ဓဘာသာ လူ့ကျင့်ဝတ်တွင် ရှောင်ကြဉ်ရန်နှင့် ကျင့်သုံးရန် နှစ်ပိုင်းပါဝင်ကြောင်း ယခင်အခန်းတွင် တင်ပြခဲ့ပါပြီ။ သူတစ်ပါးအား သတ်ဖြတ် ဖျက်ဆီးခြင်း၊ ထိခိုက်နစ်နာအောင်လုပ်ခြင်းကို ရှောင်ကြဉ်ခြင်းသည် ကျင့်ဝတ်၏ တစ်ဝက်မျှသာ ရှိပါသေးသည်။ ၎င်းကို ရှောင်ကြဉ်ရသလိုပင် သူတစ်ပါး ချမ်းသာစေရန် စိတ်စေတနာထားခြင်း၊ သူတစ်ပါးအကျိုးရှိစေမည့်စကားကို ချိုချိုသာသာပြောဆိုခြင်း၊ သူတစ်ပါးချမ်းသာစေမည့်အလုပ်များကို တတ်နိုင်သမျှလုပ်ခြင်းတို့ကိုလည်း တစ်ပါတည်း လုပ်ဆောင်ကြရမည်ဖြစ်၏။ ယုတ်စွအဆုံး ရေငတ်လာသူအား ရေကြည်ရေအေးကလေးတစ်ခွက်တိုက်ခြင်းမျှဖြစ်စေ၊ လုပ်သင့်ကြ၏။ 'ရှင်မဟာရဋ္ဌသာရ' က—

လမ်းထောက်လမ်းထောက်၊
ဇရပ်ဆောက်၍၊
တူးမြောက်သန့်ရှင်း၊
မြူမှုက်ကင်းသား၊
ရေတွင်းအပေါင်း၊
ရေခမောင်းနှင့်၊
ခပ်လောင်းပြည့်ဖြိုး၊
ရေခမိုးလည်း၊
ရေအိုးစင်ထက်၊
ထားတင်လျက်တည့်၊
ဟိုက်ဟက်ရှင်လူ၊
နားသသူတို့၊
ယူကာသောက်ကြ၊
အားပါးရသော်၊
ဒါနတစ်ဆူ၊
ရေချမ်းဟူသား။ ။

ဟုရေးဖွဲ့ခဲ့လေသည်။

၎င်းမှာ မြန်မာ့စရိုက်၊ မြန်မာ့စေတနာကို ထင်ဟပ်ပြနေသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ဇရပ်များ၊ ရေချမ်းစင်များ တွေ့ရပေမည်။ မြန်မာနိုင်ငံတွင် ထမင်းရေချောင်းစီးအလှူကြီးပေးသည်မှ 'သစ်သီးတစ်လုံး၊ ပန်းတစ်ကုံး၊ ရေချမ်းတစ်မှုတ်၊ ဆွမ်းတစ်ဆုပ်' လှူသည်အထိ အချိန်နှင့်အမျှ ဒါနမိုးရွာသွန်းဖြိုးစွေလျက်ရှိပေ၏။

မန်လည်ဆရာတော်ဘုရားကြီးက—

'တစ်ယာကွမ်းဆေး၊ ရေအေးတစ်ခွက်၊
လက်ဖက်တစ်ရိုး၊ ကြံတစ်ချိုးမျှ၊
မြတ်နိုးကြည်ဖြူ၊ ဒါနဟူ၏၊
အလှူကောင်းမှု၊ ရရာပြုလော့' ဟု

ရေးသားဆုံးမတော်မူခဲ့သည်။

ဗုဒ္ဓဘာသာ လူ့ကျင့်ဝတ်၏ အပြုဘက်ပိုင်းဖြစ်သော ပရဟိတစိတ်ဓာတ်သည် မြန်မာနိုင်ငံတွင် ရှင်သန်လျက်ရှိနေပေသည်။ ဤစိတ်ဓာတ်၏ ပြယုဂ်အဖြစ် ဆေးရုံများ၊ လူအိုရုံများ၊ ဂေဟာများ၊ စာသင်ကျောင်းများ၊ ဘုရားတန်ဆောင်း၊ ကျောင်းပြာသာဒ်များ၊ ဥယျာဉ်ပန်းခြံများ၊ ရေတွင်းရေကန်များ၊ လမ်းများ၊ တံတားများ စသည့် များလှစွာသော လူသားအကျိုးပြုလုပ်ရပ်များ ပေါ်ထွန်းလာလေသည်။ ဧည့်သည်တစ်ယောက်သည် မြန်မာနိုင်ငံ၏ ဘယ်အရပ်ဒေသကိုသွားသွား ဖော်ရွေသော ကြိုဆိုမှုနှင့် လိုက်လှဲသော အပြုံးများကို တွေ့ရမည် မလွဲပေ။

ကမ္ဘာပေါ်တွင် စစ်ပွဲများဖြစ်ပွား၍ သေကြေပျက်စီးရသည့် အရေအတွက်မှာ အလွန်များပြားလှ၏။ နေ့စဉ်လည်း စစ်ဘေးကြောင့်သေကြရ၏။ ၎င်းပြင် အငတ်ဘေး၊ ရောဂါဘေး၊ သဘာဝဘေးအန္တရာယ် (ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့်) ကြောင့်လည်း လူတို့ ဒုက္ခတွေ့ကြုံကြရ၏။ ၎င်းဒုက္ခသည်များအား ကိုယ်ချင်းစာနာစိတ်ရှိသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက ကူညီရိုင်းပင်းလျက်ရှိကြ၏။ စစ်ပွဲမှာ မလွှဲမရှောင်သာ၍ တစ်ဦးနှင့် တစ်ဦး သတ်ကြရသော်လည်း သုံ့ပန်းအဖြစ် ဖမ်းဆီးမိသူကိုကား သတ်ဖြတ် ညှဉ်းဆဲခြင်း မပြုရန် 'ဂျီနီဗာကွန်ဗင်းရှင်း' ခေါ် သဘောတူစာချုပ်ကို နိုင်ငံများစွာက လက်မှတ်ရေးထိုးထားကြသည်။ ဤသည်မှာ မလိုအပ်ဘဲ သတ်ဖြတ် ဖျက်ဆီးမှုကို တားမြစ်ပိတ်ပင်ခြင်းဖြစ်၏။

လူသားအကျိုးပြုလုပ်ငန်းများအနက် ရောဂါဝေဒနာခံစားနေရသူအား ပြုစုကုသပေးသော သူနာပြုလုပ်ငန်း၊ ဆေးဝါးကုသခြင်းလုပ်ငန်းသည် အလွန်မွန်မြတ်လှပေ၏။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်ပင် နာမကျန်းသော ရဟန်းတော်တစ်ပါးအား ပြုစုတော်မူခဲ့သည်။

သူနာပြုလုပ်ငန်းကို မြတ်ဗုဒ္ဓချီးမွန်းတော်မူလေသည်။ လူကိုသာမက သက်ရှိသတ္တဝါများအပေါ်တွင်လည်း အတတ်နိုင်ဆုံး မေတ္တာရှေ့ထားပြီး အစားအစာကျွေးမွေးခြင်း၊ ရေတိုက်ခြင်း၊ နားခိုစရာလုပ်ပေးခြင်း၊ ဘေးအန္တရာယ်မှ ကာကွယ်ခြင်း၊ ဆေးဝါးကုသပေးခြင်း စသော လုပ်ရပ်တို့သည် အလွန်ချီးမွမ်းဖွယ်ကောင်းလှသော ကုသိုလ်ကောင်းမှုများပင်ဖြစ်လေသည်။

သို့အတွက်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ကို ယုံကြည်လေးမြတ်လိုက်နာခြင်းရှိသော အသောက ခေါ် သီရိဓမ္မာသောကမင်းကြီးသည် လူနှင့်တိရစ္ဆာန်တို့အတွက် အကျိုးပြုလုပ်ငန်းများစွာ လုပ်ဆောင်ခဲ့သည်ကို သူ၏ကျောက်စာပြန်တမ်းများတွင် တွေ့ရှိရ၏။ ၎င်းတို့မှာ—

၁။ အကျိုးမဲ့သော ပွဲတို့ကို မကျင်းပရန် ပိတ်ပင်ခြင်း၊ ဘုရင်အိမ်တော်၌ နေ့စဉ်ထောင်ပေါင်းများစွာသော တိရစ္ဆာန်တို့ကို ဟင်းလျာအတွက် သတ်ခြင်းကို တားမြစ်ခြင်း။ (ကျောက်တိုင်စာကြီး အမှတ်–၁)။

၂။ နိုင်ငံတော်အရပ်ရပ်နှင့်တကွ အစွန်အပတိုင်းများတွင် လူနှင့် တိရစ္ဆာန်ဆေးကုဌာနများဖွင့်ခြင်း၊ ဆေးဖက်ဝင်သော သစ်ပင်များ စိုက်ပျိုးစေခြင်း၊ လမ်းတို့၌ သစ်ပင်စိုက်ခြင်းနှင့် ရေတွင်းများ တူးဖော်စေခြင်း။ (ထို–အမှတ် ၂)။

၃။ ဆင်းရဲသားနှင့် ခိုးကိုးရာမဲ့ပုဂ္ဂိုလ်တို့၏ အကျိုးကို ဆောင်ရွက်ပေးရန် အမတ်ကြီးများ ခန့်ထားခြင်း။ (ထို–အမှတ် ၅)။

၄။ တောကစားထွက်ခြင်းအစား တရားခရီးထွက်ခြင်း။ (၎င်း–အမှတ် ၈)။

၅။ တရားဖြင့်အောင်ခြင်း၊ (ဓမ္မဝိဇယ) သည် အမြတ်ဆုံးအောင်ခြင်းဖြစ်သည်ဟု သဘောပေါက်၍ စစ်ကို စွန့်လွှတ်ခြင်း။ (၎င်း–အမှတ် ၁၃)။

၆။ ခြေနှစ်ချောင်း၊ ခြေလေးချောင်းသတ္တဝါများ၊ အတောင်ရှိသော ငှက်များနှင့် ရေသတ္တဝါများအား ဘေးမဲ့ပေးခြင်း၊ (ကျောက်တိုင်စာကြီး-အမှတ် ၂)။

၇။ သေဒဏ်ပေးခံရသူအား အယူခံခွင့်သုံးရက်ပေးခြင်း၊ (၎င်း-အမှတ် ၄)။

၈။ တိရစ္ဆာန်များအား သတ်ခြင်း၊ သင်းကွပ်ခြင်း၊ တံဆိပ်နှိပ်ခြင်း မပြုရသော နေ့ရက်များ သတ်မှတ်ခြင်း၊ (၎င်း-အမှတ် ၅)။

၉။ အဘိသိက်ခံယူသောနေ့ နှစ်ပတ်လည်တိုင်း အကျဉ်းသားတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ (၎င်း-အမှတ် ၅)။

၁၀။ လူနှင့် တိရစ္ဆာန်များအတွက် ဆေးဖက်ဝင်အပင်များ၊ သရက်ဥယျာဉ်များ စိုက်ပျိုးစေခြင်း၊ ရှစ်ကောသအကွာတိုင်း၌ သောက်ရေတွင်းများ တူးဖော်စေခြင်း၊ တည်းခိုအိမ်များ ဆောက်လုပ်စေခြင်း၊ ရေချမ်းစင်များတည်စေခြင်း၊ (၎င်း-အမှတ် ၇)

ဗုဒ္ဓလူ့ကျင့်ဝတ်ငါးသွယ်အနက် ပထမဖြစ်သော သူ့အသက်အား ဖျက်ဆီးခြင်းမှရှောင်ကြဉ်မှု (ဝါရိတ္တသီလ - ရှောင်ကြဉ်မှုအပိုင်း) နှင့် လူနှင့်သက်ရှိသတ္တဝါများ ချမ်းသာစေရန်ဆောင်ရွက်မှု (စာရိတ္တသီလ - ကျင့်ဆောင်မှုအပိုင်း) ကို အတန်ငယ် တင်ပြခဲ့ပါပြီ။ ဤကျင့်ဝတ်သည် မှန်ကန်ခြင်း ရှိမရှိ ဆန်းစစ်ပါလျှင် ကမ္ဘာနှင့်အဝန်းပင် ၎င်း၏ မှန်ကန်မှုကို လက်ခံနေကြပြီဖြစ်သည့်အပြင် လက်တွေ့လည်း လိုက်နာကျင့်သုံးနေကြလေပြီ၊ အသိအမြင် အဆင့်အတန်းမြင့်မားသူတို့အတွက် အမှန်တရားဟူသည်မှာ တစ်မျိုးတည်းသာဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ ဘယ်တိုင်းပြည်၊ ဘယ်လူမျိုးကမဆို သူတစ်ပါးအပေါ်တွင် မေတ္တာစေတနာထားခြင်းကို ကောင်းသော အလုပ်၊ မှန်သော အကျင့်ဟု နှစ်မြိုက်လက်ခံကြသည်သာဖြစ်ပါသည်။ ဤကျင့်ဝတ်ကြောင့် လူနှင့်တကွသက်ရှိအားလုံးချမ်းသာကြရကြောင်းကိုလည်း အသိဉာဏ်ရှိသူတိုင်း မငြင်းဆိုကြပေ။ ဤကျင့်ဝတ်ကို လိုက်နာကျင့်ကြံခြင်းအားဖြင့် မိမိရော၊ သူတစ်ပါးပါကိုယ်စိတ်နှစ်ပါးချမ်းသာကြရမည် မလွဲပေ။

. သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှာ ပုံစံအမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ် ရှိလေသည်။ ဗုဒ္ဓဘာသာစာပေများတွင် ခိုးယူခြင်း ၂၅-ပါးမျှကိုပင် ပြဆိုထားသည်။ (ဤတွင် ကျယ်ပြန့်လွန်းမည်ဖြစ်၍ အသေးစိတ် ရေးမပြတော့ပါ။) ဆိုလိုချက်အချုပ်မှာကား သူတစ်ပါးက စိတ်ဆန္ဒအလျောက် လိုလိုလားလား ပေးခြင်းမျိုးမဟုတ်ဘဲ တစ်စုံတစ်ခုသော နည်းဖြင့် ရယူခြင်းမှန်သမျှ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်ကို ယူသည်ဖြစ်စေ ခိုးယူခြင်းပင်ဖြစ်လေတော့သည်။

ယနေ့ကမ္ဘာပေါ်တွင် လူတို့အကျင့်စာရိတ္တယိုယွင်းလာသဖြင့် နည်းမျိုးစုံဖြင့် ခိုးယူခြင်း၊ လိမ်ယူခြင်း၊ ခြိမ်းခြောက်ယူခြင်း၊ လာဘ်ယူခြင်း၊ ပရိယာယ်ဖြင့် ယူခြင်းများ နေရာတကာတွင် တွေ့မြင်နေရသည်။ လူတို့၏ နေ့စဉ်ဘဝတွင် ၎င်းအဖြစ်အပျက်များကို တွေ့ရဖန်များလှသည့်အပြင် တိုင်းပြည်အစိုးရများပင်လျှင် လာဘ်ပေး လာဘ်ယူမှု၊ ငွေကြေးအရှုပ်အထွေး စသည်များကြောင့် မကြာခဏ ဂယက်ရိုက်ခံနေရသည်။

ဤစာကို ရေးသားနေစဉ်မှာပင် သတင်းစာများ၌ 'နိုင်ငံတကာ ချေးငွေနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်' (ဘီစီစီအိုင်) ၏ အရှုပ်တော်ပုံများကို ဖတ်ရသေး၏။ ၎င်းဘဏ်သည် လက်နက်ရောင်းဝယ်မှု၊ မူးယစ်ဆေးရောင်းဝယ်မှု၊ တရားမဝင် သူပုန်အဖွဲ့များအား ထောက်ပံ့မှု စသည်လုပ်ရပ်များကို ဘဏ်အမည်ကို အကာအကွယ်ယူပြီး ကျူးလွန်ခဲ့လေသည်။ ၎င်းတို့ကို စုံစမ်းစစ်ဆေးလျက်ရှိသည့်အပြင် ၎င်းဘဏ်ခွဲများကိုလည်း နိုင်ငံများစွာတွင် ပိတ်ပင်ခြင်းခံရလေသည်။

၂၉-၇-၉၁ နေ့ထုတ် 'လုပ်သားပြည်သူ့နေ့စဉ်' (မြန်မာ) သတင်းစာတွင်လည်း ဂျပန်နိုင်ငံ၏ တတိယအကြီးဆုံးဖြစ်သော တိုကိုင်ဘဏ်မှဝန်ထမ်းများ လိမ်လည်မှုများရှိနေသည့်အတွက် စုံစမ်းစစ်ဆေးနေကြောင်း၊ အလားတူပင် ဖူဂျီဘဏ်လီမီတက်နှင့် ကျိုဝါဆာအိတာနာဘဏ်တို့တွင်လည်း လိမ်လည်မှုများရှိနေကြောင်း ဖော်ပြထားလေသည်။

လိမ်လည်လှည့်ဖြားမှု၊ ခိုးယူမှု၊ လာဘ်ပေးလာဘ်ယူမှု စသည်များမှာ ကမ္ဘာနှင့်အဝန်းပင် လူတို့၏စာရိတ္တကို လှိုက်စားနေလေသည်။ အစိုးရအဖွဲ့များနှင့် စီးပွားရေးအဖွဲ့အစည်းများအနေနှင့်လည်း ၎င်းကို နှိပ်ကွပ်ရန် နည်းမျိုးစုံဖြင့် ကြိုးစားလျက်ရှိကြ၏။

ဤပြဿနာသည် ရေရှည်တွင် ဆိုးကျိုးကြီး အကြီးအကျယ်ဖြစ်လာမည့် အလားအလာရှိလေသည်။ ဤသည်တို့ကိုထောက်၍ ဗုဒ္ဓဘာသာလူ့ကျင့်ဝတ်၏ တားမြစ်ချက်သည် ခေတ်အခါမရွေး၊ တိုင်းနိုင်ငံမရွေး မှန်ကန် သင့်လျော်ကြောင်း ဝန်ခံကြရမည်ဖြစ်လေသည်။

မည်သည့်နိုင်ငံ၏ ဥပဒေကမဆို ဤကဲ့သို့ မရိုးမသားပြုလုပ်ခြင်းကို ခွင့်မပြုပေ၊ အပြစ်ပေး အရေးယူမည်သာဖြစ်လေသည်။

ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဒုတိယလူ့ကျင့်ဝတ်၏ စောင့်ထိန်းမှု (ရှောင်ကြဉ်မှု) အပိုင်းဖြစ်၏။ ကျင့်သုံးမှုအပိုင်းအနေဖြင့်ပြောရလျှင် သူတစ်ပါးတို့ဥစ္စာကို တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ သူတစ်ပါး ပို၍တိုးတက်ကြီးပွားအောင် တတ်စွမ်းသရွေ့ကူညီခြင်း၊ ယုတ်စွအဆုံး သူတစ်ပါးကြီးပွားတိုးတက်သည်ကို စိတ်ထဲမှ ဝမ်းမြောက်ခြင်း၊ ထုတ်ဖော် ချီးကျူးခြင်း (မုဒိတာတရား) တို့ကို ပြုသင့်လှပေသည်။

၈ ၈

တတိယကျင့်ဝတ်ကား သူ့သားအိမ်ရာကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရန်ဖြစ်သည်။

ဗုဒ္ဓတရားက လူတိုင်းကို ရသေ့ရဟန်းပြုရန်၊ တောထွက်ရန် မတောင်းဆိုပေ။ ပုထုဇဉ်လူသားသည် အိမ်ရာတည်ထောင်ခြင်း၊ မျိုးနွယ်ထိန်းသိမ်းခြင်းတို့ကို ပြုရမည်သာဖြစ်သည်။ ထိုသို့ မပြုပါက မိမိ၏ အမျိုးအနွယ်ပြတ်တောက်သွားပေလိမ့်မည်။

မြတ်စွာဘုရားက သားသမီးများအား ချီးမြှောက်ရန် မင်္ဂလသုတ်တွင် ဟောကြားထားလေသည်။ အလားတူပင် သုတ်ပါထေယျ၊ သိင်္ဂါလောဝါဒသုတ်တွင်လည်း အရွယ်ရောက်လာသော သားသမီးများကို သင့်တင့်လျောက်ပတ်သူနှင့် ထိမ်းမြားလက်ထပ်ပေးရန်ကိုလည်းကောင်း၊ မိဘဝတ္တရား၊ သားသမီးဝတ္တရားများကိုလည်းကောင်း ပြဆိုထားပေသည်။ ဤအချက်များက ဗုဒ္ဓတရားတော်သည် လောကကို မပစ်ပယ်ကြောင်း ထင်ရှားစေပါသည်။

ထိုကဲ့သို့ လောကဓမ္မတာ အိမ်ရာတည်ထောင်ကြရာတွင် ခင်ပွန်းဝတ္တရား၊ ဇနီးဝတ္တရားကျေပွန်ကြရန် အရေးကြီးသည်။ တစ်ဦးနှင့်တစ်ဦး သစ္စာရှိကြရန်လည်း အထူးလိုအပ်သည်။ ထိုကဲ့သို့ သစ္စာမရှိဘဲ အိမ်ထောင်ရေးစည်းကမ်းဖောက်ဖျက်မှုများရှိနေပါက ၎င်းအိမ်ထောင်ရေးသည် သာယာတော့မည်မဟုတ်ပေ။ တစ်ဦးနှင့်တစ်ဦး မယုံကြည်မှုများ ကြီးထွားလာပြီး အိမ်တွင်းရေးပြဿနာများ ပေါ်လာနိုင်သည်။

ထိုကဲ့သို့ အိမ်တွင်းရေး မသာယာလျှင် သားသမီးများ၏ ပညာရေးနှင့်လိမ္မာရေးခြားရှိမှုပါ ထိခိုက်နိုင်လေသည်။ အဆုံးသတ်တွင် အိမ်ထောင်ပြိုကွဲ

သည့်အထိ ပြဿနာမီး ကြီးထွားသွားနိုင်ပေ၏။

သို့ဖြစ်သည့်အတွက် အိမ်ထောင်ရှင်အချင်းချင်း စည်းကမ်းစောင့်ထိန်းရန် ဗုဒ္ဓတရားက ညွှန်ပြခြင်းဖြစ်သည်။ ဤကျင့်ဝတ်သည် ထိုမျှမကပါ၊ အုပ်ထိန်းခြင်း မကင်းသော မိန်းမ၊ အရွယ်မရောက်သေးသော မိန်းမ၊ သူတစ်ပါး သားမယား စသည်တို့ကို လွန်ကျူးခြင်းသည် အပြစ်ဖြစ်သကဲ့သို့ မိမိ၏ ဇနီးမယားကိုပင် မကျန်းမာစဉ် သွားလာမှု၊ သဘာဝမဟုတ်သော နည်းဖြင့်သွားလာမှု အစရှိသည်တို့ကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်လေသည်။

ဤတွင် တစ်ခုသတိပြုရန်ရှိသည်မှာ ဗုဒ္ဓတရားက လူ၏စိတ်ဖြင့် ကြံစည်မှု (မနောကံ) ကို အလေးထားသည်ဆိုသော အချက်ဖြစ်၏။ ဘယ်အရာမဆို စိတ်ဖြင့် တွေးကြံပြီးမှလုပ်ခြင်းဖြစ်သည်။ သို့အတွက် မကောင်းမှုများကို မပြောရန်၊ မလုပ်ရန်အပြင် မကြံစည်ရန်ပါ ဂရုပြုရပေမည်။

ဤကျင့်ဝတ်၏ ရှောင်ကြဉ်မှုအပိုင်းကို တင်ပြပြီးနောက် ကျင့်ဆောင်မှုအပိုင်းမှာ ဇနီး၊ ခင်ပွန်းအချင်းချင်း သစ္စာစောင့်ထိန်းခြင်း၊ ချစ်ခင်ကြင်နာခြင်း၊ အိမ်ထောင့်တာဝန်ကျေပွန်ခြင်း၊ သားသမီးများအား ပြုစုပျိုးထောင်ခြင်း အစရှိသည်တို့ကိုလည်း တစ်ပါတည်း ကျင့်ဆောင်ကြရမည်ဖြစ်လေသည်။ ဤကဲ့သို့ ရှောင်ကြဉ်မှု၊ ကျင့်ဆောင်မှု ပြည့်စုံပါလျှင် ၎င်းအိမ်ထောင်ရေး သာယာမည်။ သားသမီးများလည်း စိတ်ချမ်းမြေ့ပြီး ကြီးပွားတိုးတက်မည်၊ လိမ္မာရေးခြားရှိမည်၊ မိမိ၏ သားစဉ်မြေးဆက်ပင် ဂုဏ်သိက္ခာရှိသော အမျိုးအနွယ်အဖြစ် ချီးကျူးထိုက်ဖွယ်ဖြစ်ပေလိမ့်မည်။

**ဗုဒ္ဓတရားတော်က 'အိမ်ထောင်စု' ကို လူ့အဖွဲ့အစည်း၏ အခြေခံအဖြစ်ရှုမြင်သုံးသပ်၏။** သို့အတွက် အိမ်ထောင်တစ်ခုစီ၏ သာယာမှု၊ ကြီးပွားတိုးတက်မှု၊ စည်းကမ်းစနစ်ကျမှုသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အရေးကြီးပေသည်။ အိမ်ထောင်စုတိုင်း သာယာချမ်းမြေ့မှ လူ့အဖွဲ့အစည်းတစ်ခုလုံး ငြိမ်းအေးသာယာမည်ဖြစ်ပါသည်။

သို့အတွက် ဤအိမ်ထောင်ရေးကျင့်ဝတ်သည် အရေးကြီးလှကြောင်း ထင်ရှားပေသည်။ ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းလုံးမှာပင် 'တစ်လင်တစ်မယားစနစ်' ကို လက်ခံထားပြီးဖြစ်သဖြင့် အိမ်ထောင်ရေးဖောက်ပြန်မှုကို မည်သည့်လူမျိုးကမျှ ခွင့်မလွှတ်နိုင်ကြပေ။

စတုတ္ထကျင့်ဝတ်ကား လိမ်လည်ပြောဆိုခြင်းကို ရှောင်ကြဉ်ရန်ဖြစ်၏။ မြတ်စွာဘုရားက စကားခြောက်မျိုးရှိသည့်အနက် နှစ်မျိုးကိုသာ ပြောဆိုရန် ဆုံးမတော်မူခဲ့သည်။

စကားခြောက်မျိုးကား—

၁ မဟုတ်မမှန်၊ အကျိုး မရှိ၊ သူတစ်ပါးလည်း မနှစ်သက်၊

၂ ဟုတ်မှန်၏၊ အကျိုးကား မရှိ၊ သူတစ်ပါးလည်း မနှစ်သက်၊

၃ မဟုတ်မမှန်၊ အကျိုး မရှိ၊ သူတစ်ပါး နှစ်သက်၏၊

၄ ဟုတ်မှန်၏၊ အကျိုးကား မရှိ၊ သူတစ်ပါး နှစ်သက်၏။

ဤစကားလေးမျိုးကို မြတ်စွာဘုရားပြောဆိုတော်မမူပေ။

၅ ဟုတ်မှန်၏၊ အကျိုးလည်း ရှိ၏၊ သူတစ်ပါး မနှစ်သက်၊

၆ ဟုတ်မှန်၏၊ အကျိုးလည်း ရှိ၏၊ သူတစ်ပါးလည်း နှစ်သက်၏။

ဤစကားနှစ်မျိုးကို မြတ်စွာဘုရားပြောဆိုတော်မူ၏။ (မဇ္ဈိမပဏ္ဏာသ၊ အဘယရာဇကုမာရသုတ်)

မြတ်စွာဘုရား နှစ်သက်တော်မူသော စကားနှစ်မျိုးကိုကြည့်ပါက

၁ ဟုတ်မှန်ခြင်းနှင့်၊

၂ အကျိုးရှိခြင်းကို အဓိကထားကြောင်း တွေ့ရပေသည်။ သူတစ်ပါး နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းကား ပဓာန မဟုတ်ပေ။

လူတို့သည် နေ့စဉ်နှင့်အမျှ မရေမတွက်နိုင်သော စကားများကို ပြောဆိုနေကြ၏။ ၎င်းတို့တွင် မှန်သည်လည်း ပါသည်၊ မမှန်သည်လည်း ပါသည်၊ အကျိုးရှိသည်လည်း ပါသည်၊ မရှိသည်လည်း ပါသည်။ အချို့လူတို့သည် စကားကို လိမ်လည်၍လည်းကောင်း၊ ကြွားဝါ၍လည်းကောင်း၊ ဖြီးဖြန်း၍ လည်းကောင်း ပြောဆိုနေကြ၏။ ထိုစကားကို ကြားရသူများအနက် ယုံကြည်သူတို့မှာ လွဲအမှားများကို ယုံကြည်မိ၍ မှားယွင်းသွားနိုင်သည်၊ မယုံကြည်သူတို့ကမူ ပြောသူအား အထင်သေးသွားနိုင်သည်။ သို့ဖြစ်သည့်အတွက် မမှန်ကန်သော စကားကို မပြောသင့်ပေ။

လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာတွင် ရိုးရိုးသားသား၊ မှန်မှန်ကန်ကန် ပြောဆိုဆက်ဆံကြလျှင် နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာပေမည်။ နောက်နောင်မှာလည်း စိတ်ဝမ်းကွဲပြားစရာ မရှိတော့ပေ။

လူတစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲကြခြင်း၊ ခင်မင်မှုပျက်ပြယ်ကြခြင်း၊ မုန်းသွား

ကြခြင်းတွင် မမှန်သော စကားတို့သည် တရားခံတစ်ခုပါဝင်ပေသည်။ သို့အတွက် လူတစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရာမှာဖြစ်စေ၊ စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာတွင်ဖြစ်စေ၊ မှန်ကန်သော စကားကို အခြေခံပြုထားလျှင် ပို၍ အဆင်ပြေကြပေမည်။

အချို့မှာကား သူတစ်ပါး၏ အထင်ကြီးမှုကို ခံယူလိုသဖြင့် ကိုယ်လုပ်တာထက် ပိုပြောကြသည်။ ကိုယ်တတ်တာထက် ပိုပြောသည်၊ အလိမ်မပေါ်မီ သူတစ်ပါးက ယုံကောင်းယုံပါလိမ့်မည်။ အမြဲတော့ ယုံမည်မဟုတ်ပါ။ မဟုတ်မမှန်တာကို လုပ်ကြံပြောမှန်းသိသည်နှင့်တစ်ပြိုက်နက် ပြောသူအား အထင်သေးသွားမည်မှာ မလွဲပေ။ အကဲ့ရဲ့ခံရမည် မလွဲပေ။ သို့အတွက် မင်းကွန်းတိပိဋကဆရာတော်ကြီးက 'မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ၊ အပြောသာချဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ' ဟု ဆုံးမတော်မူပါသည်။

မဟုတ်မမှန် (လိမ်လည်) ပြောဆိုခြင်းကို ရှောင်ကြဉ်ရုံဖြင့် မပြီးသေးပါ။ မှန်ကန်သော စကား၊ အကျိုးရှိသော စကား၊ နှစ်လိုဖွယ်ဖြစ်သော စကားများကို ပြောဆိုကြရန်လည်းလိုပါသေးသည်။ အလားတူပင် ပြောသလိုလုပ်၍၊ လုပ်သလိုပြောကြရန်လည်း အထူးပင် အရေးကြီးလှပါ၏။

၈၁ ၎

**ပဥ္စမကျင့်ဝတ်ကား** မူးယစ်စေသော သေရည်သေရက်ကို ရှောင်ကြဉ်ကြရန် သာမန်အားဖြင့်ဆိုလိုသော်လည်း ယနေ့ခေတ်ကာလတွင် မူးယစ်ထုံထိုင်းဘေး ဖြစ်စေသော ဆေးဝါးများအပါအဝင်အဖြစ် ယူဆရပါမည်။

သေရည်အရက်သောက်စားသူသည်—

❶ ငွေကုန်ကြေးကျများခြင်း၊
❷ ရောဂါခံစားရခြင်း၊
❸ သူတစ်ပါးအထင်သေးခံရခြင်း၊
❹ အရှက်အကြောက် ကင်းမဲ့ခြင်း၊
❺ အိမ်ထောင်ရေး မသာယာခြင်း၊
❻ သားမယား မျက်နှာငယ်ရခြင်း၊
❼ လူရာမဝင် . . . .

အစရှိသည့် ဆိုးကျိုးများကို ခံစားရလေသည်။ အရက်သေစာသာမက၊

ဆေးလိပ်၊ ကွမ်းယာ စသည့် အကျိုးမဲ့သော အလေ့အထများကိုလည်း ရှောင်ကြဉ်သင့်ပေသည်။ စားဝတ်နေရေးစရိတ် ကြီးမြင့်လှသောကြောင့် မိသားစု၏ ရပ်တည်ရေးကိုပင် မနည်းရုန်းကန်ရှာဖွေနေရသော အချိန်များတွင် မလိုအပ်ဘဲ အကျိုးမဲ့ ငွေကုန်စေသော ဖြုန်းတီးမှုများသည် လုံးဝ မလိုလားအပ်ပေ။

ဆေးလိပ်သောက်ခြင်းသည် လူ့အား များစွာ ထိခိုက်စေ၏။ နှလုံးရောဂါ၊ ကင်ဆာရောဂါ အစရှိသော ရောဂါများသည် ဆေးလိပ်သောက်သူများတွင် ပို၍ အဖြစ်များသည်။ ဤအချက်ကို ဆေးပညာရှင်များက ဖော်ထုတ်နေကြလေပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးလိပ်မသောက်ရန် ပညာပေးလှုံ့ဆော်လျက်ရှိ၏။ 'ဆေးလိပ်မသောက်ရေးနေ့' သတ်မှတ်ကျင်းပပေး၏။ နိုင်ငံအစိုးရများကလည်း ဆေးလိပ်၏ အန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးနေကြ၏။ အချို့နိုင်ငံများတွင် စီးကရက်ကုမ္ပဏီများသည် မိမိထုတ်လုပ်သော စီးကရက်ဘူးပေါ်တွင် 'ဤစီးကရက်ကို သောက်လျှင် သင်၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်' ဆိုသော စာတန်းရိုက်နှိပ်ပြီးမှရောင်းချရန် ဥပဒေပြဋ္ဌာန်းကြသည်။

လူထုဆက်သွယ်ရေးနည်းများဖြင့် ဆေးလိပ်မသောက်ကြရန် လှုံ့ဆော်နေကြ၏၊ အချို့နိုင်ငံများသည်ကား ဆေးလိပ်သောက်ခြင်းကို တရားဥပဒေဖြင့် တားမြစ်ကြလေသည်။ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ဆေးလိပ်အန္တရာယ် ဆွေးနွေးပွဲပြုလုပ်ရာ သက်ဆိုင်ရာပါရဂူများက ပညာပေးဆွေးနွေးသွားကြလေသည်။ ပါရဂူဆရာဝန်ကြီးတစ်ဦးက မြန်မာနိုင်ငံ (အထူးသဖြင့် ကျေးလက်ဒေသ)တွင် ဧည့်သည်အား ဆေးလိပ်တည်သော ဓလေ့ကိုရပ်ဆိုင်းသင့်ကြောင်း အကြံပြုသွားလေသည်။

ဆေးလိပ်သည် မူးယစ်ဆေး၏ ပထမခြေလှမ်းပင်ဖြစ်၏။ ဆေးလိပ်မသောက်သူသည် ရှူရှိုက်ရသော မူးယစ်ဆေးစွဲစရာ အကြောင်းမရှိပါ။ မူးယစ်ဆေး၏ အန္တရာယ်များကိုကား အထူးပြောဖွယ် မလိုတော့ပေ။ ၎င်းက လူသားမျိုးနွယ်တစ်ခုလုံးကိုပင် ခြိမ်းခြောက်လျက်ရှိ၏။ သို့အတွက်လည်း ၎င်းကို ကမ္ဘာနှင့်အဝန်း စုပေါင်း တိုက်ဖျက်နေကြခြင်းဖြစ်သည်။

ထန်းရည်၊ အရက်၊ ဘိန်းဖြူ၊ ဘိန်းမည်း၊ ဆေးလိပ် အစရှိသော လူ့အား မူးယစ်ထုံထိုင်းစေသော၊ သတိကင်းလွတ်စေသော၊ ကျန်းမာရေးကို ထိခိုက်စေသော၊ လူညွန့်တုံးစေသော၊ ငွေကုန်ကြေးကျများပြီး ဘဝပျက်စေသော အလေ့အထမှန်သမျှကို ရှောင်ကြဉ်နိုင်ခြင်းအားဖြင့် မိမိ၏ ကျန်းမာရေး၊ ချမ်းသာရေး၊ ကြီးပွားတိုးတက်ရေးကို မလွဲဧကန် အထောက်အကူပြုပေလိမ့်မည်။

ဗုဒ္ဓဘာသာ လူ့ကျင့်ဝတ်အခြေခံကျင့်ဝတ်ငါးချက်ကို ရှောင်ကြဉ်နိုင်ရန်နှင့် ကျင့်သုံးရန် နှစ်မျိုးအားဖြင့် တင်ပြခဲ့ပြီးပါပြီ။ ၎င်းတို့သည် ဘာသာမရွေး၊ လူမျိုးမရွေး၊ ဒေသမရွေး လိုက်နာသင့်သော လူ့ကျင့်ဝတ်ကောင်းများဖြစ်ကြောင်းကိုလည်းကောင်း၊ မည်သူမဆို ၎င်းတို့ကို ကျင့်ကြံခြင်းအားဖြင့် အကျိုးတရားခံစားရမည်ဖြစ်ခြင်းကိုလည်းကောင်း၊ ထိုသို့ကျင့်သုံးနေသူများသည်၊ အကျိုးတရားခံစားနေရခြင်းကိုလည်းကောင်း စဉ်းစားဝေဖန်ကြည့်သူတိုင်း လက်ခံနိုင်ကြမည်ဖြစ်လေသည်။

## လူ့တာဝန်

ဗုဒ္ဓမြတ်စွာဘုရား၏ ဟောကြားချက်များသည် အသက်အရွယ်၊ အတန်းအစား၊ ကျား,မ မရွေးဘဲ ထုတ်ယူသုံးစွဲနိုင်သော ဘဏ္ဍာတိုက်ကြီးနှင့် တူပေသည်။ မြတ်စွာဘုရား၏ တရားတော်တွေထဲတွင် ရှာဖွေကြည့်လျှင် သံသရာမှလွတ်မြောက်ကြောင်း နည်းလမ်းမှန်ကို တွေ့ရမည်ဖြစ်သလို ယခုဘဝတွင်ပင် ကြီးပွားချမ်းသာမင်္ဂလာရှိရန်လည်း ပြည့်ပြည့်စုံစုံ ဟောကြားထားလေသည်။

မသိ နားမလည်သော အချို့အနောက်တိုင်းသားတို့က ဗုဒ္ဓဘာသာသည် လောကအား စိတ်ပျက်အဆိုးမြင်သော ဒုက္ခဝါဒကို အခြေပြုထားခြင်းဖြစ်ပြီး ယခုဘဝအတွက် ဘာမျှ အသုံးမကျလေဟန် ရေးသားကြသည်။

ဥပမာအားဖြင့် ဒေါက်တာအဲလ်ဘတ်ရှိုက်ဇာ (Dr. Albert Schweitzer) ရေးသားသော (India Thought and Its Development) စာအုပ်၌ ဗုဒ္ဓဘာသာအပါအဝင် အိန္ဒိယနိုင်ငံထွက် ဘာသာရေးများသည် လောကနှင့်ဘဝကို ငြင်းပယ်ခြင်း (World and life negation) ဖြစ်သဖြင့် လူ့ဘဝလူ့လောကအတွက် အသုံးဝင်သည့်အချက်များ မပါရှိကြောင်း ဖော်ပြထားလေသည်။

အမှန်စင်စစ်အားဖြင့် ဤကဲ့သို့သော အမြင်မျိုးမှာ အရှေ့တိုင်းဘာသာရေးများ (ဗုဒ္ဓဘာသာ အပါအဝင်) ကို နက်နက်နဲနဲ ခြေခြေမြစ်မြစ် သိနားလည်ခြင်း မရှိသူတို့၏ အမြင်သာဖြစ်၏။ တကယ်တမ်း နှံ့နှံ့စပ်စပ် လေ့လာမည်ဆိုပါလျှင် ယခုဘဝအတွက်ရော၊ တမလွန်ဘဝအတွက်ပါ ပြည့်စုံသော အချက်များကို ဗုဒ္ဓဘာသာတွင် တွေ့ရှိရမည်ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဟောကြားချက်များအရဆိုပါလျှင် အိမ်ထောင်စုသည် လူ့အဖွဲ့အစည်း၏ အခြေခံဖြစ်လေသည်။ အိမ်ထောင်စုတို့ဖြင့် ရပ်ရွာတိုင်းနိုင်ငံ

တို့ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ အိမ်ထောင်စုများ ငြိမ်းချမ်းသာယာမှသာလျှင် ရပ်ရွာတိုင်းနိုင်ငံငြိမ်းချမ်းသာယာပေမည်။

အိမ်ထောင်စုများ တိုးတက်မှသာလျှင် ရပ်ရွာတိုင်းနိုင်ငံများ တိုးတက်ပေမည်။ သို့အတွက်လည်း မြတ်စွာဘုရားသည် 'သိင်္ဂါလောဝါဒသုတ်' တွင် အိမ်ထောင်စု၊ မိသားစု၏ အခြေခံများဖြစ်သော လင်နှင့် မယား၊ သားသမီးနှင့် မိဘ၊ ဆရာနှင့် တပည့် စသည်တို့ လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များကို ပြည့်ပြည့်စုံစုံ ဟောကြားထားခြင်းဖြစ်လေသည်။

ယနေ့ကမ္ဘာတွင် မိသားစုစနစ်၊ အိမ်ထောင်စုစနစ် ပြိုကွဲနေလေပြီ။ ထိုသို့ ပြိုကွဲလာသဖြင့် လူ့တာဝန်ဝတ္တရားများ ပျက်ယွင်းပြီး အချင်းချင်း မေတ္တာကရုဏာ ကင်းမဲ့လာကြ၏။ မေတ္တာကရုဏာကင်းမဲ့သဖြင့် မိဘနှင့် သားသမီး၊ လင်နှင့် မယားသံယောဇဉ်နှောင်ကြိုး မမြဲမြံတော့ဘဲ ပရမ်းပတာ နေထိုင်ပြောဆိုကျင့်သုံးမှုများ ထွန်းကားလာလေသည်။

အနောက်တိုင်းနိုင်ငံများတွင် မိဘတို့က သားသမီးများအပေါ် ချစ်ခင်ယုယမှု နည်းပါးလာသည်။ နံနက်မိုးလင်းမှ ညအိပ်ချိန်အထိ လင်ကတစ်လမ်း၊ မယားကတစ်နေရာ အလုပ်ထွက်လုပ်၊ ဝမ်းစာရှာမှီးကြရသည့်အပြင် ကိုယ့်အကြိုက်နှင့်ကိုယ် အပျော်အပါးရှာနေကြသဖြင့် သားသမီးများကို ချစ်ခင်ယုယရန်၊ ပြုစုမွေးမြူရန် အချိန်နည်းလာသည်။

သို့အတွက် ကလေးငယ်များကို အိမ်ဖော်၊ ကလေးထိန်းနာနီတို့နှင့်သာ မျက်နှာလွှဲထားကြသည်။ သားသမီးများ အရွယ်ရောက်လာလေသောအခါတွင်လည်း လွတ်လွတ်လပ်လပ် သွားလာနေထိုင်ခွင့်ပြုထားကြသဖြင့် မိခင်၊ ဖခင်၏ ထိန်းကျောင်းမှုနှင့် ကင်းလွတ်နေလေသည်။

သို့အတွက်လည်း သားသမီးများသည် မိမိနှစ်သက်သူနှင့် လက်ထပ်ကြ၊ အဆင်မပြေလျှင် ကွဲကြဖြင့် အိမ်ထောင်ရေး မတည်ငြိမ်မှုများ လွှမ်းမိုးနေသည်။ လူငယ်တို့သည် အိမ်ထောင်ရေးကို လေးလေးနက်နက် မထားကြတော့ပေ။

ထိုသို့ မေတ္တာနှင့် ကင်းကွာပြီး ကြီးပြင်းလာကြရသော သားသမီးများကလည်း မိဘများအပေါ်တွင် မေတ္တာထားရှိမှု၊ ပြုစုလုပ်ကျွေးမှု နည်းပါးလာသည်။ မိဘများ ကြီးပြင်းလာလျှင် အိမ်ဦးခန်းမှာ တင်ပြီး လုပ်ကျွေးပြုစုမှုမျိုး နည်းပါးသည်။ ဤသည်တို့မှာ မလိုလားအပ်သော အနိဋ္ဌာရုံများဖြစ်သဖြင့် လူမှုရေးဗေဒပညာရှင်များနှင့် အတွေးအခေါ် ပြည့်စုံသူများက မိသားစုစနစ် ခိုင်မြဲမှသာလျှင် ဤအနိဋ္ဌာရုံများမှ ကင်းဝေးနိုင်လိမ့်မည်ဟု ယူဆပြောဆိုလာကြလေသည်။

အနောက်တိုင်းတွင်လည်း စည်းမဲ့ကမ်းမဲ့ လွတ်လပ်မှုနှင့် ၎င်း၏ ဆိုးကျိုးများကို သိမြင်လာခြင်း၊ မိသားစုစနစ်ပြိုကွဲမှုကို သိမြင်လာခြင်းတို့ကြောင့် အတွေးအခေါ်ရှိသော ပုဂ္ဂိုလ်တို့သည် မိသားစုစနစ်ကို ပြန်လည်ဖော်ထုတ်လာကြ၏။ ဤနည်းအားဖြင့် ၎င်းတို့က မိသားစုစနစ်ကို 'လူမှုရေးအရင်းအနှီး' ဟု ခေါ်လာကြ၏။ မိသားစုစနစ်က မိသားစုဝင်အချင်းချင်းတွင်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိလူများနှင့်လည်းကောင်း ရင်းနှီးမှု၊ ယုံကြည်မှု၊ တစ်ဦးကိုတစ်ဦး ယိုင်းပင်းကူညီမှု၊ ညီညွတ်မှုတို့ကိုဖြစ်စေ၏။

ထိုကဲ့သို့ အမြင်တူသူများသည် ကမ္ဘာ့မိသားစုညီလာခံများကို ကျင်းပခဲ့ကြရာ တတိယအကြိမ်မြောက် ကမ္ဘာ့မိသားစုညီလာခံကို ၂၀၀၄-ခုနှစ်က မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့ကြ၏။ ထိုညီလာခံအဖွင့်မိန့်ခွန်းကို "အလဲန် ကာလ်ဆန်" (Alan Carlson) က ပြောကြားခဲ့ရာ သူပြောသည်များမှာ ဗုဒ္ဓဟောကြားခဲ့သော မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ လင့်ဝတ္တရား၊ မယားဝတ္တရားများပင်ဖြစ်နေလေသည်။

ဤအချက်ကို ထောက်ရှု၍ စဉ်းစားကြည့်ပါလျှင် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော 'အိမ်ထောင်စုအခြေခံ လူ့ကျင့်ဝတ်တရား' တို့သည် မည်မျှ မှန်ကန် ကောင်းမြတ်သည်ကိုတွေ့ရမည်။ မည်သည့်ခေတ်အခါမဆို အမြဲတမ်း အသုံးတည့်လျက်ရှိသည့်အချက်များဖြစ်သည်ကိုလည်း ဝန်ခံကြရမည်ဖြစ်လေသည်။

မြန်မာ့လူ့အဖွဲ့အစည်းသည် ဗုဒ္ဓယဉ်ကျေးမှုဖြင့် ထုံမွမ်းထားသည်ဖြစ်သောကြောင့် ယနေ့တိုင်ပင် မိသားစုစနစ်ခိုင်မြဲလျက်ရှိနေသေးသည်။

မြန်မာကလေးသူငယ်တစ်ယောက်သည် ငယ်စဉ်ကပင် မိခင် ဖခင်တို့၏ ကြင်နာယုယမှုကိုလည်းကောင်း၊ အဘိုးအဘွား၊ အစ်ကိုအစ်မ၊ ဦးကြီးဦးလေး၊ ဒေါ်ကြီးဒေါ်လေးတို့၏ ချစ်ခင်ဂရုစိုက်မှုကိုလည်းကောင်း၊ ပတ်ဝန်းကျင် အိမ်နီးချင်းတို့၏ ဝိုင်းဝန်းစောင့်ရှောက်မှုကိုလည်းကောင်း ခံရပေသည်။

သို့အတွက်လည်း မြန်မာကလေးသူငယ်သည် မေတ္တာတရား၏ အရိပ်အာဝါသအောက်တွင် ကြီးပြင်းလာရသည်။ မေတ္တာတရားကို ခံစားရသည်။ မေတ္တာ၏ တန်ဖိုးကို နားလည်သည်။ စည်းကမ်းစနစ်ဖြင့် နေထိုင်ရသည်။ ယဉ်ကျေးမှု၏ အခြေခံများကို ဘဝမှာ လက်တွေ့သင်ယူရသည်။

ဤအခြေအနေသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဝိသေသလက္ခဏာဖြစ်သလို မြန်မာ့လူ့အဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာအောင် တုပ်နှောင်ပေးထားသော နှောင်ကြိုးလည်းဖြစ်ပေသည်။ ၎င်းနှောင်ကြိုးသာ ပြတ်တောက်သွားပါလျှင်

မြန်မာ့လူ့အဖွဲ့အစည်းသည် အကွပ်မဲ့ ကြမ်းပမာ ပရမ်းပတာ ပြိုကွဲသွားပေလိမ့်မည်။

ဤအချက်ကို သတိပြု၍ မြန်မာ့မိသားစုစနစ် မပြိုကွဲ မပျက်စီးရေးကို ဝိုင်းဝန်း ကြိုးစားထိန်းသိမ်းသင့်ကြပေသည်။

မိဘနှင့် သားသမီးများ ပါဝင်သော မိသားစုကို 'အနှစ်မိသားစု' (nuclear family) ဟု ခေါ်ပြီး အဘိုးအဘွား၊ ဦးကြီးဦးလေး၊ ဒေါ်ကြီးဒေါ်လေးတို့ကို 'တိုးချဲ့မိသားစု' (extended family) ဟု ခေါ်သည်။ ၎င်းတို့ကို ကျော်လွန်သွားသောအခါ လူမျိုးစု (tribe)၊ လူ့အဖွဲ့အစည်း (community) ဖြစ်လာလေသည်။ အခြေခံဖြစ်သော အနှစ်မိသားစုနှင့် တိုးချဲ့မိသားစုတို့ မပြိုကွဲပါမှ လူ့အဖွဲ့အစည်း၏ ဟန်ချက်ညီမှုကို ရရှိနိုင်ပေမည်။

## (က) မိဘတာဝန်

'လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ' ဟု ပညာရှိတို့ ဆိုရိုးပြုကြသည်။ လူသားတစ်ဦး၏ လက်ဦးဆရာမှာ မိဘနှစ်ပါးဖြစ်သည်။ မိဘနှစ်ပါးသည် သားသမီး၏ ဘဝတွင် အကောင်းဆုံးသော အခြေခံ အုတ်မြစ်ကြီးပင် ဖြစ်လေသည်။

မိဘတို့က သားသမီးများအပေါ်တွင် တာဝန်ကျေပွန်စွာ ပြုစုထိန်းသိမ်းမွေးမြူစောင့်ရှောက်သည်နှင့်အမျှ သားသမီး၏ အနာဂတ်ဘဝခရီးသည် ဖြောင့်ဖြူးသာယာပေလိမ့်မည်။

သို့အတွက် မိဘတို့ လိုက်နာကျင့်သုံးရမည့်တာဝန်ငါးပါးကို မြတ်စွာဘုရား ညွှန်ပြတော်မူထားပါသည်။

ပထမတာဝန်မှာ သားသမီးများ မမိုက်ရ မမှားရအောင်၊ မကောင်းသည့် အလုပ်များကို မလုပ်မိအောင်၊ မကောင်းသော စကားကို မပြောမိအောင်၊ မကောင်းသူနှင့် မပေါင်းမိအောင်၊ မကောင်းသော အရပ်သို့ မသွားမိအောင် ဆုံးမတားမြစ်ရန်ဖြစ်သည်။ မိမိရင်သွေး ကလေးသူငယ်ဘဝတွင် အချိန်မှန်အိပ်၊ အချိန်မှန်စား၊ ကျန်းမာသန်စွမ်းအောင် ပြုစုရသည့်အပြင် ရောဂါဝေဒနာကင်းစင်အောင် ဂရုစိုက်ပေးရဦးမည်။

အတန်ငယ်ကြီးပြင်းလာ၍ ကစားတတ်၊ ဆော့တတ်သော အရွယ်ရောက်လျှင် နေပူစပ်ခါး မသွားရအောင်၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ ဆဲရေး

တိုင်းထွာခြင်း၊ မကောင်းသော အပေါင်းအသင်းနှင့် ပေါင်းဖော်ခြင်း စသည်တို့ မဖြစ်အောင် နေ့ရောညပါ အမြဲမပြတ် စောင့်ကြပ်ထိန်းသိမ်းဆုံးမနေရန်မှာ မိဘတို့၏ တာဝန်ဖြစ်ပေသည်။ ထို့ထက်ကြီး၍ ပညာရှာသော အရွယ်ရောက်ပြန်လျှင်လည်း အပေါင်းအသင်းမမှားရန်၊ လေလွင့်ပျက်စီးခြင်း မရှိရန် ဆက်လက်ထိန်းသိမ်းရမည့်တာဝန်များ ရှိပေသေးသည်။

**မိဘတို့၏ ဒုတိယတာဝန်မှာ** သားသမီးများကို မမိုက်အောင်၊ မဆိုးအောင် ထိန်းသိမ်းရုံမျှမက လိမ္မာရေးခြားရှိအောင်၊ လူကောင်းဖြစ်အောင် ဆုံးမညွှန်ပြရန်ဖြစ်၏။ ထိုကဲ့သို့ သားသမီးများ လိမ္မာရေးခြားရှိလာရန်မှာလည်း 'မူလဆရာ' ဖြစ်ကြသော မိခင်ဖခင်တို့၏ အပြောအဆို၊ အနေအထိုင်ဖြင့် စံပြပြီး လမ်းပြဖို့လိုပေမည်။ ဆဲတတ်သော မိဘသည် သားသမီးအား မဆဲအောင် ဆုံးမဖို့ မဖြစ်နိုင်သလိုပင်၊ အရက်သောက်တတ်သော မိဘက သားသမီးအား အရက်မသောက်အောင် ညွှန်ပြရန် ခက်ခဲပေလိမ့်မည်။

မိမိတို့ကိုယ်တိုင်က စံပြဖြစ်မှ သားသမီးများက လိုက်နာပေလိမ့်မည်။ သားသမီးများအား ဘုရားသွားကျောင်းတက်ခေါ်ဆောင်သွားအစပြု၍ ဘာသာရေး၏ အဆုံးအမနှင့် ထိတွေ့စေရန်လည်း ဆောင်ရွက်ရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဘာသာရေးသည် လူကို လိမ္မာယဉ်ကျေးစေသောကြောင့်ဖြစ်သည်။ သားသမီးများ ငယ်ရွယ်စဉ်ကပင် ဇာတ်နိပါတ်တော်များမှ ကောင်းနိုးရာရာများကို ပြောပြခြင်း၊ ရာဇဝင်၊ မဟာဝင်စသည်တို့မှလည်းကောင်း၊ ဆုံးမစာများမှလည်းကောင်း၊ ပုံပြင်ဒဏ္ဍာရီများမှလည်းကောင်း၊ စံနမူနာယူထိုက်သည်များကို နားသွင်းပေးခြင်းတို့သည် အလွန်ကောင်းလှပေသည်။ ၎င်းအပြင် သားသမီးများအား စာကောင်း၊ ပေကောင်းများ ဖတ်စေခြင်း၊ ပညာပေးရုပ်ရှင် စသည်တို့ကိုကြည့်ရှုစေခြင်း၊ ဗဟုသုတရှာမှီးစေခြင်း စသည့် နည်းလမ်းပေါင်းစုံဖြင့်လည်း လူတော်လူကောင်းလေးတွေဖြစ်အောင် ကြိုးစားပေးရန် မိဘများတွင် တာဝန်ရှိကြလေသည်။

ဤတွင် ကြားဖြတ်၍ တစ်ချက်တင်ပြရန်ရှိပါသည်။ ဗုဒ္ဓဘာသာ၏ အဆုံးအမများသည် လူမျိုးဘာသာမရွေး အသုံးပြုနိုင်ကြောင်း ယခင်အခန်းများတွင် အကြိမ်ကြိမ်ဆိုခဲ့ပါပြီ။ ယခုတင်ပြခဲ့ပြီးဖြစ်သော မိဘတို့၏ တာဝန်နှစ်ရပ်ဖြစ်သည့်

❶ မကောင်းမှု မပြုအောင်တားမြစ်ခြင်း၊

❷ ကောင်းမှု ပြုအောင်လမ်းညွှန်ခြင်း၊ ထိန်းကျောင်းခြင်းတို့သည် ဘယ်ဘာသာ၊ ဘယ်လူမျိုးမိဘပင်ဖြစ်စေ ပြုကျင့်သင့်သော အချက်များဖြစ်သည်ကို အစွဲအလမ်းကင်းကင်းနှင့် စဉ်းစားသူတိုင်း လက်ခံမည်ဖြစ်ပါသည်။ မိဘ၏

အဆုံးအမနှင့် အုပ်ထိန်းမှုလျော့ရဲလာသောကြောင့် (တစ်နည်းအားဖြင့်) မိသားစုစနစ် ပြိုကွဲလာသောကြောင့် လူငယ်တွေ လမ်းမှားရောက်ကြ၊ ဆိုးသွမ်းလာကြကြောင်း ပညာရှင်တို့ ဝန်ခံထားပြီးဖြစ်ပါသည်။

၁၉၉၅-ခုနှစ်က ကုလသမဂ္ဂအဖွဲ့ကြီးကကြီးမှူးပြီး ဂျိနီဗာမြို့တွင် ပညာရှင်များစုဝေး၍ ရာဇဝတ်မှုတားဆီးရေးညီလာခံကို ကျင်းပခဲ့ပါသည်။ ထိုညီလာခံသို့ တက်ရောက်လာကြသော ပညာရှင်များက ရာဇဝတ်မှုတားဆီးရေးအတွက် ဒေါက်တိုင်ကြီးငါးတိုင်အဖြစ်

၁ မိသားစု၊

၂ ကျောင်း၊

၃ လူမှုဝန်ထမ်းလုပ်ငန်း၊

၄ လူ့အဖွဲ့အစည်းနှင့်၊

၅ အလုပ်အကိုင် ဟူ၍ တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

ရင်းအပြင် ဘရွတ်ကလင်ကောလိပ်မှ ပညာရှင်နှစ်ဦးဖြစ်သော လတ်စတာ ဒီကရိုး (Lester D Crow) နှင့် အဲလစ်ကရိုး (Alice Crow) တို့က လူငယ်လေလွင့်ပျက်စီးမှုအကြောင်းတရား ၁၀-ပါးကို ဖော်ပြရာတွင် မိဘအုပ်ထိန်းမှုလျော့ရဲခြင်း၊ မိဘများ စီးပွားရေးအဆင်မပြေ၍ သားသမီးများအား ဂရုမစိုက်နိုင်ခြင်း စသည်တို့ကိုလည်း ပြဆိုခဲ့ပါသည်။ ဤအချက်များကို ထောက်သောအားဖြင့် မြတ်ဗုဒ္ဓဟောကြားထားခဲ့သော မိသားစုအခြေခံစနစ်သည် ယနေ့ မျက်မှောက်ခေတ်တွင်လည်း မှန်ကန်လျက်သာရှိနေကြောင်း သိသာထင်ရှားနေပါသည်။

ယခုဆက်လက်၍ 'ဗုဒ္ဓဘာသာဝင် မိဘများနှင့်သာ သက်ဆိုင်သော' တာဝန်တစ်ရပ်ကို ဖော်ပြလိုပါသေးသည်။ ရင်းမှာ သားယောကျ်ားလေးအရွယ်ရောက်လာလျှင် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးခြင်းကိစ္စဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် သားရှင်ပြုနှင့်အတူ သမီးသီလရှင်ဝတ်ခြင်းကိုပါ တစ်ပါတည်း ပြုလုပ်လျက်ရှိကြပါသည်။ ရင်းသည်လည်း အလွန်ကောင်းပါ၏။ သတိချပ်ရန်မှာ သားရှင်ပြုခြင်းသည် သာသနာ့အမွေကို ခံယူခြင်း၊ သာသနာ့မျိုးဆက်မပြတ်အောင်ဆက်ခံခြင်းဖြစ်သဖြင့် သာသနာတော်အတွက် အလွန်မှ အရေးကြီးပါသည်။

သို့အတွက် ဤကိစ္စကို ပေါ့ပေါ့တန်တန် မလုပ်ဘဲ တတ်သိနားလည်သော ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းတိုင်ပင်ကာ 'ဗုဒ္ဓအလိုတော်ကျ ရှင်ပြုမင်္ဂလာ' ဖြစ်အောင် ဆောင်ရွက်သင့်ကြပါသည်။ ပကာသန၊ အတုအပ၊ အပြိုင်အဆိုင်များကို ရှောင်ကြဉ်ပြီး အနှစ်သာရပြည့်ဝအောင် ကြိုးစားသင့်ပါသည်။ ရှင်လောင်းများကိုလည်း သိသင့်သိထိုက်သည်များကို ကြိုတင်သိထားရန် ဆရာတော် သံဃာတော်များထံ အပ်နှံပြီး သင်ပေးစေသင့်ပါသည်။ သို့မှသာ ၎င်းတို့ကိုယ်တိုင် ယခုကဲ့သို့ ရှင်ပြုရခြင်း၊ သာသနာ့ဘောင်ဝင်ရခြင်းသည် မိဘများခိုင်းလို့ လုပ်ရခြင်းမျိုးမဟုတ်ဘဲ မိမိကိုယ်၌ကပင် နှစ်နှစ်ခြိုက်ခြိုက်လိုလိုလားလား ရှိလာမည်ဖြစ်ပါသည်။ တန်ဖိုးထားလာမည်ဖြစ်ပါသည်။

ရှေးခေတ်ကသော် ကိုရင်ဝတ်ပြီးလျှင် ဘုန်းကြီးကျောင်းများတွင် ကာလအတန်ကြာနေကြရသည်။ ထိုသို့နေရင်းဖြင့် သာသနာ့ဘောင်တွင် ပျော်ပိုက်သွားသူများလည်းရှိသည်။ မပျော်ပိုက်၍ လူ့လောကသို့ ပြန်လာခဲ့သည့်တိုင်အောင် ဘုန်းကြီးကျောင်းမှရခဲ့သော ဗုဒ္ဓယဉ်ကျေးမှုနှင့် လူ့ကျင့်ဝတ်သည် သက်ဆုံးတိုင်အောင် ပါသွားပေတော့သည်။ သို့အတွက် ကိုယ်နှုတ်နှလုံးလိမ္မာယဉ်ကျေးသူများဖြစ်လာကြသည်။

ယခုခေတ်တွင် ရှင်သာမဏေအဖြစ် ခေတ္တခဏသာ နေကြသည်။ နေစဉ်ခဏတွင်လည်း ပုံတော်သလိုဖြင့် အချိန်ကုန်သွားကြသည်။ ဗုဒ္ဓယဉ်ကျေးမှု၊ လူ့ကျင့်ဝတ်ကို ဟုတ်ဟုတ်ငြားငြား မသင်ယူခဲ့ရပေ။ သို့အတွက်လည်း လူ့လောက ပြန်ရောက်သောအခါ ဘာမျှ ထူးခြားတိုးတက်မလာဘဲ ရှိတတ်ကြလေသည်။

ဘုန်းကြီးကျောင်းသည် ကောင်းမြတ်သော မင်္ဂလာ ၁၀-ရပ်နှင့် ပြည့်စုံသော နေရာဖြစ်၏။ ၎င်းတို့မှာ . . .

၁။ ကျောင်းတိုက်တာတွင် နေထိုင်သူအားလုံး ရိုသေရသည့် နာယက ပုဂ္ဂိုလ်ရှိခြင်း၊

၂။ ရှိသမျှသော တပည့်များအပေါ်တွင် မျက်နှာကြီးငယ်မလိုက်ဘဲ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၃။ အတူနေသူအချင်းချင်း ကိုယ်စိတ်ချမ်းသာအောင် ယိုင်းပင်းကူညီလေ့ရှိခြင်း၊

၄။ အတုမြင်၊ အတတ်သင်စရာဖြစ်သော လိမ္မာသည့်ကလေးများနှင့် ပေါင်းသင်းနေထိုင်ရခြင်း၊

၅။ အားကျဖွယ် ဂုဏ်ထူးဝိသေသရှိသော ပုဂ္ဂိုလ်များကို ဖူးတွေ့ရခြင်း၊
၆။ ဒုဗ္ဘိက္ခန္တရကပ် (ငတ်မွတ်ခြင်းဘေး) ကင်းလွတ်ခြင်း၊
၇။ ရောဂန္တရကပ် ကင်းလွတ်ခြင်း၊
၈။ သတ္ထန္တရကပ် (စစ်မက်၊ ခိုးသားဓားပြဘေး) ကင်းလွတ်ခြင်း၊
၉။ လူတို့၏ အရိုအသေခံရသော နေရာဖြစ်ခြင်း၊
၁၀။ လောကုတ္တရာမျိုးစေ့ကို ရနိုင်ခြင်းတို့ ဖြစ်သည်။

ဘုန်းကြီးကျောင်းတွင် ကျောင်းသား၊ ရှင်သာမဏေ၊ ဦးပဥ္စင်းအဖြစ် အကျိုးရှိအောင်နေတတ်လျှင် နေစဉ်ခဏသာမက ဘဝတစ်လျှောက်လုံးအတွက် များစွာ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်သည်။ ပေါ့ပေါ့တန်တန် နေကြလျှင်တော့ သိပ်အကျိုးရှိမည် မဟုတ်ပါ။

သို့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘုန်းကြီးကျောင်းတွင် အမိပွာယ်ရှိရှိနေထိုင်ပြီး ဗုဒ္ဓအဆုံးအမများကို လက်တွေ့သင်ယူသင့်ကြပေသည်။ (ဤသည်မှာ ဗုဒ္ဓဘာသာဝင်များအတွက်သာ ဆိုလိုပါ၏။) မိဘတာဝန်များကို ဆက်လက်၍ တင်ပြပါမည်။

တတိယတာဝန်မှာ သားသမီးတို့အား အတတ်ပညာ သင်ကြားပေးခြင်းဖြစ်၏။ အတတ်ပညာဆိုရာ၌ ကုံကူလက်လှည့် ငယ်ဆရာထံမှ 'က'ကြီး 'ခ'ခွေး သင်ယူသည်မှစ၍ အမျိုးမျိုးသော အတတ်ပညာများကို ဆိုလိုပေသည်။ လောကတွင် လူသားတစ်ဦးအဖို့ အချိန်တန်၍ ကိုယ့်ဝမ်းစာကိုယ်ရှာစားရသော အခါ ကျောင်းပညာရေးဖြစ်သော ဘွဲ့ဒီဂရီသော်လည်းကောင်း၊ လက်မှုပညာတစ်ရပ်ရပ်သော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုသော်လည်းကောင်း တတ်ကျွမ်းမှသာလျှင် အဆင်ပြေနိုင်မည်။ ကမ္ဘာပေါ်တွင် လူတွေများသလောက် အလုပ်အကိုင်အမျိုးအစားတွေလည်း များလှ၏။

အနောက်တိုင်းသုတေသီတို့၏ လေ့လာတွေ့ရှိချက်အရ ပြောရလျှင် ကမ္ဘာပေါ်တွင် အလုပ်အကိုင်အမျိုးအစားပေါင်း ၃၅၀၀၀-ကျော်ရှိလေသည်။ မည်သည့်အလုပ်အကိုင်မျိုးပင်ဖြစ်စေ လူသားတစ်ယောက်၏ စားဝတ်နေရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်၍ လုပ်ကိုင်ကြခြင်းဖြစ်၏။ ထိုကဲ့သို့ လုပ်နိုင်အောင်လည်း လူတစ်ယောက်တွင် လိုအပ်သော အရည်အချင်း၊ အတတ်ပညာ၊ ကျွမ်းကျင်မှု စသည်တို့ ရှိရပေလိမ့်မည်။ ၎င်းတို့ကို ငယ်စဉ်အခါက သင်ယူလေ့လာခဲ့ရခြင်းဖြစ်၏။ ထိုကဲ့သို့ ရှေ့ရေးကို မျှော်တွေးပြီး သားသမီးများအား မိဘတို့က အတတ်ပညာတစ်ခုခုကို သင်ကြားပေးရလေသည်။

ဤတွင် စကားအလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ သားသမီးများကို မွေးမြူထိန်းသိမ်းခြင်းကိစ္စဖြစ်သည်။ မိဘများကို အမျိုးအစားခွဲကြည့်လျှင် အဓိကအားဖြင့် သုံးမျိုးတွေ့ရပေမည်။

❶ မေတ္တာလွန်ကဲသော မိဘများ၊

❷ စည်းကမ်းလွန်ကဲသော မိဘများ၊

❸ မေတ္တာနှင့် စည်းကမ်း မျှတကျင့်သုံးတတ်သော မိဘများ

ဟူ၍ ဖြစ်သည်။ ဗုဒ္ဓနည်းသည် မည်သည့်နေရာမဆို 'မဇ္ဈိမပဋိပဒါကျခြင်း' ဖြစ်သည်။ အစားသောက်၊ အသွားအလာ၊ အနေအထိုင်၊ အပြောအဆို၊ အမူအကျင့် စသည့် လူသား၏ လှုပ်ရှားမှုမှန်သမျှတွင် အစွန်းတစ်ဖက်သို့ မလွန်စေဘဲ အလယ်အလတ်ကျင့်သုံးခြင်းသည် အမှားကင်းစင်သော နည်း၊ ချမ်းသာသုခကိုပေးသော နည်းဖြစ်ပေသည်။

အလားတူပင် သားသမီးများအား ပြုစုပျိုးထောင်ရာ၌ မဇ္ဈိမပဋိပဒါကျရန်လိုသည်။ သားသမီးကို ချစ်လွန်း၍ အလိုလိုက်လွန်းလျှင် နောင်အခါတွင် ထိန်း၍သိမ်း၍ မရအောင် ပျက်စီးသွားတတ်သည်။ အချို့မိဘများသည် ပစ္စည်းဥစ္စာပြည့်စုံသဖြင့် သားသမီးကို လိုလေသေးမရှိအောင် ထားကြသည်။ အလိုလိုက်ကြသည်။ သားသမီးနှင့် သင့်မသင့်၊ တော်မတော် မစဉ်းစား၊ ချစ်တာတစ်ခုတည်းနှင့် လိုသမျှကိုပေးကြ၏။ အချို့မှာတော့ ကိုယ်လည်း ပျော်သလိုနေမည်၊ သားသမီးကိုလည်း စိတ်ရှုပ်ခံပြီး ဆုံးမ,မနေချင်၊ သူတို့လည်း ပျော်သလိုနေကြဆိုသော သဘောထားရှိကြလေသည်။

ချမ်းသာသော မိဘ၏ သားသမီးသည် မိဘပေးသော အခွင့်အရေးကိုသာမက မိမိကိုယ်တိုင် ငွေကိုင်သုံးရသော အခြေအနေလည်းရှိနေသဖြင့် အပျော်အပါး၊ အသုံးအစွဲ များလာသည်။ တဖြည်းဖြည်းနှင့် မကောင်းမှုဘက်သို့ ငွေက ဆွဲခေါ်သွားတတ်လေသည်။ အရက်သောက်ခြင်း၊ လောင်းကစားခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း စသည်တို့သည် အလကား လုပ်၍ရသည် မဟုတ်ပါ။ ငွေကြေးနှင့်စက်ပြီးမှ လုပ်၍ ရနိုင်ပါသည်။ ၎င်းတို့ကို လုပ်နေသူ လူငယ်တို့သည်လည်း ငွေကြေးဖြုန်းနိုင်သူတို့သာဖြစ်ပါ၏။

ဤတွင် 'အသုံး' နှင့် 'အဖြုန်း' ကို ခွဲကြည့်ရပါမည်။ ကလေးတစ်ယောက်သည် မိဘက ပေးသော မုန့်ဖိုးငွေကို စုပြီး စာအုပ်ဝယ်သည်၊ အဝတ်အစားဝယ်သည်၊ အသုံးအဆောင်ပစ္စည်းဝယ်သည်ဆိုလျှင် ၎င်းမှာ ငွေကို 'သုံးခြင်း' ဖြစ်ပါသည်။ ဆေးလိပ်ဝယ်သောက်သည်၊ အရက်သောက်သည်၊ ဖဲရိုက်သည်ဆိုလျှင်

၎င်းသည် ငွေကို ဖြုန်းခြင်းဖြစ်ပါသည်။ ဤနည်းဖြင့် ငွေကို ဖြုန်းခြင်းသည် ငွေကုန်ရုံမျှမက မိမိဘဝပါ ပျက်စီး၍ ကိုယ်ကျိုးနည်းတတ်သည်ကို သတိပြုသင့်ကြပါသည်။

အချို့မိဘများကား သားသမီးကို အလိုမလိုက်ရုံမျှမက တင်းကျပ်သော စည်းကမ်းများဖြင့် နေစေသည်။ တစ်လျှောက်လုံး စည်းကမ်းဘောင် (ပေါင်) အတွင်းမှ ကျပ်ကျပ်တည်းတည်း နေရလျှင် ကလေးသူငယ်၏ သဘာဝအတိုင်း တင်းလွန်းလျှင် ပြတ်သွားတတ်သည်။

မန်လည်ဆရာတော်ဘုရားကြီးက 'တင်းလွန်းလျှင်ပြတ်၊ မာလွန်းဆတ်၏၊ ပွတ်လွန်းလည်းစင်၊ တင်လွန်းလည်းမောက်၊ မြောက်လွန်းလည်းကြွ၊ နိမ့်လွန်းကျခဲ့၊ ညီမျှလျော့တင်း၊ ညှိတတ်ခြင်းဖြင့်၊ ဆွေရင်းမျိုးရင်း၊ ကျွန်ရင်းကျွန်ချာ၊ သူတို့မှာလျှင်၊ မှုရာမပျက်၊ မေတ္တာသက်လော့' ဟု ဆုံးမတော်မူခဲ့၏။

တင်းကျပ်လွန်းလျှင်လည်း မကောင်းပေ။ လျော့လွန်းလျှင်လည်း မကောင်းပေ။

မိဘများမှာကား တတိယအမျိုးအစားဖြစ်သော မလျော့မတင်း၊ စောင်းကြိုးညှင်းကဲ့သို့ စည်းကမ်းနှင့် မေတ္တာကို မျှတစွာ အသုံးပြုတတ်သည်။ သားသမီးကို အလိုလိုက်ရမည့်နေရာတွင် အလိုလိုက်သည်၊ စည်းကမ်းဖြင့် ထိန်းရမည့်နေရာတွင် ထိန်းသည်။ ၎င်းမှာ အမှန်ကန်ဆုံးနည်းလမ်းဖြစ်သည်။ မဇ္ဈိမပဋိပဒါနည်းဖြစ်သည်။ အစွန်းလွတ်သော နည်းဖြစ်သည်။

ကလေးသူငယ်များအား ပြုစုပျိုးထောင်ရာတွင် မေတ္တာနှင့် စည်းကမ်းနှစ်မျိုးစလုံး လိုအပ်ပေသည်။ စည်းကမ်းတစ်ခုကို လိုက်နာစေရန်ခိုင်းသောအခါတွင်လည်း အတင်းအကျပ်လိုက်နာစေခြင်း၊ သို့မဟုတ် အသိမပါသော စက်ရုပ်ဆန်ဆန် လိုက်နာစေခြင်း မဖြစ်သင့်ပေ။ ကလေးကိုယ်တိုင်က အသိစိတ်ဖြင့် သဘောပေါက်လိုက်နာလာအောင် ပညာပေး ဆုံးမသင့်ပေသည်။ ဥပမာအားဖြင့် ကလေးတစ်ယောက်ကို ဆေးလိပ်မသောက်ရ သောက်လျှင် ရိုက်မည်ဟု ပညတ်ချက်သက်သက်ဖြင့် ပြုလုပ်ခြင်းထက် ဆေးလိပ်၏ ဆိုးကျိုးများကို ၎င်းကိုယ်တိုင် သိမြင် သဘောပေါက်လက်ခံလာပြီး ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်လာအောင် ဆောင်ရွက်သင့်ပေသည်။

ကလေးအရွယ်သည် လူ့ဘဝခရီးအတွက် စတင် တာထွက်ချိန်ဖြစ်သဖြင့် အလွန်မှအရေးကြီးပေသည်။ စိတ်ပညာအရပြောရလျှင် ကလေးဘဝအရွယ်က တွေ့ကြုံခံစားချက်များသည် လူတစ်ဦး၏ ဘဝတစ်လျှောက်လုံး လိုက်ပါလွှမ်းမိုးပုံသွင်းလေ့ရှိလေသည်။ Reader's Digest တအုပ်တွင် တွေ့လိုက်ရသော

အောက်ပါ အဆိုအမိန့်ကလေးသည် အလွန်မှပင် မှတ်သားဖွယ် ကောင်းလှပါ၏။

"လူတစ်ယောက်သည် ငယ်စဉ်က ရန်အပြုခံခဲ့ရပါက သူတစ်ပါးအား ရန်လိုတတ်လိမ့်မည်၊ ငယ်စဉ်က ကြောက်ရွံ့စရာကြုံရပါက ကြောက်တတ်နေလိမ့်မည်။

ငယ်စဉ်က အသနားခံခဲ့ရပါက သူ့ဘဝအတွက် ဝမ်းနည်းနေလိမ့်မည်၊ ငယ်စဉ်က အားပေးခြင်းခံခဲ့ရပါက ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလိမ့်မည်။

ငယ်စဉ်က ချီးမွမ်းခံခဲ့ရပါက သူတစ်ပါးကို ချီးမွမ်းတတ်လိမ့်မည်၊ ငယ်စဉ်က ချစ်ခြင်းခံခဲ့ရပါက သူတစ်ပါးအား ချစ်တတ်လာမည်။

ငယ်စဉ်က တရားမျှတစွာ ပြုခြင်းခံရပါက သူတစ်ပါးအပေါ် တရားသဖြင့် ပြုတတ်လိမ့်မည်။

ငယ်စဉ်က ခင်မင်မှုခံခဲ့ရပါက ဤကမ္ဘာကြီးသည် နေချင့်စဖွယ်ဖြစ်ကြောင်း သဘောပေါက်လာလိမ့်မည်။"

မည်သည့်မိဘမဆို သားသမီးကို ချစ်ကြသည်သာဖြစ်၏။ သားသမီး ကောင်းစားတာ မြင်လိုသူများချည်းသာဖြစ်၏။ သို့ရာတွင် သားသမီးအား ပြုစုပျိုးထောင်ရာတွင် မေတ္တာလွန်ကဲ၍ အလိုလိုက်လွန်းခြင်း၊ စည်းကမ်းလွန်ကဲ၍ တင်းကျပ်လွန်းခြင်းတို့ဖြစ်ပါလျှင် လိုလားသော ရလဒ်ကို မရဘဲရှိတတ်သည်။ မေတ္တာနှင့် စည်းကမ်းကို မျှမျှတတ အသုံးပြုရန်လိုပေသည်။

အချို့အိမ်ထောင်စုများတွင်ကား စားဝတ်နေရေး ကျပ်တည်းဆင်းရဲမှုကြောင့် မိဘက သားသမီးများကို အချိန်ပေးပြီး ပြုစုနိုင်ခြင်းမရှိကြပေ။ အချို့မှာကား သားငယ်သမီးငယ်ကိုယ်တိုင်ပင် မိဘနှင့်အတူ စားဝတ်နေရေးအတွက် လုံးပန်းလုပ်ကိုင်နေကြရရှာလေသည်။ ဤအိမ်ထောင်စုများသည် စားဝတ်နေရေးဒဏ်ကို ခံစားကြရသူများဖြစ်၏။ သူတို့လည်း သူများနည်းတူ မိမိ၏ သားသမီးများကို ကောင်းစားစေချင်၊ အထက်တန်းရောက်စေချင် ရှာပေလိမ့်မည်။ ဘဝပေးအခြေအနေကြောင့်သာ မတတ်သာကြခြင်းဖြစ်၏။

**ဤအိမ်ထောင်စုများသည် ဆင်းရဲဒဏ်ကို ခံစားရ၍ လမ်းလွဲ လမ်းမှားသို့ မရောက်အောင် စိတ်ဓာတ် ကြံ့ခိုင်စွာ ကြိုးစားသင့်ကြပေသည်။ လောကနှင့် ဘဝကို အဆိုးမြင်သွားပြီး ထင်မိထင်ရာကို လွဲမှားစွာ ထွက်ပေါက်ရှာကြလျှင် အဆုံးသတ်တွင် ဒုက္ခသာကြုံရပေမည်။** မြတ်စွာဘုရား၏ သာသနာတော်တွင် ပြန်ကြည့်လိုက်ပါက သာသနဒါယကနည်းပုဂ္ဂိုလ်ကြီးများ (ယောက်ျားရော၊ မိန်းမပါ) တွင် အထက်တန်းစားများ ပါသလို၊ အောက်တန်းစားများလည်း ပါသည်။ ချမ်းသာသူများပါသလို၊ ဆင်းရဲသူများလည်း ပါသည်။ ဘဝအဆင်ပြေသူများပါသလို၊ ဘဝပျက် ဘဝနာသူများလည်း ပါပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဆင်းရဲချမ်းသာမရွေး၊ အနိမ့်အမြင့်မရွေးဘဲ မိမိ၏ တရားလမ်းမှန်ကို ပြတော်မူခဲ့သည်။ မြတ်စွာဘုရား၏ သာသနာတော်တွင် မင်းညီမင်းသားများအတွက် နေရာရှိသလိုပင်၊ ဆင်းရဲသားလယ်သမား၊ အလုပ်သမားတို့အတွက်လည်း ခိုလှုံရာဖြစ်ပေသည်။ မြတ်စွာဘုရား၏ အဆုံးအမကို ခံယူပြီး ကြိုးစားအားထုတ်ခဲ့သဖြင့် အနိမ့်ဆုံးဘဝမှ အမြင့်ဆုံးဘဝသို့ ရောက်ခဲ့သူ အများအပြားရှိခဲ့ပေသည်။ ဤသည်တို့ကို သာဓကထားပြီး ဘဝပေးအခြေအနေနိမ့်ကျသူတို့သည်လည်း စိတ်ပျက်ခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်အားငယ်ခြင်း မဖြစ်စေဘဲ မြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ မှန်မှန်ကန်ကန် ကြိုးစားအားထုတ်ပါလျှင် ဘဝ၏ တိုးတက်မှုကို ရမည်မလွဲပေ။

ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် ကျော်ကြားထင်ရှားသော ပုဂ္ဂိုလ်ကြီးများ အနက် များစွာတို့သည် ငယ်စဉ်ဘဝက ဆင်းဆင်းရဲရဲဖြင့် ကြီးပြင်းခဲ့ရသူများ ဖြစ်ကြောင်းတွေ့ရပေမည်။ ဆင်းရဲခြင်းက သူတို့အား နစ်မွန်းသွားအောင် မပြုလုပ်နိုင်ပေ၊ လမ်းလွဲသို့လည်း ဆွဲမခေါ်နိုင်ပေ။ သူတို့သည် သံမဏိစိတ်ဓာတ်ရှိသူများဖြစ်ကြသည်။ လောကဓံတရား၏ ခါးသီးသော အတွေ့အကြုံကို သူတို့၏ ကြံ့ခိုင်သော ဇွဲသတ္တိဖြင့် ကျော်လွှားနိုင်ကြပြီး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင် လှမ်းနိုင်ခဲ့ကြသူများဖြစ်ပေသည်။ ဆင်းရဲခြင်းသည် ဝမ်းနည်းစရာ မဟုတ်ပါ။ ကြောက်စရာလည်း မဟုတ်ပါ။ လူ၏ အရည်အသွေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို စမ်းသပ်သော မှတ်ကျောက်များသာဖြစ်ပါသည်။ ဆင်းရဲခြင်းကြောင့် စိတ်ပျက်အားလျှော့လိုက်လျှင် လောကဓံ လှိုင်းတံပိုးအောက်သို့ နစ်မြုပ်သွားလိမ့်မည်။ ဆင်းရဲခြင်းကို အနိုင်မခံ အရှုံးမပေးဘဲ ကြိုးစားအားထုတ်လျှင်ကား ရည်မှန်းချက်သို့ ရောက်ကြပါလိမ့်မည်။

မိဘတို့၏ စေတနာဝတ္တရားကား သားသမီးများ၏ ဘဝရှေ့ရေးအတွက် မိမိတွင်ရှိသော အရင်းအနှီးအချို့ကို အမွေအနှစ်အဖြစ် ပေးအပ်ခြင်းဖြစ်၏။ ဤအချက်တွင် ချမ်းသာသူနှင့် ဆင်းရဲသူ မတူနိုင်ပေ။ ချမ်းသာသူက သားသမီးများကို အလုံးအရင်းနှင့် အမွေပေးနိုင်မည်ဖြစ်သော်လည်း ဆင်းရဲသူက ပေးနိုင်မည်မဟုတ်ပေ။ သို့မဟုတ် အနည်းအကျဉ်းသာ ပေးနိုင်ပေလိမ့်မည်။ ဤတွင် 'အရင်းအနှီး' 'အမွေအနှစ်' ဆိုသော စကားလုံးများကို ကျယ်ကျယ်ပြန့်ပြန့် သိနားလည်ရန်ကောင်းပေသည်။ ၎င်းမှာ ရုပ်ဝတ္ထုဖြစ်သော ရွှေငွေရတနာ၊ ငွေကြေး၊ တိုက်တာအိမ်မြေ စသည်တို့ကို ဆိုနိုင်သကဲ့သို့ မိဘ၏ လုပ်ငန်းကို ခွဲဝေပေးခြင်း၊ လွှဲပြောင်းပေးခြင်းလည်း ဖြစ်နိုင်သည်။ အဆုံးအမ၊ အကြံကောင်း ဉာဏ်ကောင်းပေးထားခြင်းသည်လည်း ဘဝအတွက် မွန်မြတ်သော မိမွေဖမွေပင် ဖြစ်ပါတော့သည်။

ဤတွင် အမွေပေးခြင်းနှင့် ပတ်သက်၍ ညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်းကွဲခြင်းများ မကြာခဏ ဖြစ်ပေါ်ကြခြင်းမှာ မလိုလားအပ်သော ကိစ္စပင် ဖြစ်၏။ အထူးသဖြင့် မိဘတို့ အသက်ထင်ရှားရှိစဉ်မှာ ခွဲဝေပေးကမ်းမှု မပြုလုပ်ခဲ့သဖြင့် မိဘများ မရှိတော့သောအခါ အရှုပ်အထွေး အငြင်းအခုံများ ဖြစ်တတ်ကြသည်။ ဤအချက်ကို မိဘတို့ သတိချပ်သင့်လှ၏။ သားသမီးများတွင်လည်း 'အမွေခံကောင်း' နှင့် 'အမွေခံဆိုး' နှစ်မျိုးရှိသေးသည်။ မိဘ၏ အဆုံးအမ အတိုင်းလိုက်နာပြီး မိဘစိတ်ချမ်းသာအောင် ပြုကျင့်သော သားသမီးများရှိသလို မိဘစိတ်မချမ်းသာအောင် ဒုက္ခပေးသော သားသမီးများလည်း ရှိပေသည်။ မိဘက တာဝန်ကျေရန်လိုသလိုပင် သားသမီးများကလည်း 'အမွေခံကောင်း' များ ဖြစ်သင့်ကြပေသည်။

မိဘတို့၏ **ပဉ္စမတာဝန်ကား** သားသမီးများအရွယ်ရောက်လာလျှင် သင့်တင့်လျောက်ပတ်သူနှင့် နေရာချထား ထိမ်းမြားလက်ထပ်ပေးရခြင်းဖြစ်၏။ ရှေးခေတ်က သားသမီးများသည် လူကြီးမိဘတို့၏ စီမံမှုကိုလက်ခံကြသည်သာ များသောလည်း ယခုခေတ်တွင်မူ အိမ်ထောင်ရေးလွတ်လပ်ခွင့်အရ မိမိ နှစ်သက်သဘောကျသူကို လက်ထပ်ကြသည်က များပေသည်။ မည်သို့ဖြစ်စေ အဓိကမှာ တည်ဆောက်ပြီးသော အိမ်ထောင်ရေးကို ခိုင်မြဲတည်တံ့စေရန် အတွက် ဇနီးမောင်နှံတို့ ချစ်ချစ်ခင်ခင်ဖြင့် လက်တွဲကြိုးစားသွားကြရန် အရေးကြီးပေသည်။ မိဘပေးစားတိုင်းလည်း ခိုင်မြဲတည်တံ့မှုမှာ ဇနီးမောင်နှံ နှစ်ယောက်စလုံးပေါ်တွင် တည်နေပေသည်။ ပုံသေကားကျ ပြောလို့မရနိုင်ပေ။ မည်သို့ဖြစ်စေ လူသားတို့၏ သဘာဝအတိုင်း သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် အချိန်တန်လာလျှင်ကား သားသမီးတို့အား လက်ထပ်ထိမ်းမြားပေးရန် မိဘတို့၏ တာဝန်ပင်ဖြစ်ပေသည်။

လက်ထပ်ထိမ်းမြားပေးခြင်းနှင့်ပတ်သက်၍ အတွေ့အကြုံအဖြစ်စနစ်မျိုးစုံ ရှိပေသည်။ တစ်ခါတစ်ရံတွင် မိဘအချင်းချင်း သဘောတူကျေနပ်ကြသော်လည်း ကာယကံရှင် အမျိုးသားအမျိုးသမီးတို့ ဆန္ဒမတူ၍ ပြဿနာဖြစ်တတ်သည်။ ကာယကံရှင်အချင်းချင်း သဘောတူမျှသော်လည်း နှစ်ဘက်မိဘတို့၏ သဘောထားတင်းမာမှုများကြောင့် မလိုလားအပ်သည်များလည်း ဖြစ်တတ်သည်။ ဤတွင် **တစ်ဖက်နှင့်တစ်ဖက် 'အတင်အသ' 'အပေးအကမ်း' အပေါက် အလမ်းမတည့်၍ ဖြစ်ရခြင်း၊ လက်ဖွဲ့ငွေနှင့် ပစ္စည်း အဝေမတည့်၍ ဖြစ်ရခြင်း၊ လက်ထပ်ပြီးမှ လင့်ဘက်၊ မယားဘက် နယ်လုကြ၍ ဖြစ်ရခြင်းစသည့် ကိစ္စရပ်များသည် အလွန်ပင် အရုပ်ဆိုးလှ၏။ ကဲ့ရဲ့ဖွယ်ဖြစ်၏။ ရှက်ဖွယ်ဖြစ်၏။**

ဤကိစ္စရပ်များသည် သားသမီးကို သက်မဲ့ပစ္စည်းတစ်ခုလို အရောင်းအဝယ် လုပ်ကြခြင်းမျိုးသက်ရောက်နေသည်။ မေတ္တာတရား၏ အခန်းကဏ္ဍ ကွယ်ပျောက်နေသည်။ သို့အတွက် မလိုလားအပ်သော ကိစ္စရပ်များသာဖြစ်ပေသည်။

အချို့လူတွေက ငွေရှိလျှင် အထင်ကြီးတတ်ကြသည်။ ပညာတတ်လျှင် (ဘွဲ့တွေရှိလျှင်) အထင်ကြီးတတ်ကြသည်။ ရာထူးရှိလျှင် အထင်ကြီးတတ်ကြသည်။ သို့ရာတွင် ထိုကဲ့သို့ အဆင့်အတန်း (လောကအခေါ်) မြင့်သူအချင်းချင်း အိမ်ထောင်ပြုတိုင်းလည်း သာယာသည် မဟုတ်ပါ။ အဆင်မပြေကြ၊ ကွဲကြသည့်ဇာတ်လမ်းများကို ကြားဖူးကြမည်ဖြစ်ပါသည်။ တစ်ဖက်မှာကြည့်လျှင်လည်း စားဝတ်နေရေးအတွက် နေထွက်မှ နေဝင်ထိ လုံးပန်းနေရသော (လောကအခေါ်) အောက်တန်းစားအချင်းချင်း လက်ဆက်ကြပြီး သေတစ်ပန်သက်ဆုံး ချစ်ချစ်ခင်ခင် သစ္စာရှိရှိဖြင့် လက်တွဲသွားကြသူများလည်း ဒုနှင့်ဒေးရှိပါသည်။ မေတ္တာတရား၊ သစ္စာတရားတို့သည် အဆင့်အတန်းနှင့် မဆိုင်ပါ။ စိတ်နှလုံးနှင့်သာ သက်ဆိုင်ပါသည်။ တစ်ဦးနှင့် တစ်ဦး မေတ္တာနိုင်မြဲမှု၊ သစ္စာစောင့်ထိန်းမှု၊ အိမ်ထောင်ရေး ကျင့်ဝတ်စောင့်ထိန်းမှု၊ တာဝန်ကျေပွန်မှု၊ မောင်တစ်ထမ်း၊ မယ်တစ်ရွက် ညီညီညာညာ လုပ်ကိုင်ဆောင်ရွက်မှု၊ လောကဓံအတက်အကျများကို ကြံ့ကြံ့ခံနိုင်မှု၊ တစ်ဦးကိုတစ်ဦး နားလည်မှု အစရှိသည်တို့သည် တည်ငြိမ်နိုင်မြဲသော အိမ်ထောင်စု၏ အခြေခံပင်ဖြစ်ပါတော့သည်။

ယခုအထိ တင်ပြဆွေးနွေးခဲ့သော မိဘတာဝန်များမှာ ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူထားသော အချက်များဖြစ်ကြ၏။ မိဘတို့၏ တာဝန်ငါးရပ်ကား သားသမီးများကို—

- ၁ မကောင်းမှုမပြုအောင် တားမြစ်ခြင်း၊ ဆုံးမခြင်း၊
- ၂ ကောင်းရာလမ်းကို လိုက်အောင် ညွှန်ပြခြင်း၊
- ၃ အတတ်ပညာ သင်ကြားပေးခြင်း၊
- ၄ အရင်းနှီး ခွဲဝေပေးခြင်း၊
- ၅ လက်ထပ်ထိမ်းမြားပေးခြင်း တို့ဖြစ်လေသည်။

ဤမိဘတာဝန်များကို လွယ်လွယ်ကူကူ မှတ်သားနိုင်စေရန်အတွက် 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' ဟူ၍ သင်္ဂဟဆရာတော်က လင်္ကာဖွဲ့ဆိုထားလေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် မိဘတို့၏ တာဝန်ငါးရပ်ကို ပြဆိုပြီးနောက် သားသမီးတို့၏ တာဝန်ငါးရပ်ကိုလည်း ဆက်လက်၍ ဟောတော်မူသည်။ မိဘများက သားသမီးများအပေါ် တာဝန်ကျေပွန်သလို၊ သားသမီးများကလည်း မိဘများအပေါ်တွင် ကျေးဇူးသိတတ်မှုဖြင့် တာဝန်ကျေပွန်ရမည်ဖြစ်လေသည်။

## (ခ) သားသမီးတာဝန်

သားသမီး၏ **ပထမတာဝန်မှာ** မိမိအား ကျွေးမွေးပြုစုပြီး လူလားမြောက်အောင်စောင့်ရှောက်ခဲ့သော မိဘများအား မိမိက တစ်ဖန်ပြန်၍ ကျွေးမွေးပြုစု ကျေးဇူးတုံ့ပြန်ကြရန်ဖြစ်သည်။

မိဘတို့သည် သားသမီးများအပေါ်တွင် အသက်မက ချစ်ခင်ကြင်နာကြလေသည်။ မမွေးဖွားသေးမီကပင် စိတ်ကူးဖြင့် တွေးဆ၍ သားသမီးအပေါ်တွင် မေတ္တာလွှမ်းခြုံထားကြသည်။ မိခင်ဖြစ်သူသည် မိမိ၏ ဝမ်းကြာတိုက်အတွင်းမှ သန္ဓေသားအား လပေါင်းများစွာ လွယ်ထားပြီး နေပူစပ်ခါးမသွားဘဲ မသင့်တော်သော အစားအစာများကို မစားဘဲ ကိုယ်ဝန်ကို စောင့်ရှောက်ထိန်းသိမ်းရှာသည်။ အဆင်းရဲအပင်ပန်းခံရှာသည်။ မွေးဖွားလာသောအခါတွင်လည်း ရင်သွေးငယ်အား မှက်ခြင်ယင်မသန်းရအောင် စောင့်ရှောက်ရသည်။ နို့ချိုတိုက်ကျွေးမွေးမြူရသည်။ မသင့်သော အစာကိုရှောင်၍ သင့်သော အစာကို စားရသည်။ မအိပ်မနေ ပြုစုရသည်။ ဖခင်ဖြစ်သူလည်း ရင်သွေးငယ်အား ပွေ့ပိုက်ယုယ၍ ပီတိလွှမ်းနေသည်၊ ငွေကုန်ကြေးကျခံ၍ ကလေးငယ်၏ ကျန်းမာချမ်းသာရေးကို ဆောင်ရွက်သည်။ လူပင်ပန်းခြင်း၊ ငွေကုန်ခြင်းတို့ကိုပင် ပဓာနမထား၊ သားသမီးအပေါ်ချစ်သော မေတ္တာကြောင့် အမောပြေလျက်ရှိသည်။ ပျော်ရွှင်လျက်ရှိသည်။

သားသမီးမွေးလာသည်မှအစပြု၍ အချိန်တန်အရွယ်ရောက်၍ အိုးအိမ်ခွဲပြီး ဘဝကြင်ဖော်ရှာသည့်အချိန်အထိ မိဘတို့၏ တာဝန်ငါးရပ်ကို မဆုတ်မဆိုင်း၊ မတွန့်မတို၊ မခိုမကပ်ဘဲ မိဘတို့က ကျေပွန်စွာ ဆောင်ရွက်ကြလေသည်။ သားသမီးများ အိုးအိမ်ခွဲ၍ ဇနီးမယား သမီးသားတို့ဖြင့်ဖြစ်လာသောအခါတွင်လည်း 'သားသမီးအချစ်၊ မြေးအနှစ်'ဆိုသော စကားအတိုင်း ကလေးမြေးငယ်များကို ဆက်လက်၍ အချစ်ပိုပြီး ယုယပိုက်ထွေးကြရပြန်လေသည်။

မိဘတို့အဖို့ သားသမီးသည် အခရာဖြစ်၏။ အရာရာလည်း ဖြစ်၏။ မိဘတို့က သားသမီးအပေါ် ချစ်ခြင်းကို မြတ်စွာဘုရားကိုယ်တော်တိုင်ပင် အခုလိုဟောတော်မူခဲ့သည်။

'သားသမီးဟူသော ချစ်ခြင်းမေတ္တာသည် အပေါ်အရေထူကိုဖြတ်၍ အတွင်းအရေထိတိုင်အောင် ချစ်ခင်ကြလေသည်၊ အတွင်းအရေပါးကိုဖြတ်၍ အသားထိအောင် ချစ်ခင်လေသည်၊ အသားကိုပင်ဖြတ်၍ အရိုးထိအောင် ချစ်ခင်ကြလေသည်၊ အရိုးကိုပင်ဖြတ်ပြန်၍ ရိုးတွင်းခြင်ဆီကျအောင်ပင် တည်လေသည်။ (ဝိနည်းမဟာဝါ)။

ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့တွင် မိဘ၏ မေတ္တာကိုဖော်ကျူးရာတွင်—

'မိဘထံထွာ၊ သားတကာနှင့်၊ တစ်ရာနှစ်ကဲ၊ လည်ချင်းနွဲလည်း၊ ရောင့်ရဲမထင်၊ စုံမက်ကြင်၍၊ ပြုတ်ခြင်ကိုက်နှာ၊ မြူရှိမာမျှ၊ ရုံခါတစ်ဆစ်၊ မဖြစ်စေရက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်းဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြုလျက်၊ ဝတ်တုစ်ပ၊ ဆောင်ရွက်စသား၊ လုံပြေည့်တင်း၊ ပြန့်ပြူးခြင်းဖြင့်၊ မကင်းရေမိုး၊ ဥယျာဉ်ပျိုးသို့၊ မညိုးမခေါင်၊ ကြီးပြင်းအောင်လျှင်၊ စောင်စောင်ယှပ်ယှပ်၊ ကွပ်ညှပ်ဆုံးမ၊ သင်ပြသသည်၊ ငယ်ကလက်ဦးဆရာတည်း'

အလားတူပင် ပုဏ္ဏောဝါဒဆုံးမစာတွင် —

'မိနှင့်ဖ၏၊ ကြီးလှကျေးဇူး၊ သင်ပေဖူးကို၊ အထူးပြပိမ့်၊ နားနာစိမ့်လော့၊ နှစ်သိန်းလေးသောင်း၊ ပေါင်းသည့်ဤမြေ၊ ထုးထုးတေ့လည်း၊ စိမ်းရွှေထွားထွား၊ ဝါးရှက်လားသို့၊ ကြယ်များစကြဝဠာ၊ ကြီးရောလည်း၊ အပ်မှာနဖား၊ ထွင်း၏လားနှင့်၊ မပြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏၊ နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဘောင်ဘောင်နှင့်၊ ထဲချောင်သမုဒ္ဒရာ၊ ရေများစွာသည်၊ ပမာမလောက်၊ မိုးရေပေါက်သို့၊ အုံလောက်အရာ'

ဤသည်ကို 'ဓမ္မနီတိ' ဆရာက ယခုလို ရှင်းပြလေသည် —

'ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးသည် မိဘကျေးဇူးနှင့်နှိုင်းစာသော် ဝါးရွက်မျှဖြစ်၏။ ယူဇနာတစ်သန်းနှစ်သိန်းသုံးထောင်လေးရာ့ငါးဆယ် အပြောကျယ်သော စကြဝဠာတိုက်သည် မိဘကျေးဇူးနှင့် နှိုင်းမောသော် အပ်နဖားမျှသာဖြစ်၏။ ယူဇနာရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်သည် မိဘကျေးဇူးနှင့်နှိုင်းစာသော် တောင်ပို့ငယ်မျှဖြစ်၏။ ယူဇနာရှစ်သောင်းလေးထောင် အပြောဆောင်သော မဟာသမုဒ္ဒရာသည် မိဘကျေးဇူးနှင့်နှိုင်းစာသော် ရေခွက်ငယ်မျှ ဖြစ်၏'

မြတ်စွာဘုရား ဟောကြားတော်မူသော အင်္ဂုတ္တိုရ်ပါဠိတော်အရ မိဘတို့သည် သားသမီးများနှင့် စပ်လျဉ်း၍ ဗြဟ္မစိုရ်တရားလေးပါး အမြဲဖြစ်ပေါ်နေလေသည်။ ထိုသို့ဖြစ်ပေါ်ပုံကို 'ဘုရားဖြူဆရာတော်' ရေးသော 'မိဘဂုဏ်ရည်' ကျမ်းတွင် ယခုလို ရှင်းပြထားလေသည်။

၁ အမိအဖတို့သည် မမွေးဖွားသေးမီ ဝမ်း၌တည်နေစဉ်ကပင် ဘယ်နံ ရောအခါ၌ ရောဂါမရှိ၊ အင်္ဂါကြီးငယ် ပြည့်စုံစွာနှင့် ချမ်းချမ်းသာသာ ဖွားမြင်လာသော သားငယ်၊ သမီးငယ်ကို မြင်ရပါအံ့နည်းဟု မိဘတို့ အား ချစ်သော မေတ္တာစိတ်သည်ဖြစ်၏။ ထိုအခါ မေတ္တာပြဟ္မစိုရ် ဖြစ်သည်။

၂ နုငယ်သေးကွေး၊ ပက်လက်သာ အိပ်နိုင်သေးသောအခါ၌ ခြင်၊ မှက်၊ ကြမ်းပိုး စသည် ကိုက်ခဲ၍ ငိုသံကြားရလျှင် အမိအဖတို့မှာ သနားခြင်း ကရုဏာစိတ်ဖြစ်၏။ ထိုအခါ ကရုဏာပြဟ္မစိုရ်ဖြစ်သည်။

၃ စကားမပီတပီ၊ တောင်တောင် ဤဤ ပြောတတ်ခါစအရွယ်၌လည်း ကောင်း၊ ပြေးနိုင်၊ လွှားနိုင်၊ ကစားနိုင်သော အရွယ်၌လည်းကောင်း၊ ၁၅-နှစ်၊ ၁၆-နှစ်အရွယ်ရောက်၍ ကိုယ့်ကိုယ်ကို လှပယဉ်ကျေးအောင် ပြုပြင်ဆင်ယင်ထားသည်ကို မြင်ရသောအခါ၌လည်းကောင်း၊ မိဘ တို့မှာ အလွန်ဝမ်းမြောက်ခြင်း၊ မုဒိတာစိတ်ဖြစ်လေသည်။ ထိုအခါ မိဘတို့အား မုဒိတာပြဟ္မစိုရ်ဖြစ်သည်။

၄ အကြင်အခါ၌ အရွယ်ရောက်၍ အသီးအခြား အိမ်ထောင်များနှင့် ပြည့်ပြည့်စုံစုံ နေကြသည်ကိုမြင်ရ၏။ ထိုအခါ ငါတို့သားသမီးများ သည် မိမိတို့ အလိုအလျောက် မျှတအောင်နေခြင်းငှာ စွမ်းနိုင်၏ ဟု လျစ်လျူရှုသော သဘောဖြစ်၏။ ထိုအခါမှာ ဥပေက္ခာပြဟ္မစိုရ် ဖြစ်သည်။

မိဘတို့၏ ကျေးဇူးကား ကြီးမားလှပေစွ၊ ဘယ်ရွေ့ဘယ်မျှ ကြီးမားသည်ကို စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပြောမပြနိုင်ပေ။ **မိဘကို လုပ်ကျွေးခြင်းကို ဘယ်ဘာသာ၊ ဘယ်တိုင်းပြည်၊ ဘယ်လူမျိုးကမဆို ချီးမွမ်းဂုဏ်ပြုကြ၏။ မိဘကျေးဇူးဆပ်ခြင်းသည် လူသားတိုင်း၏ တာဝန်ဖြစ်သော၊ လူသားတိုင်း နှစ်သက်သော လူသားဝါဒစစ်စစ်ဖြစ်ပေသည်။** မြတ်စွာဘုရားပွင့်တော်မမူမီကပင် ရသေ့၊ ရဟန်း၊ ပညာရှိတို့သည် မိဘကို လုပ်ကျွေးပြုစုကြရန် ဟောပြော သွန်သင်ခဲ့ကြ၏။ ကဿပမြတ်စွာဘုရား သာသနာတော် ကွယ်ပျောက်ခါနီး အချိန်တွင် သားသမီးတို့က မိဘအား လုပ်ကျွေးပြုစုရန် ပျက်ကွက်ကြသဖြင့် သိကြားမင်းသည် လူ့ပြည်သို့ ဆင်းလာပြီး ခြိမ်းခြောက်ခဲ့ရကြောင်း မဟာဂဏှာ ဇာတ်တွင် တွေ့ရလေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် မိဘတို့အား လုပ်ကျွေးပြုစုကြရန် အလေးထား၍ ယခုလို ဟောကြားဆုံးမတော်မူ၏။ မိဘကို အိမ်ဦးဗြဟ္မာ၊ အိမ်ဦးနတ်၊ အလှူခံ ပုဂ္ဂိုလ်အဖြစ် တရိုတသေ လုပ်ကျွေးပြုစုရမည်။ တာဝန်ကျေရုံ ဖြစ်ကတတ်ဆန်း မပြုရပေ။ ထိုကဲ့သို့ တရိုတသေဖြင့် အမိကို လက်ယာဘက် ပခုံးပေါ်တွင် လည်းကောင်း၊ အဖကို လက်ဝဲဘက် ပခုံးပေါ်တွင်လည်းကောင်း၊ နှစ်တစ်ရာ ပတ်လုံး တင်ထားပြီး မြေဝယ်မချဘဲ လုပ်ကျွေးပြုစုပါသော်လည်း မိဘကျေးဇူး ဆပ်၍ မကုန်သေး။ လူ့လောကတွင် အမြင့်မြတ်ဆုံးဖြစ်သော စကြဝတေးမင်း စည်းစိမ်ကို ပေး၍ ချီးမြှောက်သည့်တိုင်အောင် မိဘကျေးဇူး မကုန်နိုင်သေး။ အကြောင်းသော်ကား မိဘကျေးဇူးသည် ပေးဆပ်၍ မကုန်နိုင်သောကြောင့် ပေ။ (အင်္ဂုတ္တိုရ် ပါဠိတော်)။

ဤသည်ကို ရည်၍ မန်လည်ဆရာတော်ဘုရားက မဃဒေဝလင်္ကာသစ် တွင်—

'လူ့ဘုံဌာန၊ ဤလောကဖြ၊ ဖကိုလက်ယာ၊ မိမှာလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံး ထက်တွင် တင်လျက် လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး' ဟု စပ်ဆိုတော်မူသည်။

မြတ်စွာဘုရားသည် မိဘတို့အား လုပ်ကျွေးပြုစုခြင်းကို အလွန် ချီးမွမ်းတော် မူသည်။ အလွန် လိုလားတော်မူသည်။ သို့အတွက် လုပ်ကျွေးပြုစုရမည့် နည်းလမ်းများကိုပင် အတိအကျ ဟောကြားထားတော်မူသည်။

ရင်းနည်းလမ်းမှာ —

၁။ ယာဂု၊ ထမင်း၊ ခဲဖွယ်ပေးခြင်း၊

၂။ အဖျော်ယမကာပေးခြင်း၊

၃။ အဝတ်၊ ပုဆိုး စသည် ပေးခြင်း၊

၄။ အိပ်စက်ရန် ခုတင်၊ အိပ်ရာ စသည် ပေးခြင်း၊

၅။ မကောင်းသော ကိုယ်နံ့ပျောက်အောင် အမွှေးနံ့သာဖြင့် လိမ်းကျံ ပေးခြင်း၊

၆။ အေးသော ရာသီဥတုတွင် ရေနွေးဖြင့်၊ ပူသော ရာသီဥတုတွင် ရေအေးဖြင့် ရေချိုးပေးခြင်း၊

၇။ ကိုယ်လက် အညောင်းအညာ ပြေပျောက်အောင် နှိပ်နယ်ပေးခြင်း၊

၈။ သူတစ်ပါးတို့၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်း၊

၉။ မကျန်းမမာရှိသောအခါ ဆေးဝါးကုသပေးခြင်း၊

**၁၀။** ရာသီဥတုအားလျော်စွာ ရေပူ၊ ရေအေးဖြင့် ခြေထောက်ဆေးပေးခြင်း၊
**၁၁။** အိပ်ရာဝင်လျှင် အနာကင်းစိမ့်သောငှာ ခြေဖဝါးကို ဆီလိမ်းပေးခြင်း၊
**၁၂။** မိဘတို့၏ နောက်မှ အိပ်ခြင်း၊
**၁၃။** မိဘတို့၏ အရင် အိပ်ရာမှ ထခြင်း။ (အင်္ဂုတ္တိုရ်)။

မြတ်စွာဘုရားဟောထားသော အချက် ၁၃-ချက်အတိုင်း သားသမီးတို့က လုပ်ကျွေးပြုစုမည်ဆိုပါက မိအိုဖအိုတို့အတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ စိတ်ချမ်းသာရေးတို့ အားလုံးပြည့်စုံသွားမည်ဖြစ်သည်။ ယခုခေတ်တွင် မိဘကျေးဇူးသိတတ်သော သားသမီးများရှိသကဲ့သို့ မသိတတ်သူများလည်း မရှားပေ။ မိဘများကို သားသမီးတို့က လျစ်လျူရှုထားသဖြင့် ကြီးတောင်းကြီးမှ အတိဒုက္ခရောက်နေကြခြင်းသည် အလွန်ပင်ရင်နင့်ဖွယ်ကောင်းလှပေသည်။ အချို့မှာလည်း သားသမီးအိမ်တွင် (အိမ်းဦးခန်းတွင် မဟုတ်ဘဲ) ကလေးထိန်းဘဝဖြင့် ချို့ချို့ငဲ့ငဲ့ နေကြရသည်။ အချို့လည်း မဝရေစာ စားနေကြသည်။ အချို့မှာတော့ သားသမီးကိုယုံ၍ မိမိ စုဆောင်းလာခဲ့သမျှကို ပုံပေးခဲ့ပြီးမှ သားသမီးက မသိတတ်၍ လက်ဝေခံဘဝရောက်နေကြသည်။ ဤသာဓကများ လူ့ပတ်ဝန်းကျင်တွင် များစွာ တွေ့နိုင်ပါသည်။

တကယ်တော့ လူတစ်ဦးအဖို့ မိဘလောက် ကျေးဇူးကြီးသူ မရှိတော့ပါ။ ထိုမျှကျေးဇူးရှိသည်ကို မိဘကျေးဇူး မတုံ့ပြန်လျှင်၊ (ထိုထက် ပိုဆိုးသည်မှာ) ကျေးဇူးကန်းလျှင် ထိုလူလောက် မိုက်မဲသူ၊ အောက်တန်းကျသူ မရှိနိုင်တော့ပါ။ မိဘကျေးဇူးကိုမျှ မသိတတ်သူသည် မည်သူ့ကျေးဇူးကိုမျှ သိတတ်မည်မဟုတ်ပါ။ သို့အတွက် လူပီသလိုသော လူသားတိုင်းသည် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်တိုင်း မိဘနှစ်ပါးကို ဘုရားတစ်ဆူဂူတစ်လုံးပမာ ရာသက်ပန် ပြုစုကျွေးမွေး သင့်လှပေသည်။

**ဒုတိယဖြစ်သော သားသမီးတာဝန်မှာ** မိဘတို့၏ အလုပ်အကိုင်၊ ဝေယျာဝစ္စများကို ပါဝင်ကူညီခြင်း၊ ခွဲဝေဆောင်ရွက်ခြင်းဖြစ်သည်။ ဤအချက်သည်လည်း အရေးကြီး၏။ အချို့မိသားစုများတွင် သားသမီးတို့သည် မိဘတို့အတွက် အတတ်နိုင်ဆုံး သက်သာအောင် ဝိုင်းဝန်းကူညီသည်။ လုပ်ငန်းတွင်ရော၊ အိမ်တွင်းမှုတွင်ပါ ပါဝင်ဆောင်ရွက်သည်။ မိဘ၏ လုပ်ငန်းကို ဆက်ခံသည်။ သင်ယူသည်။ မိဘများ အသက်ကြီးသွားသောအခါ ၎င်းလုပ်ငန်းကို ဆက်လက်၍ တာဝန်ယူ စီမံဆောင်ရွက်ကြသည်။ ဤသည်မှာ မြတ်စွာဘုရား၏ အဆုံးအမနှင့် ကိုက်ညီသော လုပ်ရပ်ဖြစ်လေသည်။

အချို့သားသမီးတို့သည် အလွန်ပင် လိမ္မာရေးခြားရှိသည်။ ဇွဲရှိလာဘ် မြင်သည်။ သို့အတွက် မိဘလက်ငုတ်လုပ်ငန်းကို ဆက်လက် ဆောင်ရွက် ရုံမက ပို၍ကောင်းအောင်၊ ပို၍တိုးတက်အောင်၊ ပို၍ခေတ်မီအောင် တီထွင် ကြသည်။ ကြံဆကြသည်။ ကြိုးစားကြသည်။ တစ်ခါတစ်ရံ မိဘလုပ်ငန်းသည် သားသမီးလက်ထက်ကျမှ ၎င်းတို့၏ စွမ်းရည်ကြောင့် ပိုမိုအောင်မြင်လာမှု များလည်း ရှိပေသည်။

သားသမီးများ၏ တတိယတာဝန်မှာ အထက်တွင် တင်ပြခဲ့သော သား သမီးတို့၏ တာဝန်ဝတ္တရားများ ကျေပွန်သော၊ မိဘ၏ အဆုံးအမကို လိုက်နာ သော၊ မိဘ၏ ဂုဏ်ကို ဆောင်သော၊ မိဘ၏ လက်ငုတ်ကို တိုးပွားကျယ် ပြန့်အောင်လုပ်နိုင်သော၊ မိဘကျေးဇူးကို သိတတ်သော၊ မိဘစိတ်ချမ်းသာ အောင် ဆောင်ရွက်တတ်သော အရည်အချင်းများနှင့် ပြည့်စုံသဖြင့် မိမွေ ဖမွေကို ခံထိုက်ခြင်းကိုဆိုလိုသည်။ ယခင်က တင်ပြခဲ့ပြီးဖြစ်သော 'အမွေခံ ဆိုး'များ မဖြစ်စေဘဲ 'အမွေခံကောင်း'များ ဖြစ်ရန်လိုလေသည်။

စတုတ္ထတာဝန်မှာကား မိဘနှစ်ပါး အသက်ထင်ရှား ရှိစဉ်တွင်ဖြစ်စေ၊ ကွယ်လွန်သွားပြီးသောအခါတွင်ဖြစ်စေ၊ မိမိပြုသမျှသော အလှူဒါနနှင့် အခြားကုသိုလ်ကောင်းမှုတို့အတွက် အမျှအတန်းပေးဝေခြင်းဖြစ်၏။ တကယ် တော့ အမျှပေးဝေခြင်းသည် ဗုဒ္ဓဘာသာ၏ ထူးခြားချက်တစ်ရပ်ဖြစ်လေ သည်။ ပုဂ္ဂိုလ်တစ်ဦးက မိမိ၏ ကုသိုလ်ကောင်းမှုအကျိုးကို မိမိတစ်ဦးတည်း ရရှိခံစားလိုခြင်းမရှိဘဲ အခြားသူများအား မျှဝေပေးခြင်းသည် 'ဗုဒ္ဓဘာသာ ၏ ပရဟိတအတွေးအခေါ်'ကို ဖော်ပြလျက်ရှိပေသည်။ ထိုသို့ အမျှပေးဝေ လိုက်သည်ကို ကြားရသူတို့က 'ကောင်းလေစွ၊ ကောင်းလေစွ' ဟု သာဓု ခေါ်ဆိုကြ၏။ ထိုသို့သာဓုခေါ်ဆိုချိန်တွင် ခေါ်ဆိုသူ၏ စိတ်နှလုံးအတွင်းတွင် ကောင်းသော ကုသိုလ်စိတ်တွေပွားပြီး သူလည်း အလားတူ ကုသိုလ်ရပေ သည်။ ထို့အပြင် သူလည်း အလားတူ ကုသိုလ်ကောင်းမှု ပြုချင်စိတ်များ ပေါ်ပေါက်ပေသည်။ သို့အတွက် အမျှအတန်းပေးဝေခြင်းသည် အလွန် အဓိပ္ပာယ်ရှိသော လုပ်ရပ်ဖြစ်ပေသည်။

သမိုင်းအထောက်အထားအရပြောရလျှင် မြန်မာနိုင်ငံတွင် ပုဂံခေတ် စောစောပိုင်းကပင် အမျှပေးဝေခြင်း၊ သာဓုခေါ်ခြင်းအလေ့ ထွန်းကား နေပြီဖြစ်သည်။ ထီးလိုင်းရှင်ခေါ် ကျန်စစ်သားမင်းကြီး၏ သားတော် ရာဇ ကုမာရမင်းသားသည် ခမည်းတော်မင်းကြီး 'သေခမူနာ' (သေလောက်

အောင်နာ) နေစဉ်တွင် 'မိမိအား မွေးသော မင်းကြီးကျေးဇူး အောက်မေ့ရကား' ရွှေဆင်းတုကို ဌာပနာ၍ ရွှေအထွတ်ရှိသော ဂူဘုရား (ဂူပြောက်ကြီး) ကို တည်၏။ မိမိ ခမည်းတော်ပေးထားသော ကျွန်သုံးရွာကိုလည်း လှူ၏။ ထို့နောက် ထိုကောင်းမှုကို သံဃာတော်တို့ရှေ့မှောက်တွင် ရေစက်သွန်း၍ အမျှပေးဝေသည်။ ခမည်းတော်လည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုလေသည်။ (ဂူပြောက်ကြီးကျောက်စာ)။

အလားတူပင် အလောင်းမင်းတရားကြီးသည် အထွတ်အမြတ်သို့ ရောက်လျှင် ခမည်းတော်အား မဟာသီရိဓမ္မရာဇာ၊ မယ်တော်အား သီရိမဟာဒေဝီဘွဲ့တော်များ ဆက်သည်၊ လုပ်ကျွေးပြုစုသည်။ ခမည်းတော် သက်တော် ၈၆-နှစ်တွင် ရတနာသိယ် (ရွှေဘို) မြို့တွင် အနိစ္စရောက်လျှင် ခမ်းနားကြီးကျယ်စွာ သဂြိုဟ်သည်။ သံဃာတော် ၁၀၀၀-ပင့်၍ လှူဒါန်း၊ သရဏဂုံတင်ပြီး အမျှဝေသည်။ မိဖုရားကြီးက ကျောက်စေတီတော်ပါ အုတ်ရိုးဂူနှင့် ဘုရားရှင်ရုပ်တုတော် တည်ထားကိုးကွယ်ပါသည်။ မယ်တော် သီရိမဟာဒေဝီမှာ နောင်တော်ကြီးမင်းလက်ထက် ရွှေနန်းတော်အတွင်းတွင် အနိစ္စရောက်၍ ဗဟိုစင်မြောက်ဘက်တွင် သဂြိုဟ်သည်။ ပြီးလျှင် အထွတ်ကြာငုံဖူးထု၍ ရွှေပိန်းချမှတ်တိုင်ကြီး စိုက်ထူခဲ့ပါသည်။ (ရတနာသိယ်မြို့ သမိုင်းပေမူမှ)။

သေဆုံးသွားသူတစ်ယောက်သည် မိမိ၏ ကောင်းမှု၊ မကောင်းမှုကံအား လျော်စွာ ဘဝအသစ်ဆက်၍ လည်ရလေသည်။ ထိုကဲ့သို့ သံသရာလည်ရာတွင်—

- ၁ နတ်ဖြစ်ခြင်း၊
- ၂ လူဖြစ်ခြင်း၊
- ၃ တိရစ္ဆာန်ဖြစ်ခြင်း၊
- ၄ ငရဲကျခြင်း၊
- ၅ ပြိတ္တာဖြစ်ခြင်း ဟူ၍ ဂတိ (လားရာ) ငါးမျိုးရှိလေသည်။ ၎င်းငါးမျိုးအနက် ရှေ့လေးမျိုးတွင် ဖြစ်နေလျှင် လူပြည်မှ သားသမီး ဆွေမျိုး မိတ်သင်္ဂဟတို့ အမျှအတန်းပေးဝေခြင်းကို မကြားမသိနိုင်၊ သာဓု မခေါ်နိုင်ပေ။ ပြိတ္တာဘဝရောက်နေလျှင်ကား သာဓုခေါ် ဆိုနိုင်ပြီး ချမ်းသာသော ဘုံဘဝသို့ရောက်နိုင်လေသည်။ သို့အတွက် မိမိပြုသော ကုသိုလ်ကောင်းမှု

အတွက် သေလွန်ပြီးသူများအား အမျှပေးဝေရခြင်းဖြစ်လေသည်။ ထိုပုဂ္ဂိုလ် မည်သည့်ဘုံဘဝသို့ရောက်နေသည်ကို မသိနိုင်သော်လည်း မိမိပြုသော ကုသိုလ်ကောင်းမှုအကျိုးကိုကား မလွဲမသွေ ခံစားရမည်ဖြစ်ပေသည်။

နောက်ဆုံးဖြစ်သော သားသမီးတာဝန်မှာ မိမိ၏ အမျိုးအနွယ်ကို စောင့်ရှောက်ရန်ဖြစ်သည်။ မြန်မာသမိုင်းတွင်ရှိသော အဖြစ်အပျက်တစ်ခုမှာ ပုဂံခေတ် နရသီဟပတေ့ (တရုတ်ပြေးမင်း) လက်ထက်တွင် ရာဇသင်္ကြန် အမတ်ကြီးသည် ထင်ရှားလှ၏။ အမတ်ကြီးသည် အသက် ၆၂-နှစ်အရွယ် တွင် သွေးဝမ်းကျရောဂါဖြင့် ဒလမြို့တွင် ကွယ်လွန်သည်။ ၎င်းကွယ်လွန်လျှင် သားနှစ်ယောက်သည် ဖခင်၏ အရာ (ရာဇသင်္ကြန်)ဘွဲ့ကို သူ့ရထိုက်၊ ငါရထိုက် လုကြ၏။ ထိုအကြောင်းကို မင်းကြီးကြားလျှင် 'ရာဇသင်္ကြန် အမည်ခံရုံမျှဖြင့် ကျော်စောထင်ရှားသည်မဟုတ်၊ အမည်ထင်ရှားခြင်းမှာ ဂုဏ်ကျေးဇူးရှိမှသာ ဖြစ်သည်' ဟု မိန့်တော်မူပြီးလျှင် သားအကြီးကို 'အနန္တပစ္စည်း'၊ သားငယ်ကို 'ရန္တပစ္စည်း' ဘွဲ့ အသီးသီးပေးလေသည်။ (ဦးကုလား 'မဟာရာဇဝင်ကြီး' )။

ဤတွင် မင်းကြီး၏ မိန့်ကြားချက်ဖြစ်သော 'အမည်ထင်ရှားခြင်းမှာ ဂုဏ် ကျေးဇူးရှိမှသာဖြစ်သည်' ဆိုသော စကားသည် မှတ်သားဖွယ်ကောင်းလှ၏။ လူသေသွားအခါ ကိုယ်ခန္ဓာသည် ပျက်စီးသွား၏။ သို့ရာတွင် သူ၏ ဘဝ တစ်လျှောက် ဆောင်ရွက်ချက်တို့သည်ကား မပျောက်မပျက်ဘဲ ကြွင်းကျန်ရစ် လေသည်။ သို့အတွက် လူတစ်ဦး၏ လုပ်ဆောင်ချက်အကောင်းအဆိုးတို့သည် သူ၏ သမိုင်း၊ သို့မဟုတ် ဂုဏ်သတင်းအဖြစ် တည်ရစ်လေသည်။ အာဖရိက လူမျိုးတို့၏ ဆိုရိုးစကားတစ်ခုမှာ 'လူတစ်ယောက်ကို မမေ့သေးသရွေ့ ထိုလူ မသေပါ'ဟု ဖြစ်၏။ ထူးခြားသော ပုဂ္ဂိုလ်တို့သည် လူသေသော်လည်း နာမည် မသေကြပေ။ သာမန် ရွက်ကြမ်းရေကျိုတို့သည်ကား လူသေသောအခါ ကွယ် ပျောက်သွားမည်ဖြစ်သည်။

မိဘအမွေဆက်ခံခြင်းဆိုသည်မှာ မိဘထားခဲ့သော ငွေကြေးပစ္စည်းတို့ကို သာဆိုလိုသည်မဟုတ်ပေ။ လုပ်ဆောင်ချက်၊ နာမည်၊ ဂုဏ်သတင်း၊ အကျင့် စာရိတ္တ၊ အရည်အသွေး စသည့်အချက်များကို မပျက်ရအောင် ဆက်ခံခြင်းသည် အဓိကဖြစ်သည်။ 'သားသမီးမကောင်း မိဘခေါင်း' ဆိုသော စကားအတိုင်း မလိမ္မာသော သားသမီးအတွက် မိဘများ မျက်နှာပျက်ရသည်၊ ဂုဏ်သိက္ခာကျ ရသည်။ အလားတူပင် လိမ္မာရေးခြားရှိသော သားသမီးအတွက် မိဘတို့ ဂုဏ်တက်ရလေသည်။

'လူမှာ အမျိုး၊ ကြက်မှာ အရိုး' ဟု ဆိုရိုးရှိသည်။ 'ချောင်းရိုးမြောင်းရိုးသာ တိမ်ကောရိုးရှိသည်။ လူ့အမျိုး တိမ်ကောခြင်းမရှိ' ဟုလည်း ပြောစမှတ်ပြု ကြသည်။ သားကောင်းသမီးကောင်းဆိုလျှင် မိဘခြေရာကို နင်းနိုင်ရမည်။ မိဘ ထွင်းသွားသောလမ်းကို ဆက်လျှောက်နိုင်ရမည်။ မိဘထက်မသာသည့်တိုင် မိဘ၏ မျိုးရိုးဂုဏ်သတင်း မကျဆင်းရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရပေ မည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံ တော်ကြီးကို တည်ထောင်ရာတွင် မိမိ၏ သားသမီးဆွေမျိုး၊ မိတ်သင်္ဂဟများကို အခြေခံ၍ ပင်ရင်း ၄၆-ရပ်ရွာကို မဏ္ဍိုင်ပြုပြီး စည်းရုံးခဲ့လေသည်။ မူလ ဘွဲ့ပေးခြင်းခံရသော ရဲဘော်သင်း ၆၈-ဦးတွင် အလောင်းမင်းတရားကြီး၏ ဆွေးတော်မျိုးတော်များ ပါဝင်လေသည်။ သားတော်ကြီး (သီရိသုဓမ္မရာဇာ) ဘွဲ့ခံနောင်တော်ကြီး (အလောင်းမင်းတရား နတ်ရွာစံလျှင် နန်းဆက်ခံသူ) နှင့် သားတော်လတ် သီရိဓမ္မရာဇာဘွဲ့ခံဆင်ဖြူရှင် (နောင်တော်ကြီးနောက် နန်း တက်သူ) တို့သည် ခမည်းတော် စစ်ထွက်လေရာတွင် ရှပ်ရှပ်ခွျံခွျံ လိုက်ပါအမှု ထမ်းခဲ့သော ဗိုလ်ချုပ်ကြီးများဖြစ်ကြသည်။ စစ်ပွဲတွင်သာမက တိုင်းပြည်အုပ်ချုပ် ရေးတွင်လည်း ခမည်းတော် တည်ထောင်ခဲ့သော နိုင်ငံတော်ကို ထိန်သိမ်းရုံမက ပိုမိုကျယ်ပြန့်အောင် တိုးချဲ့နိုင်ခဲ့ကြသော သားကောင်းရတနာများဖြစ်လေသည်။

သားသမီးတို့သည် မိဘ၏ အမျိုးအနွယ်ဂုဏ်သတင်းကို မညှိုးနွမ်းအောင် စောင့်ထိန်းကြရမည်။ သို့မှသာ သားစဉ်မြေးဆက် အမျိုးအနွယ်ကောင်းအဖြစ် လူအများ ချီးမွမ်းဖွယ်ဖြစ်ပေလိမ့်မည်။

မြတ်စွာဘုရားဟောကြားတော်မူသော သားသမီးတာဝန် ငါးရပ်သည် မည်သည့်ဘာသာ၊ မည်သည့်လူမျိုးမဆို ကိုက်ညီသော၊ လိုက်နာကျင့်သုံးနိုင် သော အချက်များဖြစ်၏။ ဘယ်တော့မျှ ရိုးမည်မဟုတ်သော အချက်များလည်း ဖြစ်သည်။ လူတို့ရှိနေသရွေ့ အသုံးဝင်နေမည်သာဖြစ်လေသည်။

သားသမီးတာဝန်များကို အလွယ်မှတ်သားနိုင်ရန်အတွက် 'ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ' ဟူ၍ သင်္ဂဇာဆရာတော်ကြီးက လင်္ကာဖွဲ့ဆိုထားခဲ့လေ သည်။

# မင်္ဂလာ

'မင်္ဂလာ'ဆိုသော စကားလုံးသည် ပါဠိဝေါဟာရဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အသုံးများသော စကားတစ်လုံးဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးတွေ့လျှင် 'မင်္ဂလာပါ' ဟု နှုတ်ဆက်ကြသည်။ အတန်းထဲသို့ ဆရာ၊ ဆရာမ ဝင်လာလျှင် တပည့်တို့က 'မင်္ဂလာပါ ဆရာ' ဟု ဆိုကြသည်။ 'မင်္ဂလာရှိပါစေ' ဆိုသော စာတန်းများကို နေရာတကာတွင်တွေ့ရ၏။ ယောက်ျားလေးနှင့် မိန်းကလေး လက်ထပ်ထိမ်းမြားသည်ကိုပင် 'မင်္ဂလာဆောင်သည်' ဟု သုံးနှုန်းကြသည်။ 'မင်္ဂလာ မရှိသော' (အမင်္ဂလာ) အရာကို လူတို့ရှောင်ကြဉ်ကြသည်။ လောကီရေးကိစ္စများတွင် 'အိမ်တက်မင်္ဂလာ' 'ပုခက်တင်မင်္ဂလာ' စသည်ဖြင့် သုံးကြသလိုပင် ဘာသာရေးတွင်လည်း 'အလှူတော်မင်္ဂလာ' စသည်ဖြင့် သုံးကြသည်။

'မင်္ဂလာ' ဟူသည် အဘယ်နည်း—

မင်္ဂလာဟုဆိုရာတွင် လောကီမင်္ဂလာနှင့် ဘုရားဟောမင်္ဂလာနှစ်မျိုးရှိ၏။ လောကီကျမ်းများအလိုအားဖြင့် လူတို့၏မွေးဖွားခြင်း၊ နာမည်ပေးပုခက်တင်ခြင်း၊ ထမင်းခွံ့ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း စသောအမှုကိစ္စတို့ကို မင်္ဂလာဟု ဆိုကြသည်။ ၎င်းတို့မှာ မဇ္ဈိမဒေသမှထွက်သော လောကီကျမ်းများ၏ အဆိုအမိန့်ဖြစ်ပေသည်။ အဆိုပါ မင်္ဂလာများကို လူတို့ မပြုသင့်ဟု မဆိုလိုသော်လည်း ၎င်းတို့မှာ တကယ့်လောကကြီးပွားချမ်းသာကြောင်း၊ သံသရာမှ လွတ်မြောက်ကြောင်းများ မဟုတ်ကြပေ။ အလားတူပင် ဗေဒင်အစရှိသော ကျမ်းများအရ ကောင်းသော အတိတ်နိမိတ်၊ မကောင်းသော အတိတ်နိမိတ် စသည်တို့သည်လည်းကောင်း၊ ဗေဒင်နှင့် လက္ခဏာဖတ်ခြင်း၊ ယတြာစီရင်ခြင်း၊ ဓာတ်ရိုက်ခြင်း၊ အင်းအိုင်ခလှဲ့လက်ဖွဲ့မန္တရားများ၊ အဆောင်အဖွဲ့များ ပြုလုပ်စီရင်ခြင်း၊ ကိုင်ဆောင်ခြင်း၊ အသုံးပြုခြင်း စသည်တို့သည်လည်းကောင်း မြတ်စွာဘုရားအလိုတော်ကျသည့်ကိစ္စရပ်များ မဟုတ်ကြပေ။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော 'မင်္ဂလာ'တရားတော်တို့သည်ကား လူတစ်ဦးစီ၏ ယခုဘဝတိုးတက်မှု၊ နောင်တမလွန်ချမ်းသာမှုနှင့် အဆုံးစွန်ဖြစ်သော သံသရာမှ ထွက်မြောက်ကြောင်းကို အာမခံနိုင်သည်။ တစ်ဦးတည်းမက လူ့စုလူဖွဲ့နိုင်ငံနှင့်ချီပြီး ကျင့်သုံးလျှင်လည်း အကျိုးများစေသော နည်းလမ်းများဖြစ်သည်။ အလားတူပင် ဤမင်္ဂလာတရားတော်များကို ကမ္ဘာနှင့်ချီ၍သုံးလျှင် ကမ္ဘာသူကမ္ဘာသားတို့၏ တိုးတက်ချမ်းသာမှု၊ ငြိမ်းအေးမှု၊ သာယာမှုတို့ကိုဖြစ်စေ

သည်မှာ မလွဲပေ။ သို့အတွက်လည်း သက္ကရာဇ် ၁၈၅၅-ခုနှစ်တွင် အမရပူရ ရွှေနန်းတော်၌ မင်းတုန်းမင်းကြီးက ဗြိတိသျှသံအမတ် 'ဆာအာသာဖယ်ရာ' အား 'ဤ(မင်္ဂလသုတ်)သည် ကမ္ဘာသူကမ္ဘာသားတိုင်း၏ ဖတ်စာဖြစ်နိုင်ကြောင်း' ပြောပြခဲ့လေသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဟောကြားချက်များသည် ဘာသာရေး၊ လူမျိုး၊ တိုင်းပြည်၊ ဘာသာစကား၊ အရပ်ဒေသ၊ ဓလေ့ထုံးစံ၊ ကျားမ၊ ကလေးလူကြီး၊ အသားဖြူအသားမည်း စသော ကန့်သတ်ချက်များကို လွန်မြောက်ပြီး လူသားမှန်သမျှ မည်သူမဆို ကျင့်သုံးနိုင်ကြောင်း၊ ထိုသို့ကျင့်သုံးလျှင် လူတိုင်း အကျိုးတရားခံစားရမည်ဖြစ်ကြောင်းကို ယခင်အခန်းများတွင် ထပ်တလဲလဲဆိုခဲ့ပါပြီ။ ဗုဒ္ဓ၏ မင်္ဂလာတရားတော်များသည်လည်း အလားတူပင်ဖြစ်ပါ၏။ မင်္ဂလာတရားတော်များကို မြန်မာနိုင်ငံတွင် သုံးနိုင်သကဲ့သို့ အခြားနိုင်ငံများတွင်လည်း သုံးနိုင်သည်။ မြို့ပြတွင် သုံးနိုင်သကဲ့သို့ ကျေးလက်တောရွာတွင်လည်း သုံးနိုင်သည်၊ ပူသော ဒေသတွင် သုံးနိုင်သကဲ့သို့ အေးသော ဒေသတွင်လည်း သုံးနိုင်သည်။ ကြီးငယ်မတူ၊ ကျားမ,မရွေး လူတိုင်းအတွက်ကောင်းသော တရားများဖြစ်ပါ၏။

ဥပမာတစ်ခု ဆောင်ပါဦးမည်။

အလက်ဇန္ဒားဖလဲမင်းအမည်ရှိ သိပ္ပံဆရာတစ်ယောက်က 'ပယ်နယ်စလင်' ခေါ် ပိုးသတ်ဆေး (ပဋိဇီဝဆေး) ကို တွေ့ရှိဖော်ထုတ်ခဲ့၏။ ထိုဆေး၏ အာနိသင်ကြောင့် လူသန်းပေါင်းများစွာ ရောဂါပျောက်ကင်း၍ အသက်ချမ်းသာရာရကြသည်။ တီထွင်သူသည် အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်သဖြင့် သူ၏ ဆေးကို ထိုနိုင်ငံသားတို့သာ သုံးရခြင်း မဟုတ်ပေ။ လူသားမှန်သမျှ မည်သူမဆို သုံးရသည်။ ယခုခေတ်တွင် လူသတ်ရောဂါများဖြစ်နေသော ကင်ဆာနှင့် အေအိုင်ဒီအက်စ်များအတွက်လည်း ပညာရှင်တို့ ဆေးဝါးတီထွင်နိုင်အောင် သုတေသနပြုနေကြဆဲဖြစ်၏။ ၎င်းဆေးများတွေ့လျှင် ရောဂါရှင်များ အသက်ချမ်းသာကြမည်။ ဘယ်ဘာသာကိုးကွယ်မှု၊ ဘယ်လူမျိုးမှု၊ ဘယ်တိုင်းပြည်ကမှ သုံးရမည်ဟု ကန့်သတ်ချက် မရှိပေ။

လူသားအကျိုးပြုတီထွင်မှုတွေမှာ များပြားလှပြီ။ ထိုတီထွင်မှုများကြောင့် လူသားတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးတို့ တိုးတက်ခဲ့ရ၏။ ၎င်းတို့မှာ လူသားအားလုံးနှင့် သက်ဆိုင်ပေသည်။ အလားတူပင် 'လူသား' အတွက် တကယ်အကျိုးပြုသော တရားမှန်လျှင် လူသားအားလုံးအတွက် သင့်တော်ရပေမည်။ ထိုသို့လူသားအားလုံးနှင့် မသင့်တော်ဘဲ အရပ်ဒေသတစ်ခု

သို့မဟုတ် လူမျိုးတစ်မျိုးအတွက်သာ အသုံးတည့်သော တရားဆိုလျှင် လူသား အကျိုးပြုတရား မဖြစ်နိုင်တော့ပေ။ ဤတွင် သတိပြုသင့်သော အချက်နှစ်ချက် ကို တင်ပြလိုပါသေးသည်။

**ပထမအချက်** မင်္ဂလာတရားဆိုသည်မှာ (မြတ်ဗုဒ္ဓဟောကြားတော် မူသော တရားအားလုံးကဲ့သို့ပင်) ကိုယ်တိုင် လက်တွေ့ ကျင့်ကြံပါမှ အကျိုးခံစားရမည်ဖြစ်ပါသည်။ ရွတ်ဖတ် ခြင်း၊ ဆုတောင်းခြင်း၊ ပူဇော်ပသခြင်းမျှဖြင့် အကျိုး ရလဒ် ပေါ်ထွက်မည် မဟုတ်ပါ။

**ဒုတိယအချက်** ဗုဒ္ဓဘာသာဝင်မဟုတ်သော ပုဂ္ဂိုလ်အချို့သည် ဤမင်္ဂလာတရားတော်အကြောင်းကို ကြားဖူးခြင်း မရှိ ကြသော်လည်း သူတို့၏ နေထိုင်ပြောဆိုလုပ်ကိုင်မှုမှာ ဤမင်္ဂလာတရားအတိုင်း ကိုက်ညီနေသည့်အတွက် သူတို့၏ ဘဝမှာ တိုးတက်ကြီးပွားမှုရနေကြသည်။

ဆိုလိုချက်အချုပ်မှာကား ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ဤမင်္ဂလာတရားတော်များကို ကျင့်သုံးနိုင်သည်။ ထိုသို့ လက်တွေ့ ကျင့်သုံးလျှင် မည်သူမဆို အကျိုးခံစားရမည်။ အဘယ်ကြောင့်ဆိုသော် ဤတရားသည် လူသားအကျိုးပြုတရားစစ်ဖြစ်ရသောကြောင့်ပင်။

မြန်မာနိုင်ငံတွင် ဤတရားတော်များကို လူသိများပြီးဖြစ်၏။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများတွင် ကျောင်းသားငယ်၊ ကိုရင် (သာမဏေ) ငယ်များ ဤမင်္ဂလသုတ်ကို နှုတ်တက်ကျက်မှတ်ကြရ၏၊ အနက်ပြန်ဆိုကြရ၏။ စာသင် ကျောင်းများတွင်လည်း မင်္ဂလာတရားတော်သင်တန်းများ ပေးကြသည်။ မင်္ဂလာ စာမေးပွဲများ ကျင်းပကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် မင်္ဂလသုတ်ကို ပြည့်ပြည့်ဝဝ ကျင့်သုံးရန်လိုပါသည်။ မင်္ဂလသုတ်ကိုကျင့်မှ ဗုဒ္ဓဘာသာဝင် ပီသပါမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် လူတစ်ယောက်မွေးဖွားလာသည်မှ သေသည်အထိ ဘဝတစ်လျှောက် လုံးအတွက် တိုးတက်ကြီးပွားမှုရစေရန် လမ်းညွှန်ပေးခြင်းဖြစ်သကဲ့သို့ ဘဝ သံသရာမှ ထွက်မြောက်ရေးအတွက်လည်း အခြေခံဖြစ်သောကြောင့်ပင်။ သို့ရာတွင် တချို့က မင်္ဂလသုတ်ကို 'တငယ်ပေငယ်' ဟု ထင်မှတ်နေကြ၏။ မင်္ဂလသုတ်၏ အရေးကြီးမှုကို မသိမမြင်ဘဲ ပေါ့ပေါ့တန်တန် ဖြစ်နေကြ၏။ တခြားစာကြီးပေကြီးတွေကိုသာ လျှောက်ပြောနေကြသည်။ တစ်နည်းအားဖြင့် သူတို့သည် 'အလှမ်းကျယ်၍ အလယ်လပ်' နေလေသည်။

ဤကဲ့သို့ မဖြစ်သင့်ပေ၊ မင်္ဂလာတရားတော်ကို ဗုဒ္ဓဘာသာဝင်တိုင်း၏ အခြေခံကျင့်ဝတ်အဖြစ် လိုက်နာကျင့်သုံးသင့်ကြပါသည်။ သာဓကတစ်ခုကို ကြည့်ပါ။ မင်္ဂလသုတ်တွင် လူမိုက်နှင့် မပေါင်းရန်၊ လူလိမ္မာ (ပညာရှိ) ကို မှီဝဲဆည်းကပ်ရန် အစဦးဆုံးညွှန်ပြထားသည်။ ဤအချက်နှစ်ရပ်ကို မလိုက်နာသူသည် တခြားဘာတွေ ကြီးကြီးကျယ်ကျယ်ပြောပြော၊ ဘာတွေ ကြီးကြီးကျယ်ကျယ်လုပ်လုပ်၊ မှန်ကန်နိုင်မည်မဟုတ်တော့ပေ၊ အောင်မြင်နိုင်မည် မဟုတ်တော့ပေ။ **ကမ္ဘာပေါ်မှာ အောင်မြင်နေသူတွေကိုကြည့်လိုက်လျှင် (မင်္ဂလာတရားကို သူတို့ကိုယ်တိုင် သိချင်မှသိမည်ဖြစ်သော်လည်း) ထိုတရားအတိုင်း လိုက်နာကျင့်သုံးနေသောကြောင့် အောင်မြင်ခြင်းဖြစ်ကြောင်း တွေ့ရမည်ဖြစ်လေသည်။**

ဗုဒ္ဓဘာသာဝင်များအဖို့မှာကား (မင်္ဂလာတရားတော်အပါအဝင်) မြတ်စွာဘုရား၏ တရားတော်များကို တွေ့ကြုံရခြင်းမှာ ကံထူးသည်ဟု ဆိုရပေမည်။ ထိုတရားတို့ကို လိုက်နာကျင့်သုံးရန်မှာ ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်ဖြစ်ပေသည်။ လမ်းကြောင်းလမ်းမှန်ကိုပြထား၍ တွေ့မြင်နေရပါလျက် ထိုလမ်းအတိုင်း လျှောက်မသွားလျှင် ထိုပုဂ္ဂိုလ်၏ အပြစ်သာဖြစ်၏။ မိမိ၏ ရှေ့မှာ ခူးပြီးခပ်ပြီးသား ထမင်းပွဲရှိနေပါလျက် မစားလျှင် ထိုသူ၏ ချွတ်ယွင်းချက်သာဖြစ်ပါမည်။ သို့အတွက် ဗုဒ္ဓဘာသာဝင်တို့သည် ကုသိုလ်ကံထူး၍တွေ့ကြုံလာရသော ဘုရားဟောတရားတော်တို့ကို စိတ်ရောကိုယ်ပါ လိုက်နာကျင့်သုံးသင့်လှပါသည်။

လာမည့်အခန်းများတွင် မြတ်စွာဘုရားဟောကြားထားသော မင်္ဂလာတရားများကိုတင်ပြပါမည်။ ထိုကဲ့သို့ တင်ပြရာတွင် လူ့ကျင့်ဝတ်ဆိုင်ရာနှင့် ယခုဘဝကြီးပွားတိုးတက်ရေးဆိုင်ရာ မင်္ဂလာတရားတော်များကို အဓိကထား၍ တင်ပြပါမည်။

## 'မိတ်ကောင်းဆွေကောင်း'

မြတ်စွာဘုရားသည် 'မင်္ဂလသုတ်'ကို ဟောကြားရာတွင်—

❶ လူမိုက်နှင့် မပေါင်းသင်းရန်၊

❷ ပညာရှိနှင့် ပေါင်းသင်းရန် ဆိုသော မင်္ဂလာနှစ်ပါးကို အစပြု၍ ဟောတော်မူလေသည်။ ဤအချက်မှာ အလွန်သဘာဝကျသည့်အပြင် အလွန်လည်း အရေးကြီးလှပါ၏။

လူသည် လူမှုရေးသတ္တဝါဖြစ်သည်။ အပေါင်းအသင်းအဖွဲ့အစည်းနှင့် နေတတ်သည်၊ လူသည် အထီးကျန်နေလေ့ မရှိပေ။ ကလေးဘဝအရွယ်မှစပြီး သက်ကြီးရွယ်အိုတိုင်အောင် လူမှန်သမျှ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟနှင့် နေတတ်လေသည်။ အပေါင်းအသင်း နည်းသည် များသည်သာကွာပါလိမ့်မည်။ ထိုကဲ့သို့ ပေါင်းသင်းဆက်ဆံရာ၌ ကောင်းသော မိတ်ဆွေကို ပေါင်းမိရန် အရေးကြီးလေသည်။ ထိုကဲ့သို့ မိတ်ကောင်းဆွေကောင်း ရှာဖွေရာတွင်လည်း မကောင်းသော လူမိုက်ကို ရှောင်ကြဉ်နိုင်မှသာဖြစ်ပါလိမ့်မည်။ လူမိုက်နှင့် ပေါင်းသင်းမိလျှင် သူ၏ အတုကိုလိုက်ပြီး မိမိလည်း လမ်းမှားသို့ရောက်မိတတ်သည်၊ လွဲချော်တတ်သည်။ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းမိလျှင် မိမိလည်း တိုးတက်နိုင်သည်။ အမှီကောင်းရှိခြင်းသည် ဘဝလမ်းခရီးတွင်များစွာ အထောက်အကူပြုပေသည်။ သို့အတွက် မြန်မာလူမျိုးတို့က 'အမှီမရှိလျှင် ဘုရားတောင် မပွင့်နိုင်' ဟု ဆိုလေ့ရှိကြသည်။

ဤတွင် ဝေါဟာရတို့ကို ရှင်းလင်းရန်လိုလာ၏။

မြတ်စွာဘုရားက လူမိုက်ကို 'ဗာလ' ဟူ၍လည်းကောင်း၊ ပညာရှိကို 'ပဏ္ဍိတ' ဟူ၍လည်းကောင်းသုံးစွဲခဲ့၏။ 'ဗာလ' ဆိုသည်မှာ စာပေပညာမတတ်သူကိုဆိုလိုခြင်း မဟုတ်သကဲ့သို့ 'ပဏ္ဍိတ' ဆိုသည်မှာလည်း စာပေ (အတတ်ပညာ) တတ်ကျွမ်းသူသက်သက်မျှကိုသာ မရည်ညွှန်းပေ။ မြတ်စွာဘုရား၏ ဆိုလိုချက်အရ ကောင်းသော အကြံကိုကြံစည်ခြင်း၊ ကောင်းသော စကားကို ပြောဆိုခြင်း၊ ကောင်းသော အလုပ်ကိုလုပ်ခြင်း ဤအင်္ဂါရပ်နှင့် ပြည့်စုံသူသည် 'ပဏ္ဍိတ' ဖြစ်၍ အပြန်အလှန်အားဖြင့် မကောင်းသော အကြံကိုကြံစည်ခြင်း၊ မကောင်းသော စကားကိုပြောဆိုခြင်း၊ မကောင်းသော အလုပ်ကိုလုပ်ခြင်း ဤအင်္ဂါရပ်နှင့် ပြည့်စုံသူသည် 'ဗာလ' ဖြစ်လေသည်။

ဤတွင် 'ကောင်းသော'၊ 'မကောင်းသော' ဆိုသော ဝိသေသနပုဒ်များကို ရှင်းပြရန်လိုလာပြန်၏။ 'ကောင်းသော' ဆိုသည်မှာ အဘယ်နည်း၊ 'မကောင်းသော' ဆိုသည်မှာ အဘယ်နည်း။ မြတ်စွာဘုရား၏ အလိုအားဖြင့် မိမိလည်း အကျိုးရှိ သူတစ်ပါးလည်း အကျိုးရှိစေသော အမှုကိစ္စကို 'ကောင်းသည်' ဟု ဆို၍ မိမိလည်း အကျိုးယုတ်၊ သူတစ်ပါးလည်း အကျိုးယုတ်စေသော အမှုကိစ္စကို 'မကောင်း' ဟု ဆိုသည်။

ဤအချက်ကို မျက်မှောက်ခေတ် တရားဥပဒေ၏ သဘောသဘာဝက ထောက်ခံနေပါသည်။ လူသည် အတ္တဟိတ ကိုယ်ကျိုးကို လုပ်ဆောင်ခွင့်ရှိသော်လည်း သူတစ်ပါးကို ထိခိုက်အောင်နစ်နာအောင် မလုပ်ရပေ။ လုပ်လျှင် ဥပဒေ

အရအရေးယူခြင်းခံရလိမ့်မည်။ မြတ်စွာဘုရား၏ လူ့ကျင့်ဝတ်တွင် တစ်စုံတစ်ခုသော တန်ခိုးရှင်၊ အာဏာရှင်က ပြဋ္ဌာန်းခြင်းမဟုတ်ပေ။ မိမိ၏ စိတ်ဆန္ဒအလျောက်ပြုကျင့်ရခြင်းဖြစ်ကြောင်း တင်ပြခဲ့ပါပြီ။ ကောင်းကျိုး၊ ဆိုးမှု ဖန်တီးသူမှာလည်း သူတစ်ပါးမဟုတ်ဘဲ မိမိသာလျှင်ဖြစ်၏။ မိမိပြုသော ကာယကံ၊ ဝစီကံ၊ မနောကံတို့၏ အကျိုးရလာဒ်သည် ကမ္မသဘောတရားအားဖြင့် မိမိ၏ နောက်သို့ လိုက်ပါလျက်ရှိခြင်းဖြစ်လေသည်။

'အလိမ္မာ၊ စာမှာရှိ' ဆိုသော မြန်မာစကားအတိုင်း စာပေဗဟုသုတရှိသူသည် အမှားနှင့် အမှန် ခွဲခြားနားလည်ရန် အထောက်အကူပြုမည်မှန်ပါ၏။ သို့ရာတွင် စာသက်သက်ကိုသာ သိနေပြီး ဘဝမှာ ချမသုံးလျှင် အကျိုးမရှိနိုင်ပါ။ ဘဝသည် အမှန်အမှား၏ မှတ်ကျောက်ဖြစ်သည်။ ဘဝတွင် မှန်မှန်ကန်ကန် နေတတ်ထိုင်တတ်ပြောဆိုဆက်ဆံတတ်သူကိုသာလျှင် ပညာပြည့်ဝသည်ဟုဆိုသင့်သည်။ စာတွေပေတွေ အများကြီးတတ်၊ ဗဟုသုတတွေအများကြီးရှိနေသောလည်း မိမိ၏ ဘဝတွင် အလွဲလွဲအမှားမှားဖြစ်နေလျှင် ထိုသူသည် 'ကိုယ်မှာမတတ်၊ စာသာတတ်၊ ဂါဟတ်ကိုက်တတ်သည်' ဆိုသော ဒီပဲရင်းဆရာတော်ကြီး၏ ဆုံးမစကားကဲ့သို့ ဖြစ်ရပေမည်။ အချို့မှာ 'ပညာရှိ' အခေါ်ခံထားသော်လည်း လောဘက သူတစ်ပါးထက်ကြီးမားသည်၊ ဒေါသက သူတစ်ပါးထက် ပြင်းထန်သည်၊ မောဟက သူတစ်ပါးထက် ထူပြောသည်၊ မာနက သူတစ်ပါးထက် ကျော်လွန်သည်။ ထိုပုဂ္ဂိုလ်မျိုးသည် ကြက်တူရွေးလိုစာကို ရွတ်တတ်သည့်အဆင့်အတန်းထက် မကျော်လွန်ပေ။ ထို 'စာတတ်ပုဂ္ဂိုလ်'မျိုးကို 'ပဏ္ဍိတ' ဟု မြတ်စွာဘုရားက ခေါ်သည်မဟုတ်ပေ။ ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ စိတ်ဓာတ်အရည်အချင်း မြင့်မားပြီး အမှားအမှန် ဝေဖန်ကျင့်သုံးတတ်သူကိုသာခေါ်သည်။ 'ပညာပြည့်ဝ၊ နှလုံးလှ' ဆိုသော စကားကဲ့သို့ စာပေပညာလည်း ပြည့်စုံ၊ စိတ်ဓာတ်အရည်အချင်းလည်း ပြည့်စုံလျှင်ကား ပြောဖွယ်မရှိတော့ပေ။ ထိုပုဂ္ဂိုလ်မျိုးသည် 'ဦးနှောက်အရည်အချင်း' နှင့် 'နှလုံးသားအရည်အချင်း' နှစ်မျိုးစလုံး ပြည့်စုံသူပေတည်း။

'ဗာလ' ဆိုသော ဝေါဟာရသည် ကလေးငယ်ကိုလည်း ခေါ်သေး၏။ သို့ဆိုသဖြင့် ကလေးငယ်များကိုရှောင်ကြဉ်ရန် မဟုတ်ပေ။ ကလေးငယ်များသည် အပြစ်ကင်းစင်၍ ချစ်စဖွယ်ရှိကြ၏။ သူတို့၏ ချွတ်ယွင်းချက်များမှာ ခွင့်လွှတ်နိုင်သော အရာများသာဖြစ်၏။ သို့အတွက် ကလေးများ၏ အမှားကို

မည်သူမျှ ဒွေမယူကြပေ။ သူတို့ကို လူတိုင်းချစ်ကြသည်။ ဗုဒ္ဓကျမ်းပြုပုဂ္ဂိုလ် 'ဒေါက်တာဆိုနီ'၏ ရေးသားချက်အတိုင်း 'ကလေးများ၏ ချစ်စဖွယ်များ မရှိဘဲ ကလေးများ၏ အပြစ်မျိုးတို့ဖြင့်သာ ပြည့်နှက်နေသော လူကြီးများ' ကိုသာ ရှောင်ကြဉ်ရန်ဖြစ်ပေသည်။

'ပါရှန်း' လူမျိုးတို့၏ စကားပုံတစ်ခုမှာ ဤသို့ဖြစ်၏။

၁ အကြင်သူသည် ပညာမရှိ၊ မိမိ ပညာမရှိကြောင်းကိုလည်း မသိ၊ ထိုသူသည် လူမိုက်ဖြစ်၏။ သူ့ကို ရှောင်ကြဉ်ပါ။

၂ အကြင်သူသည် ပညာမရှိ၊ မိမိ ပညာမရှိကြောင်းကိုကား သိ၏၊ ထိုသူသည် ကလေးဖြစ်၏။ သူ့ကို သင်ကြားပေးပါ။

၃ အကြင်သူသည် ပညာရှိ၏၊ မိမိ ပညာရှိကြောင်းကိုကား မသိ၊ ထိုသူသည် အိပ်ပျော်နေသူဖြစ်၏။ သူ့ကို နှိုးလိုက်ပါ။

၄ အကြင်သူသည် ပညာရှိ၏၊ မိမိပညာရှိကြောင်းကိုလည်း သိ၏၊ ထိုသူသည် တကယ့်ပညာရှိဖြစ်၏။ သူ့နောက်သို့ လိုက်ပါ။

မြတ်စွာဘုရား၏ ဟောကြားချက်တွင်လည်း "လူမိုက်သည် မိမိ မိုက်ကြောင်း၊ သိလျှင် လူလိမ္မာဖြစ်နိုင်သေး၏၊ မိမိကိုယ်မိမိ လူလိမ္မာဟု ထင်နေသော လူမိုက်သည်ကား၊ လောကမှာ အမိုက်ဆုံးဖြစ်တော့သည်။" (ဓမ္မပဒ၊ ဗာလဝဂ်)။

ရှေးခေတ်မြန်မာပညာရှိများက သူတို့၏အရေးအသားများတွင် 'ပညာရှိ' ကို 'သူတော်ကောင်း'ဆိုသော အဓိပ္ပာယ်ဖြင့် အသုံးပြုကြ၏။ ပညာရှိသည် စာပေပညာရှိရုံမျှ မဟုတ်၊ သူတော်ကောင်းပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။ သူတော်ကောင်းဆိုသည်မှာ ကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံရှိသူကို ဆိုပေသည်။ ထိုပုဂ္ဂိုလ်မျိုးကို 'ပဏ္ဍိတ'ဟု ခေါ်ခြင်းဖြစ်သည်။ ပုံစံအားဖြင့် 'ညောင်ပင်သာ ဦးပုည' ၏ 'ဩဝါဒမေတ္တာစာ' ထဲတွင်—

'ကံရှိမှ ထင်ပေါ်သည်၊ ဉာဏ်ရှိမှ ပြင်မြော်သည်၊
ကံမရှိက မထင်ပေါ်၊ ဉာဏ်မရှိက မပြင်မြော်၊
မထင်ပေါ်လျှင် ငုပ်သတဲ့၊ မပြင်မြော်လျှင် ယုတ်သတဲ့၊
မငုပ်အောင်၊ မယုတ်အောင်၊ ဉာဏ်တန်ဆောင်ကစိ၊
ပညာရှိသူတော်ကောင်း၊ကို၊ ပေါင်းဖော်လေလဟု'

စာပေပညာတတ်ရုံဖြင့် 'ပဏ္ဍိတ' မဖြစ်နိုင်သလိုပင် စာပေပညာ မတတ်သူများလည်း 'ပဏ္ဍိတ' ဖြစ်နိုင်ပါသည်။ လူတစ်ယောက်၏ တွေးကြံမှု၊ ပြော

ဆိုမှု၊ လုပ်ကိုင်မှုတို့က သူ့အား ‘ပဏ္ဍိတ’ လော ‘ဗာလ’ လော သတ်မှတ်ပါလိမ့်မည်။ ဤဘွဲ့များသည် မျိုးရိုးဇာတိကြောင့်ရခြင်းလည်း မဟုတ်၊ စည်းစိမ်ဉစ္စာကြောင့်ရခြင်းလည်း မဟုတ်၊ ရာထူးဂုဏ်သိန်ကြောင့်ရခြင်းလည်း မဟုတ်ပေ။

ဗုဒ္ဓစာပေထဲတွင် ပညာရှိ(သူတော်ကောင်း)နှင့် ပေါင်းဖော်ရ၍ ချမ်းသာရာရသူများအကြောင်းကိုလည်းကောင်း၊ လူမိုက်နှင့် ပေါင်းမိ၍ ဒုက္ခရောက်ကြရသူများအကြောင်းကိုလည်းကောင်း၊ များစွာ ပါရှိလေသည်။ အဇာတသတ်သည် ဒေဝဒတ်နှင့်ပေါင်းမိ၍ အတိဒုက္ခရောက်ရလေသည်။ ရှင်သာရိပုတြာလောင်းလျာနှင့် ရှင်မောဂ္ဂလာန်လောင်းလျာတို့သည် မူလက သိဥ္စည်းပရဗိုဇ်ထံတွင် တပည့်ခံခဲ့ကြ၏။ နောင်သောအခါ သူတို့သည် ရှင်အဿဇိ၏တရားကိုနာကြားရ၍ ဗုဒ္ဓမြတ်စွာဘုရားထံမှောက်ရောက်ရှိပြီး သာသနာတော်တွင် နေလိုလလို ထင်ရှားသော ပုဂ္ဂိုလ်များဖြစ်လာကြ၏။ သူတို့၏ စံနမူနာကိုယူရန်မှာ မိမိ၏ အပေါင်းအဖော် (ဆရာပင်ဖြစ်စေ) သည် မှားယွင်း ချွတ်ချော်နေမှန်းသိလျှင် သူတို့နှင့် ရဲရဲရင့်ရင့် လမ်းခွဲရလိမ့်မည်။ ‘ဗာလ’နှင့် လမ်းခွဲခြင်းမပြုသမျှ ‘ပဏ္ဍိတ’ ထံ ဆည်းကပ်ရန် မဖြစ်နိုင်ပေ။ ထိုသို့မဖြစ်လျှင် ကျန်သော ကိစ္စအားလုံး လွဲမှားချွတ်ချော်ကုန်ပေတော့မည်။ သို့အတွက် မြတ်စွာဘုရားက ဤမင်္ဂလာတရားနှစ်ပါးကို ရှေ့တန်းတင်ပြီး ဟောထားခြင်းဖြစ်ပေသည်။

ယခုခေတ်မှာ သိပ္ပံဆရာတွေ၊ လူမှုရေးဗေဒပညာရှင်တွေ၊ စိတ်ပညာရှင်တွေ၊ ပညာရေးသဘောတရားဆရာတွေ၊ စာရေးဆရာတွေ၊ တွေးခေါ်ရှင်တွေက ‘ဗီဇ’ နှင့် ပတ်ဝန်းကျင်အကြောင်းကို ပြောဆိုလျက်ရှိကြ၏။ ဗီဇညံ့ဖျင်းသူဖြစ်သော်လည်း ကောင်းသော ပတ်ဝန်းကျင်တွင်နေလျှင် တိုးတက်နိုင်ကြောင်း၊ ဗီဇကောင်းမွန်သူဖြစ်သော်လည်း မကောင်းသော ပတ်ဝန်းကျင်တွင်နေရလျှင် ပျက်စီးနိုင်ကြောင်း ပညာရှင်တို့ သဘောတူကြသည်။ ဤအချက်ကို မြတ်စွာဘုရားက အတိအကျ ဟောခဲ့ပြီးဖြစ်ပါသည်။ ဝိသတိနိပါတ်၊ သတ္တိဂုမ္ဗဇာတ်တွင်ပါရှိသော ကျေးသားညီနောင်တို့သည် ညီအစ်ကိုအရင်းဖြစ်သော်လည်း ရသေ့ကျောင်းမှာနေရသော ကျေးသားက ယဉ်ကျေးလိမ္မာပြီး၊ ခိုးသားဓားပြများနှင့်နေရသော ကျေးသားက မိုက်ရိုင်းဆိုးသွမ်းလေသည်။ သို့အတွက် မြတ်စွာဘုရားက ဤမင်္ဂလာနှစ်ပါးကို ဟောကြားခြင်းမှာ ကောင်းသော ပတ်ဝန်းကျင် (ကောင်းသော အပေါင်းအဖော်)ရှိမှ လူ၏တိုးတက်မှုကိုရနိုင်ကြောင်း ရှင်းလင်းပြတ်သားစွာပြဆိုခြင်းဖြစ်ပေသည်။

ဤတွင် မေးခွန်းတစ်ခုပေါ်ထွက်လာပြန်ပါသည်။

ဤလူ့လောကတွင် မိုက်မဲသူတွေ၊ လွဲချော်နေသူတွေ၊ လမ်းမှားလိုက်နေသူတွေ ရှိနေသည်။ 'လူမိုက်နှင့် မပေါင်းသင့်' ဟုဆိုလျှင် ထိုလူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံပြီး သူတို့ကို လမ်းမှန်သို့ရောက်အောင် မလုပ်ရတော့ပြီလော။ သို့ဆိုလျှင် လူဆိုးလူမိုက်တို့သည် တစ်သက်လုံး ပြုပြင်ပြောင်းလဲရန် အခွင့်အလမ်း' မရှိတော့ဘဲ ဘဝနိဂုံးချုပ်ရပေလိမ့်မည်။

ဤမေးခွန်းမှာ အလွန် မေးထိုက်သော မေးခွန်းပင်ဖြစ်ပါ၏။ မြတ်စွာဘုရား၏ စံနမူနာကိုကြည့်ပါလျှင် မြတ်စွာဘုရားသည် မိမိ၏ အကျိုး (ဗုဒ္ဓတ္တစရိယ) အတွက် ဘုရားဖြစ်အောင် ကျင့်ကြံအားထုတ်ခဲ့ပြီးနောက် ထိုတွင်ရပ်မနေဘဲ ဆွေတော်မျိုးတော်တို့၏ အကျိုး (ဉာတတ္ထစရိယ) ကိုလည်းကောင်း၊ လောကသားအားလုံး၏ အကျိုး (လောကတ္ထစရိယ) ကိုလည်းကောင်း ဆောင်ရွက်တော်မူခဲ့လေသည်။ မြတ်စွာဘုရား၏ တရားတော်သည် ကြီးမားသော မဟာကရုဏာတွင် အခြေခံပြုထား၏။ ၎င်းမှာ သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်သော ပရဟိတအတွေးအခေါ်ပင်ဖြစ်သည်။ လောကတွင် ဒုက္ခရှိနေသောကြောင့် နိရောဓကိုရှာဖွေရလေသည်။ အဝိဇ္ဇာဖုံးလွှမ်းနေသောကြောင့်သာ ဝိဇ္ဇာဉာဏ်အလင်းကို ရှာဖွေရလေသည်။ သို့ဖြစ်ပေရာ ဗုဒ္ဓတရားတော်တစ်ခုလုံးသည်ပင် ပရဟိတစိတ်ဓာတ်ကို အခြေခံထားခြင်း ဖြစ်သည့်အတွက် မိုက်မဲလမ်းမှားနေသူတို့အား ကယ်တင်ရန်သင့်ကြောင်း အထူးပြောဖွယ်မလိုတော့ပေ။

သို့ရာတွင် ထိုကဲ့သို့ လူမိုက်နှင့်ပေါင်းသင်းပြီး သူ့အား ကယ်တင်လိုသူသည် မိမိ၏ စိတ်ကိုနိုင်နင်းပြီး ဒုစရိုက်တရားတို့မကူးစက်နိုင်အောင် သိန္ဒြီး သူဖြစ်ရန်လိုလေသည်။ သူမြတ်၏ စိတ်ကို မြတ်စွာဘုရားက ကြာပန်းနှင့် ခိုင်းနှိုင်းပြခဲ့သည်။ ကြာသည် ရေထဲမှာရှိနေသော်လည်း ရေဖြင့် မစိုစွတ်ပေ။ အလားတူပင် သူတော်သူမြတ်၏ စိတ်သည် လောကထဲတွင်နေသော်လည်း လောက၏ ဒုစရိုက်တို့ဖြင့် မညစ်ညမ်းပေ။ ထိုကဲ့သို့ စိတ်ကိုအောင်နိုင်မှုရှိသူသာလျှင် ဒုစရိုက်သားနှင့် ပေါင်းသင်းပြီး သူ့ကိုကယ်တင်ရန် ကြိုးစားသင့်၏။ စိတ်ကိုမနိုင်နင်းသူက ထိုကဲ့သို့ပြုလျှင် ကိုယ်ပါ မကောင်းမှုကူးစက်ပြီး ဒုက္ခရောက်နိုင်သည်။ ဤအချက်ကို သတိပြုသင့်ပါ၏။

လောကီသားတို့မှာ အများအားဖြင့် စိတ်ကိုမနိုင်နင်းကြပေ။ လူ့စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သည်။ ကောင်းတာလုပ်ရန်တွင် အချိန်ယူပြီး

လေ့ကျင့်ရန်လိုသော်လည်း မကောင်းမှုလုပ်ရန်မှာကား ချက်ချင်းပင်ဖြစ်နိုင်လေသည်။ သို့အတွက် မြတ်စွာဘုရားက လူမိုက်နှင့် မပေါင်းသင်းခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။

## ပူဇော်ထိုက်သူ

မြတ်စွာဘုရားက လူမိုက်နှင့် မပေါင်းရန်၊ ပညာရှိကို မှီဝဲဆည်းကပ်ရန် ဟောကြားဆုံးမပြီးနောက် ပူဇော်ထိုက်သူကို ပူဇော်ရန်၊ အရိုအသေပြုထိုက်သူကို ပြုရန် ဆက်လက်၍ ဟောတော်မူသည်။ ဤအချက်မှာ ပထမမင်္ဂလာနှစ်ပါးမှဆင်းသက်လာသော သဘာဝကျသည့် အကျိုးဆက်ပင်ဖြစ်၏။ မြတ်စွာဘုရား၏ တရားတော်တို့သည် ရှေ့နောက်ဆန့်ကျင်မှု မရှိကြပေ၊ လိုက်လျောညီထွေရှိပေ၏။

လူတစ်ယောက်သည် လူမိုက်၏ အင်္ဂါရပ်များကို သိပြီး၊ လူမိုက်ကိုမပေါင်းသင်းမဆက်ဆံဘဲ (မလွဲမရှောင်သာ၍ ဆက်ဆံရသော်လည်း ကိုယ်ပေါင်းစိတ်ခွာ) နေတတ်ပြီ၊ ပညာရှိ(သူတော်ကောင်း)၏ အင်္ဂါရပ်ကိုလည်း သိပြီ၊ ပညာရှိ (သူတော်ကောင်း) ကိုလည်း မှီဝဲဆည်းကပ်တတ်ပြီ ဟုဆိုလျှင် ထိုပုဂ္ဂိုလ်အား ရိုသေလေးစား ပူဇော်မှုပြုရန် လိုအပ်လာမည်ဖြစ်ပါသည်။

ပညာရှိဆိုသည်မှာ မိမိ၏ ပညာကို တန်ဖိုးထားလေးစားတတ်သော ပတ်ဝန်းကျင်မှာသာ ပျော်မွေ့ကြသည်။ ထိုကဲ့သို့ တန်ဖိုးထားရမှန်းမသိသော နေရာမျိုး ပညာရှိတို့ မပျော်ပိုက်ကြပေ။ မိမိအတွက် အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မိမိ၏ ပညာနှင့် ဆုံးမဩဝါဒကို လိုက်နာကြ၍ လူအများ တိုးတက်မှု ချမ်းသာမှုရမည်ဆိုလျှင်လည်း ပညာရှိတို့သည် ကိုယ်ကျိုးကိုစွန့်ပြီး ဆောင်ရွက်တတ်ကြသည်။ သို့ဖြစ်လေရာ ပညာရှိတို့အား လေးစားတန်ဖိုးထားတတ်ရန်၊ ထိုက်ထိုက်တန်တန်ပူဇော်တတ်ရန် အထူးပင်လိုအပ်ပေသည်။

ဆိုဗီယက်နိုင်ငံကြီးပြိုကွဲသွားပြီး လွတ်လပ်သော နိုင်ငံများ၏ ခေါင်းကိုယ် ပေါ်ထွန်းလာ၏။ ထိုသို့ပြိုကွဲသွားခြင်း၏ အကျိုးဆက်တစ်ခုကား ယခင် ဆိုဗီယက်ယူနီယံမှ ဗျူးကလီးယားသိပ္ပံဆရာများနှင့် အတတ်ပညာရှင်များ အလုပ်လက်မဲ့ဖြစ်ကြသဖြင့် ထိုပညာရှင်များကို ငှားရမ်းပြီး ဗျူးကလီးယား

လက်နက်များ ထုတ်လုပ်ကြမည်ကို စိုးရိမ်မကင်းဖြစ်နေကြသည်။ တကယ်တော့ ထိုပညာရှင်များအား သက်ဆိုင်ရာနိုင်ငံတို့က ထိုက်ထိုက်တန်တန် မြှောက်စားချီးမြှင့်မည်ဆိုလျှင် အခြားသို့ သွားကြမည်မဟုတ်ပေ။ အခြားအကြောင်းတစ်ခုမှာလည်း သူတို့၏ ပညာကို အသုံးချခွင့်ရှိရန် သင့်တော်ရာနေရာများတွင် နေရာချထားပေးဖို့ သင့်ပေ၏။ ဤသည်မှာ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရန် လိုအပ်ပုံကို ပြသနေခြင်းဖြစ်သည်။

ဗုဒ္ဓသာသနာသမိုင်းတွင် ထင်ရှားသော သီရိဓမ္မာသောကမင်းကြီးသည် ဆရာကောင်း၏ အဆုံးအမကို ခံယူရသဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီး ဗုဒ္ဓသာသနာပြုမင်းကြီးအဖြစ်လည်းကောင်း၊ လူသားအကျိုးပြုပုဂ္ဂိုလ်ကြီးအဖြစ်လည်းကောင်း၊ ကမ္ဘာ့သမိုင်းတွင် မှတ်တမ်းတင်ခြင်းခံခဲ့ရလေသည်။ အလားတူ ပုဂ္ဂိုလ်များမှာ သီဟိုဠ်မှ ဒေဝါနံပီယတိဿမင်းနှင့် မြန်မာနိုင်ငံမှ အနော်ရထာမင်းတို့ဖြစ်၏။ ဤသာဓကများကိုကြည့်လျှင် ဆရာကောင်းကို ဆည်းကပ်ဖို့လိုအပ်ကြောင်း ထင်ရှားပေလိမ့်မည်။

လောကတွင် ပူဇော်ထိုက်သော ပုဂ္ဂိုလ်များစွာရှိပါသည်။ ဗုဒ္ဓဘာသာဝင်များအဖို့မှာ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့သည် ယခုဘဝ၊ နောင်တမလွန်ဘဝ နှစ်ဘဝစလုံးအတွက် လမ်းမှန်ကိုညွှန်ပြသည့်အပြင် သံသရာမှ ထွက်မြောက်ကြောင်းကိုလည်း ပြသဖြင့် အကြီးဆုံးသော ကျေးဇူးရှင်များဖြစ်ကြ၏။ ၎င်းတို့အပြင် မိဘဆရာသမား၊ အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးစသည့် မိမိအားအကျိုးကျေးဇူးပြုခဲ့သော ပုဂ္ဂိုလ်များသည်လည်းကောင်း၊ မိမိထက်အသက်အရွယ်၊ အရည်အချင်း၊ အတွေ့အကြုံ၊ အကျင့်စာရိတ္တပြည့်စုံသူ ကြီးမှာသူများသည်လည်းကောင်း၊ မိမိအား ရုပ်ဝတ္ထုအားဖြင့်ဖြစ်စေ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအားဖြင့်ဖြစ်စေ၊ အကျိုးပြုခဲ့သူများသည်လည်းကောင်း၊ ပူဇော်မှု ရိုသေလေးစားမှု ခံထိုက်သူများ ဖြစ်ပေသည်။

မိဘနှင့် ဆရာသမားတို့၏ ဂုဏ်ကျေးဇူးများကို ယခင်အခန်းများတွင် ပြခဲ့ပြီးပါပြီ။ အလားတူပင် မိမိအပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ အကျိုးကျေးဇူး ဖြစ်ထွန်းစေသူမှန်သမျှကို မိမိကပြန်လည်၍ ရိုသေလေးစားခြင်း၊ ကျေးဇူးတုံ့ပြန်ခြင်း၊ ပူဇော်ခြင်း ပြုသင့်ပေသည်။

လူ့လောကမှာ ခက်ခဲသော အရာသုံးမျိုးရှိသည်။ ၎င်းတို့မှာ—

❶ သူတစ်ပါးအား ကျေးဇူးပြုခဲသည်၊
❷ သူ၏ကျေးဇူးကို သိတတ်ခဲသည်၊
❸ ထိုသို့သိသည့်အတိုင်း တုံ့ပြန် (ကျေးဇူးဆပ်) ခဲသည်။

အချို့လူတို့သည် မိမိ၏လိုဘတစ်ခုကိုသာကြည့်တတ်၏။ ထိုလိုဘပြည့်ဝရေးအတွက် သူတစ်ပါး၏ အကူအညီ၊ အမအစကို ရအောင်ယူကြ၏။ ထိုသို့ရပြီး လိုဘပြည့်သွားသောအခါတွင်ကား မိမိအား ကျေးဇူးပြုသူအပေါ် ကျေးဇူးသိခြင်း၊ တုံ့ပြန်ခြင်းမပြုကြချေ။ ၎င်းမှာ လူမိုက်၏ သဘောသဘာဝဖြစ်သည်။ သူတို့သည် တိရစ္ဆာန်ထက်ပင် နိမ့်ကျသော သူများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဟိတ်တိရစ္ဆာန်များပင်လျှင် မိမိကို ကျေးဇူးပြုသူအား အသိအမှတ်ပြုတတ်သေး၏။

ထိုကဲ့သို့ မိမိ၏ ကျေးဇူးရှင်ဖြစ်သော ပူဇော်ထိုက်သည့်ပုဂ္ဂိုလ်များအား ပူဇော်မှု (ကျေးဇူးသိမှု) မရှိသူများသည် အပြစ်ဒဏ် ၁၀-မျိုးကို ခံရတတ်ကြောင်း ဗုဒ္ဓစာပေထဲတွင် တွေ့ရလေသည်။ ထိုဒဏ် ၁၀-ပါးမှာ မိမိ၏ ပျက်စီးရာပျက်စီးကြောင်းချည်းဖြစ်၏။ မျက်မှောက် မျက်မြင်အားဖြင့်လည်း ကျေးဇူးမသိတတ်သူတို့သည် သူတစ်ပါးတို့၏ အထင်အမြင်သေးမှု၊ မုန်းတီးမှုကို ခံရခြင်း၊ စိတ်ဆင်းရဲမှုဖြစ်ရခြင်း အစရှိသော ဆိုးကျိုးများ ခံစားရသည်ကို တွေ့နိုင်ကြသည်။

ကမ္ဘာပေါ်တွင် မည်သည့်တိုင်းပြည်၊ မည်သည့်လူမျိုးမဆို အရိုအသေပြုထိုက်သူကို ပြုကြသည်၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုကြသည်ချည်းဖြစ်၏။ ဤအချက်မှာ လူသားတိုင်း ပြုကျင့်ရသည့်ဝတ္တရားဖြစ်သည်။ ဤသို့ ပြုကျင့်သူမှန်သမျှကို ဘာသာလူမျိုးမရွေး ချီးကျူးကြလေသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်အရ ပူဇော်နည်းနှစ်မျိုးရှိလေသည်။ **ပထမအမျိုးအစားမှာ** တစ်စုံတစ်ခုသော ဝတ္ထုပစ္စည်း (ငွေကြေးစသည်)ဖြင့် ပူဇော်ခြင်းဖြစ်ပြီး၊ **ဒုတိယနည်းမှာ** အကျင့်အားဖြင့် ပူဇော်ခြင်းဖြစ်လေသည်။ ပထမနည်းမှာ လွယ်ကူသည်။ ဒုတိယနည်းမှာ ခက်ခဲ၍ ကြိုးစားလုပ်ဆောင်ရလေသည်။

မြတ်စွာဘုရား၏ တရားတော်များထဲတွင် ဘုရားရှင်အား ရုပ်ဝတ္ထုဖြင့် ပူဇော်ခြင်းထက်၊ ဘုရားရှင်ဟောကြားသော အကျင့်များကို ကျင့်ကြံခြင်းကို

ပို၍ လိုလားတော်မူကြောင်း တွေ့ရလေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ ခါနီးတွင် နတ်ဗြဟ္မာတို့က လွန်လွန်ကဲကဲ ပူဇော်ကြခြင်းကို မြတ်စွာဘုရားက 'အာနန္ဒာ၊ ငါဘုရားကို ဤမျှ ပူဇော်လောက် ပူဇော်ခြင်းဖြင့် ပူဇော်သည်မမည်သေး။ လောကုတ္တရာတရားကိုးပါးရကြောင်းတရားကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံး ပူဇော်ခြင်းမည်သည်' ဟု မိန့်တော်မူသည်။

ပစ္စည်းဝတ္ထုစသည်ဖြင့် ပူဇော်ခြင်းမှာ အပူဇော်ခံသူအတွက်ဖြစ်၍ ထိုပုဂ္ဂိုလ်ဆုံးမထားသည့်အတိုင်း လိုက်နာခြင်းသည် ပူဇော်သူ (မိမိ) အကျိုးအတွက်ဖြစ်လေသည်။ မြတ်စွာဘုရားဟောကြားထားသော တရားတော်များကို ကိုယ်တိုင်ကျင့်ကြံအားထုတ်လျှင် ကိုယ်တိုင်အကျိုးတရားခံစားရမည်ဖြစ်လေသည်။ အလားတူပင် မိဘဆရာသမား၊ လူကြီးသူမတို့၏ အဆုံးအမဩဝါဒအတိုင်း လိုက်နာကျင့်သုံးလျှင် ဘဝမှာ အမှားကို ရှောင်ကြဉ်နိုင်ပြီးတိုးတက်မှုရမည်ဖြစ်လေသည်။

ဗုဒ္ဓဆင်းတုတော် စသည်တို့ကို ရှိခိုးပူဇော်ရာ၌ ထိုသို့ပူဇော်ရင်း ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကိုလည်းကောင်း။ အဆုံးအမတို့ကိုလည်းကောင်း သတိရစေသဖြင့် လိုက်နာကျင့်ကြံရန် လမ်းစဖြစ်လေသည်။ အလားတူပင် မိဘ၊ ဆရာသမားတို့၏ ပုံကို ချိတ်ဆွဲထားရှိခြင်းမှာ ထိုပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကိုအောက်မေ့ရန်နှင့် ထိုပုဂ္ဂိုလ်တို့၏ အဆုံးအမဩဝါဒအတိုင်း လိုက်နာနိုင်ရန် ဖြစ်လေသည်။

မိဘ၊ ဆရာသမား၊ သက်ကြီးရွယ်အိုပုဂ္ဂိုလ်များနှင့် စာပေဗဟုသုတနှံ့စပ်သူများသည် ဘဝအတွေ့အကြုံ၊ စာပေအတွေ့အကြုံ များပြားလှ၏။ သူတို့၏ဘဝတစ်လျှောက်တွင် ကိုယ်တိုင်တွေ့ကြုံခဲ့ရသည်များရှိသလိုပင် သူတစ်ပါး၏အဖြစ်အပျက်တို့ကို တွေ့မြင်ခဲ့ရသည်များလည်း မနည်းပေ။ ထိုအတွေ့အကြုံ၊ အဖြစ်သနစ်များက လူအား သင်ခန်းစာများ ပေးနေ၏။ ပညာတွေပေးနေ၏။ ၎င်းသင်ခန်းစာများ၊ ပညာများကို သက်ကြီးမိဘတို့ထံမှရလျှင်မိမိသည် အမှားများကို ကြိုတင်၍ ရှောင်ကြဉ်နိုင်မည်၊ မှန်သော လမ်းကိုလျှောက်လှမ်းနိုင်မည်။

မီး၏ ပူပြင်းသော သဘောကို သိရန်အတွက် ကိုယ်တိုင် မီးလောင်ခံကြည့်ရန် မလိုပေ။ သူတစ်ပါး မီးလောင်ခံရ၍ ဝေဒနာခံစားရသည်ကိုကြည့်လျှင် သိနိုင်ပါသည်။ အလားတူပင် ရတနာသုံးပါး၊ ဆရာမိဘနှင့်သက်ကြီးရွယ်အိုတို့ ဆုံးမခဲ့ကြသည်များကိုနာခံပြီး၊ ဘဝ၏ ဆိုးရွားသော

အမှားများကို ရှောင်ကြဉ်နိုင်မည်ဖြစ်လေသည်။ သို့အတွက် အဆိုပါ ပုဂ္ဂိုလ်တို့၏ ကျေးဇူးကြီးမားလှသည့်အားလျော်စွာ ပူဇော်မှု၊ ရိုသေ လေးစားမှု၊ ဂုဏ်ပြုမှုကို ခံထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

## သင့်ရာအရပ်

မြတ်စွာဘုရားက

❶ လူမိုက်နှင့်မပေါင်းသင်းရန်၊

❷ ပညာရှိကို ဆည်းကပ်ရန်၊

❸ ပူဇော်ထိုက်သူကိုပူဇော်ရန် ဤမင်္ဂလာတရားသုံးပါးကို ဟောကြားပြီးနောက် သင့်လျော်ရာ အရပ်ဒေသတွင်နေရန် ဆက်လက်၍ ဟောတော်မူသည်။ ဤသည်မှာလည်း ရှေ့နောက်ဆီလျော်လှ၏။ အဘယ်ကြောင့်ဆိုသော် သင့်လျော်ရာအရပ်တွင်သာ မိမိအတွက် ပညာရှိနှင့် ပူဇော်ထိုက်သူကို တွေ့ရပေမည်။

သင့်လျော်ရာအရပ်သည် နှစ်မျိုးဖြစ်နိုင်ပါသည်။ ဓမ္မရေး (ဘာသာရေး) အားဖြင့်ဆိုရလျှင် မြတ်စွာဘုရားသာသနာထွန်းကားရာအရပ်၊ တရားတော်၊ သံဃာတော်များတည်ရှိရာအရပ်၊ စေတီပုထိုးကျောင်းကန် စသည်တို့ရှိရာအရပ်၊ တရားမှန်ကို ပြသပေးနိုင်သူတို့ရှိရာအရပ် စသည်တို့ကို သင့်လျော်ရာအရပ်ဟု ဆိုရပေမည်။

လောကရေးအားဖြင့်ဆိုရလျှင်ကား သင့်လျော်ရာ အရပ်ဟူသည်မှာ မိမိ၏ ကျန်းမာချမ်းသာကြောင်း၊ ကြီးပွားတိုးတက်ကြောင်းကို အထောက်အကူပြုနိုင်သော အရပ်ဒေသကို ယူရပေလိမ့်မည်။ ဥပမာအားဖြင့် ရာသီဥတုကောင်းမွန်ခြင်း၊ သာယာအေးချမ်းခြင်း၊ အစာရေစာပေါများခြင်း၊ မိမိ၏ အလုပ်အကိုင်နှင့် ပတ်သက်၍ အဆင်ပြေခြင်း၊ ပညာရှာဖွေသူတို့အတွက် လိုအပ်သော ပညာရနိုင်ရန် ကျောင်းများ၊ ဆရာသမားများ၊ စာအုပ်စာပေများရှိခြင်း၊ ကောင်းမွန်သော ပတ်ဝန်းကျင်ရှိခြင်း၊ ခင်မင်တတ် ဖော်ရွေတတ် ကူညီတတ်သော မိတ်ကောင်းဆွေကောင်း၊ အိမ်နီးချင်းကောင်းရှိခြင်း၊ စည်းလုံးညီညွတ်သော ရပ်ရွာရှိခြင်း၊ ခိုးသားဓားပြကင်းခြင်း စသည်စသည်

အားဖြင့် မိမိ၏ ယခုဘဝချမ်းသာရေးအတွက် အဆင်ပြေ သင့်လျော်သော အရပ်ဖြစ်ရပေမည်။

ဆင်းရဲနွမ်းပါးလှ၍ အဝတ်ကို ထည်လဲထည်လဲမဝတ်နိုင်၊ ခါးဝတ်ခါးစားသာ အနိုင်နိုင်ရှိနေသော အရပ်တွင် ခဝါသည်၊ ပင်းမင်းသည်,သည် အလုပ်လုပ်စားသူတို့ အသက်ရှင်နိုင်စရာမရှိပေ။ အလားတူပင် ကျောင်းမရှိသော နေရာတွင် ကျောင်းဆရာ မရှိနိုင်၊ မြေယာညံ့ဖျင်းလှသော နေရာတွင် ဟောင်သူကြီးတွေ မရှိနိုင်၊ ဈေးမရှိသော နေရာတွင် ရောင်းပယ်ဖောက်ကားသော ဈေးသည် မရှိနိုင်၊ ပညာလိုလားသူသည် မိမိလိုလားသော ပညာကို သင်ပေးနိုင်မည့်ဆရာသမားမရှိသော အရပ်သည် သင့်လျော်သော အရပ်မဖြစ်နိုင်ပေ၊ ဆေးဆရာ၊ ဆရာဝန်မရှိသော နေရာတွင် လူနာတို့ အသက်မရှင်နိုင်ပေ။ ဤသို့အားဖြင့် သင့်လျော်သော အရပ်သည် အမျိုးမျိုးဖြစ်နိုင်ပေသည်။

ရာသီဥတုဆိုးရွားလှသည့်အရပ်၊ ရေကြီးခြင်း၊ လျှော်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးခေါင်းခြင်း စသည့် သဘာဝဘေးအန္တရာယ်များ မကြာခဏကြုံတွေ့ရသည့်အရပ်၊ စစ်ဘေး စစ်ဒဏ်သင့်နေသော အရပ်၊ စိတ်ရင်းယုတ်ညံ့သော၊ အကျင့်ပျက်သော လူများနေထိုင်ရာအရပ်၊ အငတ်ဘေးသင့်နေသော အရပ်၊ မိမိ၏ အလုပ်အကိုင်၊ ပညာရေး၊ ကြီးပွားတိုးတက်ရေးတို့အတွက် အထောက်အကူ မပြုသည့်အရပ်များသည် နေရန်သင့်လျော်သော အရပ်များ မဟုတ်ကြပေ။

နီတိကျမ်းများ၏ အလိုအားဖြင့်—

၁ သူဌေးသူကြွယ်များရှိခြင်း၊
၂ ရဟန်းပညာရှိ၊ လူပညာရှိများ နေထိုင်ခြင်း၊
၃ အုပ်ချုပ်သူရှိခြင်း၊
၄ သွားလာဖောက်ကားရာ မြစ်ရှိခြင်း၊
၅ ဆေးဆရာကောင်းရှိခြင်း ဤအင်္ဂါငါးရပ်ပြည့်စုံသော နေရာတွင် လူတို့နေထိုင်သင့်သည်ဟု ဆိုသည်။

အပြန်အလှန်အားဖြင့်—

၁ ဥစ္စာရှိသူ မရှိ၊
၂ (ဝေဒ) ကျမ်းတတ်သူ မရှိ၊

၃ အုပ်ချုပ်သူ မရှိ၊
၄ မြစ် မရှိ၊
၅ ဆေးဆရာ မရှိ ဤအရပ်မျိုးတွင် လူတို့မနေသင့်ဟု ဆိုသည်။

တစ်နည်းအားဖြင့်လည်း—

၁ မိမိအား ချစ်ခင်မြတ်နိုးသူ မရှိ၊
၂ မိမိအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း မရှိ၊
၃ ဆွေမျိုး မိတ်သင်္ဂဟ မရှိ၊
၄ ပညာရစရာ မရှိ ဤအရပ်မျိုးတွင် လူတို့မနေသင့်ဟု ဆိုသည်။

တစ်ဖန်—

၁ အသက်မွေးမှုလုပ်ငန်း၊
၂ ကြောက်တတ်မှု၊
၃ ရှက်တတ်မှု၊
၄ တတ်သိလိမ္မာမှု၊
၅ ပေးကမ်းစွန့်ကြဲမှု ဤငါးမျိုးမရှိသော အရပ်တွင် လူတို့မနေသင့်ဟု ဆိုသည်။

တဖန်လည်း—

၁ ကြွေးပေးသူ၊
၂ (ဝေဒ) ကျမ်းတတ်၊
၃ မြစ်၊
၄ ဆေးဆရာ ဤလေးမျိုးမရှိသော အရပ်တွင် လူတို့မနေသင့်ဟု ဆိုသည်။

အချုပ်အားဖြင့်ကား မိမိအတွက် ကုသိုလ်သော်လည်းကောင်း၊ ပညာသော်လည်းကောင်း၊ ဥစ္စာသော်လည်းကောင်း၊ ကျန်းမာရေးသော်လည်းကောင်း ရရာရကြောင်းဖြစ်နိုင်သည့်အရပ်သည် သင့်လျော်သော အရပ်ဖြစ်ပြီး၊ ထိုသို့ မရနိုင်သော အရပ်သည် မနေအပ်သော အရပ်ဖြစ်လေသည်။ ဤတွင် 'ကန်တွင်းဆရာတော်' ၏ အောက်ပါကဗျာကို သတိရဖွယ်ဖြစ်ပေသည်။

'ကုသိုလ်ပညာ၊ ကိုယ်ကျန်းမာနှင့်၊
ဥစ္စာ၊ တန်ခိုး၊ တစ်မျိုးမျိုးမှ၊
မတိုးမတက်၊ ထိုနေ့တွက်၊
သက်သက်ဝမ်းနည်းဖွယ်'

သင့်လျော်ရာအရပ်နှင့် ပတ်သက်၍ အချက်နှစ်ရပ်ကို သတိပြုသင့်ပေသည်။

**ပထမအချက်** မိမိနေထိုင်ရာအရပ်သည် သင့်လျော်သော အရပ်ဖြစ်ငြားသော်လည်း မိမိက ကြိုးစားအားထုတ်မှု၊ ကျင့်သုံးမှုရှိပါမှ မိမိအတွက် အကျိုးရှိပေလိမ့်မည်။ ဥပမာအားဖြင့် ပညာရှိနေထိုင်သော အရပ်တွင် နေသော်လည်း မိမိက ပညာရှိကို ဆည်းကပ်မှ၊ လေ့လာမှ သူ၏ ပညာကိုရပါမည်။ ထိုသို့ မလေ့လာလျှင် 'ယောက်မ ဟင်းကို၊ ချဉ်ချိုမသိ' ဆိုသကဲ့သို့ ပညာရှိနားမှာနေရသော်လည်း ပညာကို ရမည်မဟုတ်ပေ။ သို့အတွက် အရပ်ဒေသကောင်းသော်လည်း နေထိုင်သူကောင်းရန်လည်း လိုလေသည်။

**ဒုတိယအချက်** သင့်လျော်သော အရပ်ဒေသ မဟုတ်သော်လည်း ထိုအရပ်တွင် နေထိုင်သူတို့က အမြော်အမြင်ရှိရှိ ကြိုးစားလျှင် သင့်လျော်သော အရပ်ဖြစ်လာနိုင်ပေသည်။ ဥပမာအားဖြင့် ဘုရားစေတီ မရှိသေးလျှင် ဘုရားတည်ခြင်း၊ ဘုန်းကြီးကျောင်း မရှိသေးလျှင် ကျောင်းဆောက်ခြင်း၊ စာသင်ကျောင်းထောင်ခြင်း၊ ဆေးပေးခန်းဖွင့်ခြင်း၊ လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်းစသည်တို့ကို ရပ်သူရွာသားတို့၏ အချိန်၊ လုပ်အား၊ ငွေကြေးတို့ဖြင့် စုပေါင်းအကောင်အထည်ဖော် အောင်မြင်ခဲ့သော သာဓကများစွာရှိပေသည်။ ထိုနည်းအားဖြင့် မိမိနေထိုင်ရာအရပ်ကို ကောင်းမွန်အောင်၊ တိုးတက်အောင်၊ သင့်လျော်သော အရပ်ဖြစ်အောင် ဆောင်ရွက်နိုင်ကြပါသည်။ ဆောင်လည်း ဆောင်ရွက်သင့်ကြပါသည်။

မြန်မာစကားတွင် 'ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရမည်' ဟုရှိ၏။ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဟုလည်း ဆိုသည်။ မိမိနေထိုင်သော အရပ်ဒေသသည် မိမိအတွက် သင့်တင့်လျောက်ပတ်မှု မရှိပါက ကောင်းမွန်သင့်လျော်သော အရပ်သို့ ရွှေ့ပြောင်းရမည်သာဖြစ်သည်။ သို့မှသာ တိုးတက်မှု အောင်မြင်မှုကို ရလိမ့်မည်။ ရှေးယခင်အခါကမူ လူတို့သည် မိမိ၏ ဇာတိမြေကို အစွဲအလမ်းကြီးမားကြသဖြင့် စွန့်ခွာသွားရန် ဝန်လေးတတ်ကြ၏။ ကိုယ့်နေရာလေးမှာပဲ ခေါင်းချချင်ကြ၏။ သို့အတွက် တိုးတက်မှု

နည်းပါးရသည်။ ယခုခေတ်မှာကား လူတို့သည် စွန့်စားလိုစိတ်၊ စူးစမ်းလိုစိတ် ထက်သန်လာကြသဖြင့် မိမိရပ်ရွာကို စွန့်ခွာပြီး မြို့ကြီးပြကြီးများသို့ ပြောင်း ရွှေ့ကြသည်။ နိုင်ငံရပ်ခြားသို့လည်း သွားကြသည်။ သို့အတွက် အသိအမြင် ကျယ်လာပြီး တိုးတက်မှု၊ အောင်မြင်မှု ပို၍ ရကြလေသည်။ ထိုကဲ့သို့ ပြုကျင့် ခြင်းမှာကောင်းပါ၏၊ သို့ရာတွင် ထိုကဲ့သို့ တစ်ရပ်တစ်ပါးသို့ သွားရောက် ကြိုးစားလုပ်ကိုင်၍ ဥစ္စာသော်လည်းကောင်း၊ ပညာသော်လည်းကောင်း၊ ရာထူးဌာနန္တရသော်လည်းကောင်း ရရှိလာသူတို့သည် မိမိတို့၏ ဇာတိမြေကို မေ့ပျောက်မသွားသင့်ပေ။ လျစ်လျူရှုမထားသင့်ပေ။ ကိုယ်မြေဒေသကို တိုးတက်လာအောင် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ပေး သင့်လေသည်။ ဤနည်းဖြင့် မိမိ၏ အရပ်ဒေသသည် ဖွံ့ဖြိုးတိုးတက်ပြီး နေထိုင်ရန် သင့်လျော်သော အရပ်ဖြစ်လာပေလိမ့်မည်။

## ကံ၊ ဉာဏ်၊ ဝိရိယ

ယခင်က ပြုခဲ့ဖူးသော ကောင်းမှု (ကံ) ရှိခြင်းကို မင်္ဂလာတစ်ပါးဟု မြတ်စွာဘုရားက ဟောတော်မူသည်။ ဤနေရာတွင် ကံအကြောင်းကို ရှင်းပြ ရန် အကြောင်းတိုက်ဆိုင်လာပါသည်။

'ကံ' ဆိုသည်မှာ ပါဠိဝေါဟာရဖြစ်သော 'ကမ္မ' မှ ဆင်းသက်လာခြင်း ဖြစ်ပြီး 'အလုပ်' ကို ဆိုလိုသည်။ အလုပ်ဟုဆိုရာတွင် လူတစ်ယောက်၏ တွေးကြံမှု (မနောကံ)၊ ပြောဆိုမှု (ဝစီကံ) နှင့် လုပ်ဆောင်မှု (ကာယကံ)ကို ခေါ်ခြင်းဖြစ်သည်။ ထိုကံတို့သည်လည်း တစ်စုံတစ်ခုသော ရည်ရွယ်ရင်း စေတနာဖြင့်ပြုမှ 'ကံ' အရာမြောက်သည်။ စေတနာမပါသော လုပ်ရပ်သည် 'ကံ' မဖြစ်ပါ။ အလွယ်ဆုံး ဥပမာပြရသော် သူ့အသက်ကို တမင်ရည်ရွယ်၍ သတ်လျှင် ကံဖြစ်သည်၊ မရည်ရွယ်ဘဲ (ခြေဖြင့် နင်းမိ၍) သေသွားခြင်းသည် ကံမဖြစ်ပါ။

ကံကိုနှစ်မျိုးခွဲနိုင်သည်။ ကောင်းသော စေတနာဖြင့်ပြုလျှင် 'ကုသိုလ်ကံ' ဖြစ်ပြီး၊ မကောင်းသော စေတနာဖြင့်ပြုလျှင် 'အကုသိုလ်ကံ' ဖြစ်သည်။ သို့အတွက် လူတစ်ယောက် 'ကုသိုလ်ကံကောင်းတယ်' ဟု ပြောခြင်းမှာ သူလုပ်သော အလုပ်များ ကောင်းသည်ဟု ဆိုရာရောက်လေသည်။

ကံတစ်ခုတွင် အကျိုး (ကမ္မဖလ) ရှိသည်၊ ကံကြောင့် အကျိုးတွေ ပေါ်နေခြင်းဖြစ်သည်။ ထိုအကျိုးတွေပေါ်အောင် မိမိကိုယ်တိုင်လုပ်နေခြင်း ဖြစ်ပြီး မည်သူမည်ဝါကမျှ ဖန်ဆင်းပေးခြင်းမဟုတ်ပေ။ ကျောင်းသား တစ်ယောက် ကောလိပ်သို့ရောက်လာခြင်းမှာ သူငယ်တန်းမှ ဒသမတန်း အထိ စာကြိုးစားခဲ့သော သူ၏ အလုပ်ရလဒ်ပင်ဖြစ်၏။ သူငယ်တန်းမှ ဒသမတန်းအထိ အဆင့်ဆင့်အောင်မြင်အောင် မလုပ်ခဲ့သော ကျောင်းသား အား ဘယ်သူမျှ ကောလိပ်ရောက်အောင် ပို့မပေးနိုင်ပါ။

ဈေးသည်တစ်ယောက်သည် မနေ့က ငွေတစ်သောင်းဖိုး ကုန်ပစ္စည်း ဝယ်ပြီး ဆိုင်ပေါ်တင်လိုက်သည်။ ယနေ့ ထိုကုန်များကိုရောင်းရသဖြင့် ငွေ ငါးရာမြတ်လေသည်။ ဤတွင် မနေ့က ငွေရင်းမြှုပ်နှံလိုက်ခြင်းသည် အတိတ် ကံဖြစ်၏။ ထိုအတိတ်ကံကြောင့် ယနေ့ ငွေငါးရာမြတ်သော ကံ၏အကျိုးကို ရလေသည်။ သူသည် ယနေ့ ထပ်ပြီးကုန်တွေဝယ်ပြန်သည်။ ထိုကုန်တွေကို နက်ဖြန်တွင်ရောင်းရလျှင် အလားတူ အမြတ်ရဦးမည်။ ဤနည်းအားဖြင့် အတိတ်ကံကြောင့် ပစ္စုပ္ပန်တွင် အကျိုးပေါ်သည်၊ ပစ္စုပ္ပန်ကံကြောင့် အနာဂတ်မှာ အကျိုးပေါ်မည်။ ဤဖြစ်စဉ်သည် မွေးသည်မှ သေသည်အထိ မရပ်မနားဖြစ်နေ၏။ ဤအချက်ကို နားလည်နိုင်လျှင် တစ်ဆင့်တက်၍ စဉ်းစားရန် အခက်အခဲ မရှိတော့ပါ။

ဗုဒ္ဓတရားတော်အရ လူသည် မွေးသည်မှ သေသည်အထိသာ မဟုတ် ပေ။ မမွေးခင် ဟိုမှာဘက်မှလာခဲ့ပြီး သေပြီးနောက် ဟိုမှာဘက်သို့ ဆက်သွား လိမ့်ဦးမည်။ လူတစ်ယောက်နှင့် တစ်ယောက် မွေးလာရပုံချင်း (ဘဝပေး အခြေအနေချင်း) မတူကြပါ။ အချို့က ချမ်းသာသော မိဘတွင်၊ အချို့က ဆင်းရဲသော မိဘတွင်၊ အချို့က ကျန်းကျန်းမာမာ၊ အချို့က ချူချူချာချာ၊ အချို့က အသားဖြူဖြူ၊ အချို့က အသားမည်းမည်း၊ အချို့က ဝဝဖြိုးဖြိုး၊ အချို့က ပိန်ပိန်လှီလှီ၊ အချို့က ကိုယ်အင်္ဂါစုံလင်စွာ၊ အချို့က ကိုယ်အင်္ဂါ ချို့တဲ့စွာ ဤသို့ ခြားနားစွာ မွေးလာရသည်။ ထိုခြားနားချက်ကို မည်သူ ဖန်တီးသနည်း။ ဤမေးခွန်းကို သိပ္ပံပညာကသော်လည်းကောင်း၊ ဒဿန ပညာကသော်လည်းကောင်း၊ နိုင်ငံရေးဝါဒကသော်လည်းကောင်း မဖြေကြား နိုင်ပါ။ ၎င်းတို့သည် ယခုဘဝနှင့်ပတ်သက်၍သာ ပြောနိုင်ကြပါသည်။

ဤမေးခွန်းကို ဗုဒ္ဓမြတ်စွာဘုရား၏ ကမ္မသဘောတရားက ကျေနပ် အောင်ဖြေနိုင်ပါသည်။ ကမ္မသဘောတရားအရ မနေ့က လုပ်ရပ်ကြောင့်

ယနေ့အကျိုးပေါ်ရသလိုပင်၊ ယခင်ဘဝက ပြုခဲ့မှု (အတိတ်ကံ)ကြောင့် ယခုဘဝတွင် ထိုမွေးဖွားလာသော အခြေအနေများ အကျိုးအဖြစ်ပေါ်ရခြင်း ဖြစ်ပါသည်။ ထိုအခြေအနေကို မည်သည့်ပုဂ္ဂိုလ်မျှ မပြုပြင်နိုင်ပါ။ ကိုယ်အင်္ဂါချို့တဲ့ပြီး (ဥပမာ-မျက်စိတစ်ဖက် မကောင်းဘဲ) မွေးဖွားလာရသော ကလေးငယ်ကို မည်သည့်ဆရာဝန်၊ မည်သည့်ပါရဂူမျှ အကောင်းပကတိဖြစ်အောင် မလုပ်နိုင်ပါ။ ၎င်းမှာ သူ၏ အတိတ်ကံကြောင့်ဖြစ်ရပါသည်။

မြတ်စွာဘုရား၏ ဟောကြားချက်အရ အတိတ်ဘဝကံ၏ ထင်ပာပ်ပြသသော ယခုဘဝအခြေအနေများမှာ—

၁ ရှေးဘဝက သူ့အသက်ကို သတ်ခဲ့သူသည် ယခုဘဝမှာ အသက်တို၏၊ သူတစ်ပါးအား သနားညှာတာခဲ့သူသည် အသက်ရှည်တတ်၏။

အလားတူပင်—

၂ ရှေးဘဝက သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းခဲ့သူသည် ယခုဘဝမှာ ရောဂါများတတ်၏၊ ထိုသို့မညှဉ်းဆဲခဲ့သူသည် ရောဂါနည်းတတ်၏။

၃ ရှေးဘဝက ဒေါသအားကြီးခဲ့သူသည် ယခုဘဝတွင် အရုပ်ဆိုးတတ်၏။ ထိုသို့ ဒေါသမကြီးခဲ့သူသည် အဆင်းလှတတ်၏။

၄ ရှေးဘဝက သူတစ်ပါးအား မနာလိုခဲ့သူသည် ယခုဘဝတွင် အခြွေအရံ နည်းတတ်၏။ ထိုသို့ မဖြစ်ခဲ့သူမှာ အခြွေအရံ ပေါတတ်၏။

၅ ရှေးဘဝက သူတစ်ပါးအား ပေးကမ်းခဲ့သူသည် ယခုဘဝတွင် ဥစ္စာပေါတတ်၏။ ထိုသို့မပေးကမ်းခဲ့သူသည် ဥစ္စာရှားတတ်၏။

၆ ရှေးဘဝက သူတစ်ပါးအား လေးလေးစားစား ဆက်ဆံခဲ့သူသည် ယခုဘဝတွင် အထက်တန်း၌ဖြစ်တတ်၏။ ထိုသို့မဟုတ်ဘဲ ကိုယ့်ကိုယ်ကို အထင်ကြီး မောက်မာတတ်သူသည် အောက်တန်း၌ ဖြစ်တတ်၏။

၇ ရှေးဘဝက သူတစ်ပါးအား သင်ကြားပြသပေးခဲ့သူသည် ယခုဘဝတွင် ပညာရှိတတ်၏။ ထိုသို့ သင်ကြားမပေးခဲ့သူသည် ယခုဘဝမှာ ပညာမဲ့တတ်၏။

ယခုလို အတိတ်ကံကြောင့်ဖြစ်ရသည်ဟုဆိုပါလျှင် လူသည် ယခုဘဝတွင် ဘာမျှ မတတ်နိုင်တော့ပြီလော။ အတိတ်ကံပြုသမျှ နေရတော့မည်လော။

**ဤသို့ကား မဟုတ်ပါ။ အတိတ်ကံကို ပစ္စုပ္ပန်မှ လူ၏ဉာဏ်နှင့် ဝီရိယတို့က ဝိုင်းကူအားဖြည့်မှ ပြည့်ပြည့်ဝဝ အကျိုးပေးနိုင်ပါသည်။** အလွယ်ဆုံးပြရလျှင်— လူတစ်ယောက်သည် ထီပေါက်ရန် အတိတ်ကံ (အတိတ်ဘဝက ပြုခဲ့သောကောင်းမှု) ပါလာသည်ဖြစ်သော်လည်း ယခုဘဝတွင် ထီထိုးရန်လိုအပ်သည်ကို သိတတ်သော ဉာဏ်၊ ထီထိုးနိုင်အောင် ကြိုးစားအားထုတ်သော ဝီရိယမရှိသဖြင့် ထီမထိုးဖြစ်ခဲ့ပါလျှင် သူ၏ အတိတ်ကံ ဘယ်လိုပင်ကောင်းသော်လည်း ထီပေါက်ရန်အကြောင်းမရှိတော့ပါ။

အတိတ်ကံသည် သုံးမျိုးရှိနိုင်ပါသည်။

၁ ကြီးမားသော ကံ၊
၂ အလယ်အလတ်ဖြစ်သော ကံ၊
၃ ညံ့ဖျင်းသော ကံ၊

အလားတူပင် ပစ္စုပ္ပန်ကံ (ဉာဏ်နှင့် ဝီရိယ) သည်လည်း သုံးမျိုးပင်ရှိနိုင်ပါသည်။

၁ တိုးတက်လောက်အောင် အားထုတ်သော ကံ။
၂ တည်တံ့လောက်ရုံသာ အားထုတ်သော ကံ။
၃ ဆုတ်ယုတ်အောင် အားထုတ်သော ကံ။

ထိုအတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့ပေါင်းစပ်ဖြစ်ပေါ်လာသောအခါ အတိတ်ကံကြီးသူတစ်ယောက်သည်—

၁ ပစ္စုပ္ပန်တွင် တိုးတက်အောင် အားထုတ်လျှင် ပို၍ တိုးတက်ကြီးပွားမည်။
၂ ပစ္စုပ္ပန်တွင် အသင့်အတင့်အားထုတ်လျှင် အခြေအနေ တည်တံ့ရုံသာရှိမည်၊
၃ ပစ္စုပ္ပန်တွင် အားထုတ်မှုညံ့ဖျင်းလျှင် လက်ရှိအခြေအနေထက် ဆုတ်ယုတ်ကျဆင်းသွားမည်။

(ပစ္စုပ္ပန်ကံဆိုသည်မှာ ဉာဏ်နှင့် ဝီရိယကို ဆိုလိုပါသည်။)

ဥပမာအားဖြင့် အတိတ်ကံကောင်းခဲ့၍ ချမ်းသာသော မိဘတွင်ဖြစ်ရပြီး အမွေအနှစ် များစွာရခဲ့သူသည် ကိုယ်တိုင် ဆက်လက်၍ ကြိုးစားအားထုတ် လုပ်ကိုင်မှသာ တိုးတက်မည်။ သင့်ရုံလောက်သာလုပ်လျှင် မိဘလက်ငုတ် ထက် မလျော့ရုံသာရှိမည်၊ တိုးတက်မည် မဟုတ်ပေ။ ထို့ထက်ဆိုးသည်မှာ မိဘအမွေကို မထိန်းသိမ်းတတ်၊ မစီမံတတ်၊ တိုးတက်ကြီးပွားအောင် မလုပ် တတ်သည့်အပြင် ရှိတာကိုထိုင်ပြီး သုံးလိုက် ဖြုန်းလိုက်လုပ်နေမည်ဆိုလျှင် မိဘထားခဲ့သော အမွေတွေကုန်ပြီး နောက်ဆုံး သူတစ်ပါးထံ လက်ဖြန့်ခံ တောင်းရသော ဘဝကိုရောက်ပေလိမ့်မည်။ ဤအချက်နှင့် ပတ်သက်၍ လူ့လောကတွင် သာဓကများစွာ တွေ့နိုင်ပါသည်။

အတိတ်ကံအလယ်အလတ်ရှိသူနှင့် အတိတ်ကံညံ့ဖျင်းသူတို့သည်လည်း အလားတူပင်ဖြစ်၏။ **အတိတ်ကံ ညံ့ဖျင်းသူဖြစ်စေကာမူ ယခုဘဝတွင် ကြိုးစား အားထုတ်မှုကြီးလျှင် တိုးတက်ကြီးပွားပြီး အထက်တန်းသို့ ရောက်နိုင်ပါသည်။** ဤအချက်မှာလည်း ကမ္ဘာ့သာဓက၊ မြန်မာ့သာဓကများစွာတွင် တွေ့နိုင်ပါ သည်။

ဤရှင်းလင်းချက်များအရ လူသည် အတိတ်ကံစီမံသမျှကို ခေါင်းငုံ့ခံရသူ မဟုတ်ကြောင်း ထင်ရှားလာပါသည်။ ဗုဒ္ဓတရားတော်အရ လူသည် ကိုယ့် ဘဝကိုယ်ဖန်တီးနိုင်သူဖြစ်၏။ လူသည် မိမိ၏ အရှင်သခင်ဖြစ်၏။ 'မိမိမှ တစ်ပါး အခြားကိုးကွယ်အားထားစရာမရှိ' ဟု မြတ်စွာဘုရားက ရှင်းလင်း ပြတ်သားစွာ ဟောတော်မူခဲ့ပြီးဖြစ်သည်။ လူသည် ဘဝခရီး၏ တာထွက်ဖြစ် သော ပဋိသန္ဓေကံကို ပြုပြင်စီမံခြင်း မပြုနိုင်သော်လည်း ကျန်သော ဘဝ တစ်လျှောက်လုံးတွင် မသေမချင်း ကိုယ့်ဘဝကို ကိုယ်ကြိုက်သလို ဖန်တီးခွင့် ရှိပါသည်။ ထိုဖန်တီးချက်၊ ထိုကြိုးစားအားထုတ်ချက်၊ ထိုဉာဏ်နှင့် ဝီရိယ တို့သည် ယခုဘဝအတွက် သူ့အားကောင်းကျိုးပြုမည်ဖြစ်သကဲ့သို့ အနာဂတ် ဘဝတွင်လည်း ကံ၏ အကျိုးတရားအဖြစ် အထောက်အပံ့ပြုနေမည်မှာ မလွဲသေချာ နေပါတော့သည်။

# ဓမ္မအလင်းသစ်
ဓမ္မရသစာစု

**The New Rays of Dhamma**




ဓမ္မအလင်းသစ် က စီစဉ်တဲ့ ဓမ္မလက်ဆောင်စာအုပ်များကို သင် ဓမ္မလက်ဆောင်အဖြစ်ပဲပေးပေး၊ ဘာသာရေးအသင်းအဖွဲ့တွေကပဲ ဆုအဖြစ်ပေးပေး၊ ပေးတဲ့သူပဲဖြစ်ဖြစ်၊ ရယူလိုက်တဲ့သူပဲဖြစ်ဖြစ် ထိုက်ထိုက်တန်တန်ရစေမယ့် ဓမ္မလက်ဆောင်စာအုပ်များကို အတွဲများဖြင့် ဖြန့်ချိပေးနေပြီ။ ဘာသာရေးအသင်းများအတွက် အထူးဈေးနှုန်း။

ဆက်သွယ် မှာကြားနိုင်ပြီ။

**ဖြန့်ချိရေး**

မိုးကျော်သူစာပေ (ရန်ကုန်)
အမှတ် ၁၈၈၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁ - ၃၈၄၂၁၉။

ထွန်းဦးစာပေ (မန္တလေး)
ဖုန်း ၀၂ - ၃၉၈၀၁၊ ၃၉၈၉၁။



# နှစ်ဆယ့်တစ်ရာစု
နှင့်
# ဗုဒ္ဓတရားတော်

ဦးသန်းထွန်း(ရွှေဘို)

2007. Design : Dynasty Media House